မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၂)
အမှတ် (၂၂၂)

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

၂၀၁၃ ခုနှစ်၊ မေ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့။

ဒို့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

မိမိတို့၌ နာဂစ်အတွေ့အကြုံများရှိပြီးဖြစ်ရာ စနစ်တကျစီမံဆောင်ရွက်သွားရန်လို

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆိုင်ကလုန်းမုန်တိုင်း မဟာစင်နှင့် ပတ်သက်သည့် ကြိုတင်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၄

သဘာဝဘေးအန္တရာယ်သည် တားဆီး၍မရနိုင်သည့် အန္တရာယ်ဖြစ်သော်လည်း ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်မှုများဖြင့် ရင်ဆိုင်ကျော်လွှားရမည်ဖြစ်ကြောင်းဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့ နံနက်ပိုင်းက ကျင်းပသည့် ဆိုင်ကလုန်းမုန်တိုင်းမဟာစင်နှင့်ပတ်သက်သည့် ကြိုတင်ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

အဆိုပါညှိနှိုင်းအစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညွန့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ ယခုအစည်းအဝေးမှာ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးဖြစ်ကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်းမဟာစင်သည် မေ ၁၅ ရက်နှင့် ၁၆ ရက်ခန့်တွင် ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု မိုးလေဝသသတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယင်းမုန်တိုင်းသတင်းများနှင့်ပတ်သက်၍ အချိန်နှင့်အမျှ မပြတ်လေ့လာနေကြောင်း၊ မုန်တိုင်း၏ သဘောသဘာဝအရ လေဖိအားနည်းဒေသသို့ ဝင်ရောက်တတ်သည့်အတွက် တရားသေခန့်မှန်းတွက်ချက်ရန် ခက်ခဲကြောင်း၊ မူလခန့်မှန်းထားသည့် လမ်းကြောင်းမှ လေဖိအားနည်းဒေသသို့လည်း ကွေ့သွားနိုင်ကြောင်း၊ မိမိတို့အနေဖြင့် ၂၀၀၈ ခုနှစ် မေ ၂ ရက်က ဧရာဝတီတိုင်းဒေသကြီးအတွင်း တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းနှင့်ပတ်သက်သော အတွေ့အကြုံရှိကြောင်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ❖

မုန်တိုင်းဖြတ်သန်းပြီးနောက် ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးချိန်တွင် လူမျိုး/ဘာသာ မခွဲခြားဘဲ လူသားချင်းစာနာထောက်ထားပြီး လုပ်ဆောင်ရမည်။

မုန်တိုင်းသတိပေးချက်

နေပြည်တော် မေ ၁၄

ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း မဟာစင် (MAHASEN) သည် မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်တောင်ဘက် မိုင် ၄၉၀ ခန့်၊ ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၅၀၀ ခန့်၊ ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၅၀၀ ခန့်၊ အိန္ဒိယနိုင်ငံ (ဗီဇာကာပတ္တနမ်မြို့)၏ အရှေ့တောင်ဘက် မိုင် ၂၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ မုန်တိုင်းဗဟိုချက် အနီးတွင် အမြင့်ဆုံး လေတိုက်နှုန်းမှာ မိုင် ၆၀ အထိ တိုက်ခတ်နိုင်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ▲

အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာ
အမှတ်၊ ၄၅/၂၀၁၃

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
(၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက်)

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ဆပြီး ကာကွယ်စောင့်ရှောက်ရေးအစီအမံများ စနစ်တကျပြုလုပ်ထားနိုင်ရေးအတွက်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်လာသည့် အခြေအနေတွင် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ကူညီရေးလုပ်ငန်းများကို လျင်မြန်သွက်လက်စွာနှင့် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက်လည်းကောင်း **“အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ”** ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်ပါသည်-

(က)	ဒုတိယသမ္မတ(၂)	ဥက္ကဋ္ဌ
(ခ)	ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	ဒုတိယဥက္ကဋ္ဌ
(ဂ)	ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန	ဒုတိယဥက္ကဋ္ဌ
(ဃ)	ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(င)	ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန	အဖွဲ့ဝင်
(စ)	ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဆ)	ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဇ)	ပြည်ထောင်စုဝန်ကြီး သမ္မတရုံးဝန်ကြီးဌာန(၅)	အဖွဲ့ဝင်
(ဈ)	ပြည်ထောင်စုဝန်ကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	အဖွဲ့ဝင်
(ည)	ပြည်ထောင်စုဝန်ကြီး မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန	အဖွဲ့ဝင်

စာမျက်နှာ ၉ ကော်လံ ၁ ❍

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စီးပွားရေးဒုတိယမဏ္ဍိုင် အထောက်အကူပြုနိုင်

သမဝါယမသည် ညီညွတ်မျှတသည့် လူမှုစီးပွားရေးဘဝကို တည်ဆောက်နိုင်ရန် ပေါ်ပေါက်လာသော လုပ်ငန်းဖြစ်ပြီး အများအကျိုးကို တစ်ဦးတစ်ယောက်ကဆောင်ရွက်သကဲ့သို့ တစ်ဦးတစ်ယောက်၏အကျိုးကို အများကဆောင်ရွက်သည့် လူမှုစီးပွားကို အလေးထားဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ၁၉၀၅ ခုနှစ်က မြင်းမူမြို့နယ် ငွေစုငွေချေးသမဝါယမအသင်းမှ စတင်ခဲ့ခြင်းဖြစ်ရာ ယခုအခါ နှစ်ပေါင်း ၁၀၀ ကျော်ရှိပြီ ဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ပုဂ္ဂလိကကဏ္ဍသည် တိုင်းပြည်စီးပွားရေး၏ ပထမမဏ္ဍိုင်ဖြစ်ပြီး သမဝါယမကဏ္ဍသည် ဒုတိယမဏ္ဍိုင်ဖြစ်ကာ နိုင်ငံတော်က တတိယကဏ္ဍတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ သမဝါယမကဏ္ဍသည် နိုင်ငံတော်စီးပွားရေးတွင် ဒုတိယမဏ္ဍိုင်ဖြစ်သည်နှင့်အညီ နိုင်ငံတော်စီးပွားရေးကို အမှန်တကယ် ထိထိရောက်ရောက် အထောက်အကူပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်သည်။

နိုင်ငံတော်၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင်နေထိုင်ကြရာ ပြည်သူလူထုအများစု၏ အကျိုးစီးပွားတိုးတက်မြင့်မားလာစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း (၈) ရပ် အောင်မြင်နိုင်ရန် လုပ်ငန်းများကို စိတ်တူကိုယ်တူ သဘောထားချင်း တူညီသော ပြည်သူလူထုများအား အစုအဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်ကြခြင်းကို သမဝါယမဝန်ကြီးဌာနက အရင်းအနှီး၊ ငွေကြေး၊ နည်းပညာ၊ ဈေးကွက်ရရှိရေးတို့ကို အထောက်အပံ့ပြုပေးလျက်ရှိသည်။ ကျေးလက်နေပြည်သူများနှင့် မြို့ပြအခြေခံပြည်သူများလိုအပ်နေသော ငွေကြေးအရင်းအနှီးပံ့ပိုးပေးနိုင်ရေးအတွက် အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေကို ပြဋ္ဌာန်းပြီး ယင်းလုပ်ငန်းကို နိုင်ငံတော်အစိုးရကိုယ်စား သမဝါယမဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များ၊ NGO အဖွဲ့များကလည်း အသေးစားငွေကြေးလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိသည်။ သမဝါယမဝန်ကြီးဌာနက ဆောင်ရွက်နေသည့် အသေးစားငွေကြေးလုပ်ငန်းသည် ပြည်သူများ လတ်တလော သက်သာမှုအတွက်သာမဟုတ်ဘဲ နောင် သင့်တင့်သောကာလတွင် ပြည်သူများငွေချေးရန်မလိုဘဲ မိမိဘာသာ ရပ်တည်သွားနိုင်သည့် အခြေအနေရောက်အောင် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

စီးပွားလုပ်ငန်းလုပ်ကိုင်ရန်အတွက် အဓိက မောင်းနှင်အားသည် မတည်ရင်းနှီးငွေဖြစ်သည်။ အသေးစားငွေကြေးလုပ်ငန်းကို တစ်ပြည်လုံးအတိုင်းအတာနှင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် မတည်ရင်းနှီးငွေများလိုအပ်ရာ ယင်းငွေရရှိရေးအတွက် နိုင်ငံတကာအကူအညီရရှိရေးကို နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီ ဆောင်ရွက်လျက်ရှိသည်။ ငွေချေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ရသော သမဝါယမအသင်းအဖွဲ့များသည် တာဝန်ယူမှုနှင့် ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သမဝါယမအသင်းများကို အဆင့်တိုးမြှင့်ဖွဲ့စည်းရန်လိုအပ်ပြီး ငွေအရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်များ ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံး၍ ကုန်ထုတ်လုပ်မှုသမဝါယမအသင်းအဖြစ်လည်းကောင်း၊ ကုန်သွယ်မှု သမဝါယမအသင်းအဖြစ်လည်းကောင်း၊ စက်မှုလယ်ယာ သမဝါယမအသင်းအဖြစ်လည်းကောင်း၊ သမဝါယမအသင်းတစ်ခု ထုတ်ကုန်တစ်ခု ထုတ်လုပ်သော အသင်းအဖြစ်လည်းကောင်း တက်လှမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေး ဒုတိယမဏ္ဍိုင်အဖြစ် နိုင်ငံတော်၏စီးပွားရေးကို အမှန်တကယ် အထောက်အကူပြုလာနိုင်ရေးအတွက် နိုင်ငံတကာမှ အောင်မြင်နေသော သမဝါယမအသင်းများနည်းတူ ကြိုးပမ်းဆောင် ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

သက်ကြီးစာမတတ်သူများ စာတတ်မြောက်ရေး စာသင်ဝိုင်းများဖြင့် သင်ကြားပေး

နေပြည်တော် မေ ၁၄

ဖွံ့ဖြိုးတိုးတက်မှုအလုံးစုံ၏ ရင်းမြစ်သည်ပညာဖြစ်ပြီး စာတတ်မြောက်ခြင်းဖြင့်သာ ပညာကိုရယူနိုင်မည်ဖြစ်သည်။ ထို့ကြောင့်လည်း ပညာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းအားလုံး စာတတ်မြောက်ရေးအတွက် ကျောင်းနေအရွယ်လွန် သက်ကြီးစာမတတ်သူအားလုံး စာတတ်မြောက်ရေးလုပ်ငန်းကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိရာ ယခု၂၀၁၃ခုနှစ်တွင် ယခင်နှစ်များနှင့်မတူဘဲ တက္ကသိုလ်ကျောင်းသားကျောင်းသူများ ပါဝင်လာပြီး စေတနာအလျောက် လုပ်အားပေးသင်ကြားပေးလျက်ရှိကြသည်။

ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် မေ ၁၃ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ အမှတ် (၇) အခြေခံပညာမူလတန်းကျောင်းနှင့် ခင်မွန်ကျေးရွာနှစ်ပင်စင်ရပ်စုံ ကျောင်းတိုက်တို့ရှိ ကျောင်းနေအရွယ်လွန် သက်ကြီးစာမတတ်သူများ စာတတ်မြောက်ရေးလုပ်ငန်း စာသင်ဝိုင်းများသို့ သွားရောက်စစ်ဆေးခဲ့ပြီး မုံရွာတက္ကသိုလ် သုံးထပ်စာသင်ဆောင်များ ဆောက်လုပ်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဘွဲ့နှင်းသဘင်ခန်းမ၌ တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြင်းမူမြို့နယ် ဝမ်းပြည့်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် မြင်းမူမြို့ အခြေခံပညာအထက်တန်းကျောင်း၌ သိပ္ပံခန်းသုံး စာသင်ဆောင်နှင့် သန့်စင်ခန်းများ ဆောက်လုပ်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေး၍ ကျောင်းအတွက် ကွန်ပျူတာတစ်စုံကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာညီလာခံနှင့်စာတမ်းဖတ်ပွဲ မြန်မာအဖွဲ့တက်ရောက်ခဲ့

နေပြည်တော် မေ ၁၄

ပထမအကြိမ် အရှေ့တောင်အာရှ ရှေးဟောင်းသုတေသနဆိုင်ရာ နိုင်ငံတကာညီလာခံနှင့် စာတမ်းဖတ်ပွဲကို ထိုင်းနိုင်ငံ ချွန်ဘူရီမြို့ရှိ Burapha University ၌ မေ ၇ ရက်မှ ၁၀ ရက်အထိ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးသန်းဆွေနှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက် ဦးစီးဌာန ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)မှ ကျောင်းအုပ်ကြီး ဦးဝင်းကြိုင်တို့ တက်ရောက်ခဲ့သည်။

စာတမ်းဖတ်ပွဲတွင် ဒုတိယဝန်ကြီး ဦးသန်းဆွေက အန်ကောဝပ်ကျောင်းရှိ မြန်မာကမ္ပည်းစာများနှင့် ပတ်သက်၍ သုတေသနပြုချက်များကို "Myanmar Inscriptions at Anhgkor" စာတမ်းနှင့် ကျောင်းအုပ်ကြီး ဦးဝင်းကြိုင်က မြန်မာနိုင်ငံ ရိုးရာသပိတ်များ အသုံးပြုခဲ့မှုနှင့် ပတ်သက်၍ သုတေသနပြုချက်များကို The alms-bowl Tradition of Myanmar စာတမ်းတို့ကို ဖတ်ကြားခဲ့ကြသည်။

အဆိုပါ စာတမ်းဖတ်ပွဲသို့ နိုင်ငံ ၃၆ နိုင်ငံမှ သမိုင်းပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များနှင့် ပါမောက္ခများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာဂရ-ကိုးပင်လမ်း ပြင်ဆင်ထိန်းသိမ်းမှုများ ဆောင်ရွက်

နေပြည်တော် မေ ၁၄

ပဲခူးရိုးမဖြတ်ကျော် သာဂရ-ကိုးပင်လမ်း၌ ကျောက်စီရေမြောင်းများ ဖောက်လုပ်နေမှု၊ လမ်းများခင်းကြိတ်နေမှု၊ ကန်လန့်ဖြတ်ရေဆင်းမြောင်းများ ဖောက်လုပ်ထားရှိမှု၊ လမ်းညွှန်အသိပေး၊ သတိပေးဆိုင်းဘုတ်များ စိုက်ထူထားရှိမှု၊ ပေါင်နံရံများ ခုတ်ထွင်ပြီးစီးမှု၊ မိုင်တိုင် (၄၀/၁)ရှိ ကျောက်မဆင်တံတား တည်ဆောက်ပြီးစီးမှုနှင့် (၂၈/၁)နှင့် (၂၈/၂) ကြားရှိ သစ်ပုတ်ပင်ချောင်း တံတား အချောသတ် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မေ ၁၂ ရက် နံနက်ပိုင်းက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဟာရသုခဈေးမှ မှန်မှန်မသိမ်းသည့် အမှိုက်ပုံ

ထင်သာမြင်သာ ပြုပြင်စရာ

နေပြည်တော် အာဟာရသုခဈေးသည် ရာသီပေါ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ သီးနှံကုန်စိမ်းဈေးကြီးဖြစ်ပြီး အမြို့မြို့အနယ်နယ်မှ လာရောက်၍ ရောင်းဝယ်သူများဖြင့် စည်ကားလျက်ရှိသော ဈေးကြီးဖြစ်သည်။ ထိုကုန်စိမ်းဈေးကြီးမှ စွန့်ပစ်လိုက်သော ဧရာမ အမှိုက်ပုံကြီးသည် ဈေးဝယ်သူများနှင့် အဆိုပါဈေးရှိ ဈေးသူ၊ ဈေးသားများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့်အပြင် အရုပ်ဆိုး အကျည်းတန်စေပါသည်။

ကုန်စိမ်းဈေးတွင် ကိုယ်တိုင်လာရောင်းသူ တောင်သူတစ်ဦးက "ကျွန်တော်တို့က ဒီကုန်စိမ်းဈေးကို အမြဲလာရောင်းနေကျပါ။ ဈေးကောက်လည်းပေးရတယ်။ နောက်ပြီးတော့ ဒီအမှိုက်ပုံသိမ်းဖို့ဆိုပြီး ကားဆီဖိုးလည်း ပေးရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က အမြဲမပေးနိုင်တော့ ဒီအမှိုက်ပုံကြီးကို မသိမ်းဘဲထားတယ်လို့သိရပါတယ်"ဟု ပြောပြသည်။ **(အပေါ်ယာပုံ)**

ကြက်သွန်နီရောင်းချသည့် အမျိုးသမီးတစ်ဦးကလည်း "ကျွန်မတို့က ဈေးကောက်တွေ ပုံမှန်ပေးပေမယ့်လည်း တခြားဆိုင်တွေထက်စာရင် ကျွန်မတို့ တောင်သူတွေဆီက ပိုကောက်တာ တွေ့ရှိပါတယ်။ တခြားဆိုင်တွေကို ၂၀၀ လောက် ကောက်ရင် ကျွန်မတို့ တောင်သူတွေဆီက တစ်ဦးကို ၁၀၀၀ ကျော်အထိ ကောက်ပါတယ်။ နောက်ပြီး ကျွန်မတို့ တောင်သူတွေကို အမြဲ နေရာရွှေ့ရောင်းစေပါတယ်" ဟု ဆိုသည်။ ဈေးအခွန်အခများကို တစ်ပြေးညီကောက်ခံရေးနှင့် ဈေးတွင်းရှိ အမှိုက်ပုံကြီးကို ရှင်းလင်းပေးနိုင်ရေး အတွက် ဈေးသူဈေးသားများက လိုလားလျက်ရှိကြောင်း ထင်သာမြင်သာကဏ္ဍမှတစ်ဆင့် ရေးသားတင်ပြလိုက်ရပါသည်။

အင်ကြင်း

မိုးကြိုးထိမှန်၍ လူတစ်ဦးသေဆုံး

နေပြည်တော် မေ ၁၄

နေပြည်တော်တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ၌ မေ ၉ ရက် ညနေ ၃ နာရီခွဲခန့်က မိုးကြိုးထိမှန်ပြီး လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူမှာ ရှားတောကျေးရွာနေ ကျော်ဆွေဦးဖြစ်ပြီး ရှားတောကျေးရွာအရှေ့ဘက် လယ်ကွင်းတွင် နွားလှန်၍ ပြန်လာစဉ် မိုးကြိုးထိမှန်ကာ မျက်နှာ၊ လည်ပင်း၊ နောက်ကျော၊ ဝဲဘက်လက်မောင်းနှင့် ရင်ဘတ်တို့တွင် မီးလောင်ဒဏ်ရာများရရှိသေဆုံးခဲ့သဖြင့် ရွှေမြို့ရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဝေယံကျော်

ပြည်တွင်းသတင်း

❖ ***ရှေ့ဖုံးမှ***

မုန်တိုင်း၏ ဦးတည်ရာလမ်းကြောင်းသည်လက်ရှိတွင် ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းဒေသသို့ ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းထားသော်လည်း အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တို့သို့လည်း မုန်တိုင်းလမ်းကြောင်းပြောင်းလဲသွားနိုင်သဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန်မှာကြားထားပြီးဖြစ်ကြောင်း၊ ထို့ပြင်ကုန်းတွင်းသို့ ဝင်ရောက်ပြီးနောက်တွင်လည်း အန္တရာယ်ပေးနိုင်သဖြင့် မကွေးတိုင်းဒေသကြီး၌လည်း ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန် ညွှန်ကြားထားရှိပြီးဖြစ်ကြောင်း။

မုန်တိုင်းနှင့်ပတ်သက်၍ အစီအမံများမှာအဓိကအားဖြင့် အဆင့်လေးဆင့်ရှိကြောင်း၊ ၎င်းတို့မှာ မုန်တိုင်းမလာမီကြိုတင်ပြင်ဆင်မှုအပိုင်း၊ မုန်တိုင်းဖြစ်နေစဉ်ဆောင်ရွက်ရန်အပိုင်း၊ မုန်တိုင်းဖြစ်ပေါ်ပြီးနောက် ကူညီကယ်ဆယ်ရေးအပိုင်းနှင့် မုန်တိုင်းလွန်ကာလပြန်လည်ထူထောင်ရေး လုပ်ဆောင်ရမည့်အပိုင်းတို့ဖြစ်ပါကြောင်း၊ မိမိတို့၌ နာဂစ်အတွေ့အကြုံများရှိပြီးဖြစ်ရာ စနစ်တကျ စီမံဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ နာဂစ်အလွန်ကာလ အတွေ့အကြုံများအရ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် တည်မြဲအမိန့်များထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ မုန်တိုင်းဝင်ရောက်လျှင် ပထမဆုံး အန္တရာယ်အများဆုံးနေရာမှာ ရခိုင်ပြည်နယ် မောင်တောနှင့် စစ်တွေဖြစ်ကြောင်း၊ စစ်တွေ၊ မြေပုံ၊ ပေါက်တောနှင့် ကျောက်ဖြူတို့၌ ဒုက္ခသည် တစ်သိန်းကျော်ရှိကြောင်း၊ စစ်တွေတွင် ဒုက္ခသည် ၄/၅ သောင်းရှိကြောင်း၊ အချို့ဒုက္ခသည်များမှာ ယာယီတဲများတွင် နေထိုင်ဆဲဖြစ်ကြောင်း၊ အချို့သောဒုက္ခသည်များသာ အခိုင်အမာအဆောက်အအုံများတွင် ပြောင်းရွှေ့နေရာချထားပြီးခဲ့ကြောင်း။

မုန်တိုင်းဝင်ရောက်ချိန်တွင် လေတိုက်နှုန်းမှာ မိုင် ၁၂၀ ခန့်ရှိမည်ဖြစ်ပြီး ဒီရေလည်း ဝင်ရောက်နိုင်သည်ဖြစ်ရာ ယာယီတဲများ၌ နေထိုင်သူများ၊ အနိမ့်ပိုင်းဒေသနေပြည်သူများအတွက် အန္တရာယ်ရှိပါကြောင်း၊ ၎င်းတို့ကို ဦးစားပေး ရွှေ့ပြောင်းပေးနေပါကြောင်း၊ မေ ၁၆ ရက်တွင် မုန်တိုင်းဝင်ရောက်မည်ဟု ခန့်မှန်းတွက်ချက်ထားသည့်အတွက် မေ ၁၃ ရက်မှစတင်၍ ရွှေ့ပြောင်းပေးနေပါကြောင်း၊ မော်တော်ယာဉ်များ၊ စက်လှေများဖြင့် ရွှေ့ပြောင်းပေးနေပါကြောင်း၊ ဦးစားပေးရွှေ့ပြောင်းမှုအနေဖြင့် ကလေးများ၊ အမျိုးသမီးများ၊ မိအိုဖအိုများ၊ နေထိုင်မကောင်းသူများကို ရွှေ့ပြောင်းပေးပါကြောင်း၊ တပ်မတော် တပ်ရင်းများရှိ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ မုန်တိုင်းဒဏ်ခံနိုင်သည့်တောင်ကုန်းနေရာများသို့ ရွှေ့ပြောင်းပေးပါကြောင်း၊ ထိုသို့ကယ်ဆယ်ရွှေ့ပြောင်းရာတွင် အဓိကအရေးကြီးသည့်အချက်မှာ အသက်မသေဆုံးသွားရန်မှာ အရေးကြီးအချက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမြန်ဆုံးရွှေ့ပြောင်းရန် လိုအပ်ပါကြောင်း။

လုံခြုံရေး၊ စားသောက်ရေး၊ ကျန်းမာရေး အရေးကြီးပါကြောင်း၊ မုန်တိုင်းဖြတ်သန်းပြီးနောက် ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးချိန်တွင် လူမျိုး/ဘာသာမခွဲခြားဘဲ လူသားချင်းစာနာထောက်ထားပြီး လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ဒုက္ခရောက်နေသူအားလုံး၏ အသက်အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ရန်လိုပါကြောင်း။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်သို့သွားရောက်ပြီး အရေးပေါ်ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မုန်တိုင်းကာလအတွင်း အမ်းတွင် အခြေပြု၍ အနီးကပ်ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

အရေးပေါ် အခြေအနေတွင် ကူညီဆောင်ရွက်နိုင်ရန် တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ အသင့်ပြင်ဆင်ထားပြီးဖြစ်ပါကြောင်း၊ လွန်ခဲ့သည့်နှစ်က ရခိုင်ပြည်နယ် မောင်တောမြို့၌ မိုးသည်းထန်စွာရွာသွန်းရာတွင် မကွေးတိုင်းဒေသကြီးအတွင်း ရေဘေးကြုံတွေ့ရခြင်းရှိခဲ့ကြောင်း၊ သို့ဖြစ်၍ မုန်တိုင်းအန္တရာယ်ကြိုတင်တွက်ဆ၍ ပြင်ဆင်ကာကွယ်ရန် လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း ရှင်းလင်းပြောကြားပြီး အမျိုးသားသဘာဝဘေးကာကွယ်ရေးစောင့်ရှောက်ရေးဗဟိုကော်မတီအား ပြန်လည်ပြင်ဆင်ဖွဲ့စည်းမှု၊ ၎င်းဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ၊ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေက သဘာဝဘေးကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများဖြစ်သော ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်များအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေး၊ ရိက္ခာကြိုတင်စုဆောင်းထားရှိရေး၊ ဆက်သွယ်မှုမပြတ်တောက်စေရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးရေး၊ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများကို ပိုမိုပြည့်စုံစေရေး ဆက်လက်ဆောင်ရွက်သွားကြရန်၊ ရွှေ့ပြောင်းနေရာချထားမှုများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ လုပ်ဆောင်ပြီး အောက်ခြေအဆင့်ထိ နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားရန်၊ နိုင်ငံတကာဆက်ဆံရေး၊ ပြန်ကြားရေး၊ ကျန်းမာရေးဆပ်ကော်မတီများ ဖွဲ့စည်းပြီး လုပ်ငန်းများစတင်ဆောင်ရွက်ရန်၊ နေရာချထားရာတွင်လည်း သူ့နေရာနှင့်သူ အံဝင်ခွင်ကျဖြစ်အောင် တာဝန်ရှိသူများက စနစ်တကျစီမံဆောင်ရွက်သွားရန်၊ စားသောက်နေထိုင်ရေးအပြင် သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် ကျန်းမာရေးကိုလည်း အလေးထားဆောင်ရွက်ကြရန်နှင့် လုပ်ဆောင်သင့်သည်များကို အချိန်နှင့်တစ်ပြေးညီ လိုအပ်သည့်အဖွဲ့များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဆိုင်ကလုန်းမုန်တိုင်းမဟာစင်နှင့်ပတ်သက်သည့် ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မုန်တိုင်းကျရောက်ပါက ကျွဲနွားတိရစ္ဆာန်များ သေကျေမှုမရှိရေး မွေး/ရေလုပ်ငန်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၄

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းမဟာစင် (MAHASEN)သည် နောက်ဆုံးတိုင်းထွာရရှိသော ခန့်မှန်းချက်အရ မေ ၁၆ ရက် ညပိုင်းတွင် မြန်မာနိုင်ငံ (ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်း) ကမ်းခြေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေဒေသများဆီသို့ ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် မုန်တိုင်းကျရောက်ပါက ကျွဲနွားတိရစ္ဆာန်များ သေကျေပျက်စီးမှုမရှိစေရန်အတွက် မုန်တိုင်းကင်းလွတ်ရာဒေသများသို့ ရွှေ့ပြောင်းရေးစီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၄၇/၂၀၁၃
၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
(၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက်)
ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့
(Yangon City Public Transport Authority)
ဖွဲ့စည်းခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူများနေ့စဉ်အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် **"ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ (Yangon City Public Transport Authority)"**ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

(က)	ဦးကြည်သိန်း	ဥက္ကဋ္ဌ
(ခ)	ဦးဝင်းလွင်	အဖွဲ့ဝင်
(ဂ)	ဦးခင်မောင်ဌေး	အဖွဲ့ဝင်
(ဃ)	ဦးအောင်မြင့်	အဖွဲ့ဝင်
(င)	ဦးခင်မောင်	အဖွဲ့ဝင်
(စ)	ဦးစိုးမြင့်	အဖွဲ့ဝင်
(ဆ)	ဦးဇော်ဝင်းမြင့်	အဖွဲ့ဝင်
(ဇ)	ဦးထွန်းဦး	အဖွဲ့ဝင်
(ဈ)	ဦးသက်လွင်ဦး	အဖွဲ့ဝင်
(ည)	ဦးလှအောင်	အတွင်းရေးမှူး

၂။ ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူနေ့စဉ်သွားလာရေးတွင် အသုံးပြုလျက်ရှိသော ကုန်းလမ်း၊ ရထား၊ ရေယာဉ်နှင့် အခြားပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် စီမံခန့်ခွဲပေးခြင်း။

(ခ) လက်ရှိရင်ဆိုင်နေကြရသော ယာဉ်ကျပ်တည်းမှု၊ ယာဉ်တိုက်ခိုက်မှု၊ ကျန်းမာရေးထိခိုက်စေသော အငွေ့အသက်များ ထုတ်လုပ်မှုစသော သွားလာရေးအခက်အခဲနှင့် အန္တရာယ်များကို ကျော်လွှားဖြေရှင်းရေးအတွက် ကွင်းဆင်းလေ့လာဆန်းစစ်၍ နည်းလမ်းများ ရှာဖွေတင်ပြပေးခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(ဂ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများထံမှ မိမိတို့လုပ်ငန်းတာဝန်နှင့်ပတ်သက်သော နည်းပညာနှင့် အကူအညီများကို နိုင်ငံတော်သမ္မတထံတင်ပြ၍ ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်ခြင်း။

(ဃ) သွားလာပို့ဆောင်ရေးနှင့် သက်ဆိုင်သော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာစေလျက် တရားဥပဒေစိုးမိုးရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အား အထောက်အကူပေးခြင်း။

(င) လာမည့်ကာလတွင် ဖြစ်ပေါ်လာမည့် လူမှုစီးပွားရေးပုံစံ၊ မြို့ပြဖွံ့ဖြိုးမှုပုံစံများကို မျှော်မှန်း၍ စီမံချက်ရေးဆွဲခြင်း၊ သွားလာပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း။

(စ) အများပြည်သူသွားလာသယ်ယူပို့ဆောင်ရေး လိုအပ်ချက်များကို ထူထောင်တည်ဆောက်နိုင်ရန်အတွက် လိုအပ်သောဥပဒေများကို အကြံပြုခြင်း၊ စီမံခန့်ခွဲမည့်အဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ ရန်ပုံငွေရရှိရေးနည်းလမ်းများရှာဖွေ၍ ထူထောင်ထားရှိခြင်း။

(ဆ) သွားလာပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းအရပ်ရပ် ချောမွေ့သွက်လက်စေရေးအတွက် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် အများပြည်သူသယ်ယူပို့ဆောင်ရေးစီမံကိန်းများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဆက်စပ်ညှိနှိုင်းဆောင်ရွက်ခြင်း။

(ဇ) အာဏာပိုင်အဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။

(ဈ) ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝင်ထွက်သွားလာသည့် ကုန်းလမ်းသို့မဟုတ် မြို့ပတ်ရထား သို့မဟုတ် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးယာဉ်များအား ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲခြင်း။

(ည) အများပြည်သူဆိုင်ရာ ယာဉ်ရပ်နားရန်နေရာများ တည်ဆောက်ခြင်း၊ သတ်မှတ်ခြင်း၊ ရပ်နားခြင်းမပြုရန် တားမြစ်သည့်နေရာများ၊ ကန့်သတ်နေရာများ သတ်မှတ်ခြင်း၊ ယာဉ်ရပ်နားခြင်းဆိုင်ရာ စည်းကမ်းများ ထုတ်ပြန်သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်း။

(ဋ) နိုင်ငံတော်သမ္မတက အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

(ဌ) အာဏာပိုင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို အခါအားလျော်စွာ နိုင်ငံတော်သမ္မတထံ အစီရင်ခံတင်ပြခြင်း။

၃။ ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့သည်-

(က) အထက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးရာတွင် နိုင်ငံတော်သမ္မတကို တိုက်ရိုက်တာဝန်ခံပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) တာဝန်နှင့် လုပ်ပိုင်ခွင့်များကို မိမိသဘောအလျောက် ဆောင်ရွက်ပိုင်ခွင့်ရှိပြီး မူဝါဒသဘောပါရှိသော လုပ်ငန်းများကို နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ရယူပြီးမှ ဆောင်ရွက်ရမည်။

(ဂ) တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ရန်ပုံငွေကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျခံသုံးစွဲရန်နှင့် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်နိုင်သည်။

(ဃ) တာဝန်နှင့် လုပ်ပိုင်ခွင့်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်ရှိကော်မတီများနှင့် အဖွဲ့အစည်းများကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်းနှင့် လွှဲပြောင်းလက်ခံခြင်းများ ဆောင်ရွက်နိုင်သည်။

၄။ ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့၏ ခံစားခွင့်များမှာ နိုင်ငံတော်သမ္မတက သတ်မှတ်ပေးသည့်အတိုင်းဖြစ်သည်။

၅။ နိုင်ငံတော်သမ္မတရုံး၏ ၇-၁-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၁၂ (၁)/၈/ သမ္မတရုံးအား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

◆ *ကျောဖုံးမှ*

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် မုန်တိုင်းဒဏ်ကြိုတင်ကာကွယ်ရေးအစည်းအဝေးသို့ တက်ရောက်ရာ ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ သဘာဝဘေးသင့်ပြည်သူများအား ပြောင်းရွှေ့နေရာချထားပေးမှုနှင့် အသင့်ပြင်ဆင်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ် ရင်ဆိုင်ဖြေရှင်းရာ၌ အန္တရာယ်လျော့ပါးစေရန်အတွက် ကြိုတင်ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ အလျင်အမြန်တုံ့ပြန်ဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ခြင်းအဆင့်များကို စနစ်တကျဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသည့်ဒေသများရှိ ဒေသခံပြည်သူများအား ရွှေ့ပြောင်းနေရာချထားရာတွင် ထိခိုက်မှုအများဆုံးဖြစ်နိုင်သည့် အားနည်းသောနေရာများအား ဦးစားပေးရွှေ့ပြောင်းရန်လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကို တားဆီး၍မရနိုင်သော်လည်း သတိရှိစွာဖြင့် လုပ်သင့်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်နှင့် အားလုံးစည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ် စိန်ခေါ်မှုကို ရင်ဆိုင်ဖြေရှင်း အနိုင်ယူသွားရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ နိုင်ငံတော်မှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်သင့်သည်များကို ဆွေးနွေးမှာကြားပြီး ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အဖွဲ့သည် ညနေပိုင်းတွင် စစ်တွေမြို့မှ အမ်းမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဒုတိယသမ္မတဦးညဏ်ထွန်း ပလ္လင်ပြင်ရွာမှ သဘာဝဘေးသင့်ပြည်သူများအား သဘာဝဘေးလွတ်ရာဒေသများသို့ ပြောင်းရွှေ့ပေးနေမှုကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

(သတင်းစဉ်)

မုန်တိုင်းကာကွယ်ရေး နှိုးဆော်ပညာပေးမှုများ ကျောက်ဖြူတွင် ဆောင်ရွက်

ကျောက်ဖြူ မေ ၁၄

ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် လေဘေးအန္တရာယ်၊ ရေဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန် ဘေးအန္တရာယ်ကျရောက်ပါက ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရန် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဝင်ရောက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံချက်ရေးဆွဲကာ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပင်လယ်ကမ်းနီးပြည်သူများ၊ ရေလုပ်သားများနှင့် လုပ်သားပြည်သူများ၊ မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်စေရန် မြို့နယ်မီးသတ်ဦးစီးဌာနနှင့်ပူးပေါင်းလျက် အသံချဲ့စက်များဖြင့် နှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပင်လယ်ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းစက်လှေများသည်လည်း မိုးလေလုံခြုံရာ ငလပွေ့ချောင်း၊ အိုးတင်ချောင်းများသို့ ခိုလှုံရောက်ရှိနေကြပြီးဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မူဆယ်ခရိုင်အတွင်း မုန်တိုင်းသတိပေးချက် ဆောင်ရွက်

မူဆယ် မေ ၁၄

မဟာစင်အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းအား မေ ၁၆ ရက်နောက်ပိုင်း တိုက်ခတ်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးချက်အား နိုင်ငံ၏အတွင်းပိုင်းမှတစ်ဆင့် အပူပြန်ရာသီကြောင့် ရှမ်းပြည်နယ်အထိ အဖျားခတ်ဝင်ရောက်လာပါက ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ မထိခိုက်မဆုံးရှုံးရလေအောင် ကြိုတင်ပြင်ဆင်နိုင်ရေး ပြည်သူသို့ နှိုးဆော်သည့်အနေဖြင့် မူဆယ်ခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက မြို့နယ်၊ ကျေးရွာပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိပြင်ဆင်နိုင်ရန် သတိပေးကြော်ငြာများကို လမ်းဆုံ၊ လမ်းခွနှင့် အများပြည်သူနှင့်သက်ဆိုင်သော နေရာများသို့လည်းကောင်း၊ နံရံကပ်စာစောင်များတွင်လည်းကောင်း အသိပေးကြော်ငြာခြင်းဆောင်ရွက်ခဲ့ရပါသည်။

ပြည်သူများအနေဖြင့် MRTV၊ ရေဒီယိုသတင်း၊ FM ရေဒီယိုသတင်းများကို အဆက်မပြတ် နားထောင်ကြစေရေး ဟောပြောမှုကို နမ့်ခမ်း၊ ကွတ်ခိုင်၊ မုံးကိုး၊ တာမိုးညဲ၊ မန့်ဟီးရိုး၊ ပန်ဆိုင်း(ကြူကုတ်) ဒေသများသို့ တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အယ်လ်စိုး(iprd)

မုန်တိုင်းအန္တရာယ်အကြောင်း သိကောင်းစရာဟောပြောပွဲ

ရန်ကုန် မေ ၁၄

မုန်တိုင်းဘေး၊ ရေဘေးနှင့် မိုးကြိုးဘေးအန္တရာယ်များအကြောင်း သိကောင်းစရာများ ဟောပြောပွဲကို မေ ၁၃ ရက် ညနေ ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၁၈)ရပ်ကွက် ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က ယနေ့အချိန်အခါသည် မုန်တိုင်းဘေး၊ ရေဘေးနှင့် မိုးကြိုးဘေးအန္တရာယ်များ ဖြစ်နိုင်သဖြင့် သတိထားရမည့် အချိန်အခါများဖြစ်ကြောင်း၊ သို့ဖြစ်၍ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာများကိုလည်း နားထောင်ဖတ်ရှုသင့်ကြောင်းနှင့် သဘာဝဘေးအန္တရာယ်ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ရပ်မိရပ်ဖများနှင့် လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

သော်ဇင်ထက်

မိုးလေဝသ အခြေအနေ

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ စတင်ဝင်ရောက်နိုင်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

ကျိုက္ကမီမြို့
၂ ဒသမ ၁၆ လက်မ

ချောင်းဆုံမြို့
၁ ဒသမ ၉၇ လက်မ

ပေါင်မြို့
၁ ဒသမ ၈၁ လက်မ

ဖျာပုံမြို့
၁ ဒသမ ၆၉ လက်မ

သာယာဝတီမြို့
၁ ဒသမ ၄၉ လက်မ

ဆီးရီးယားအရေး ဗြိတိန်နဲ့ အမေရိကန်ထိပ်တိုက်ဆွေးနွေးပြီ

မောင်နွေသစ်

ဆီးရီးယားမှာဖြစ်ပွားနေတဲ့ ပြည်တွင်းစစ်ပွဲဟာ နှစ်ရှည်ကြာညောင်းလာခဲ့ပြီဖြစ်သလို စစ်ပွဲအတွင်းသေဆုံးခဲ့ရတဲ့ ပြည်သူတွေဟာလည်း မနည်းလှတော့ပါဘူး။ စစ်ဘေးစစ်ဒဏ်မှ ထွက်ပြေးခဲ့ကြရတဲ့ သန်းနှင့်ချီတဲ့ပြည်သူတွေဟာလည်း ဒုက္ခကိုခါးစည်းခံနေကြရရှာပါပြီ။

တကယ်တော့ ဒီစစ်ပွဲဟာ လက်ရှိအစိုးရဆီးရီးယားသမ္မတ ဘာရှာ အယ်လ်အာဆတ်ကို ဖြုတ်ချဖို့ လူထုက ဆန့်ကျင်ဆန္ဒပြရာကနေ စတင်ခဲ့တဲ့စစ်ပွဲပါ။ သမ္မတ အာဆတ်ရဲ့ အစိုးရက လူထုကို အင်အားသုံးဖြိုခွင်းခဲ့တာကြောင့် တစ်ဖက်မှာလည်း အတိုက်အခံသူပုန်အဖွဲ့ရဲ့ အင်အားကြီးထွားလာစေခဲ့ပါတယ်။ ယခုအခါမှာတော့ အတိုက်အခံသူပုန်တွေထဲမှာ ဆီးရီးယားများသာမက အနောက်ဥရောပတိုက်သားများကပင် ဝင်ရောက် တိုက်ခိုက်နေတယ်လို့ သိရပါတယ်။ ဒီစစ်ပွဲကို အဆုံးသတ်ဖို့ အနောက်နိုင်ငံတွေက ကြိုးပမ်းလာကြတာတွေ့ရပါတယ်။

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းဟာ ဆီးရီးယားနိုင်ငံမှာ ဖြစ်ပွားနေတဲ့ စစ်ပွဲနဲ့ပတ်သက်ပြီး အမေရိကန်သမ္မတ ဘားရက်အိုဘားမားနဲ့တွေ့ဆုံဆွေးနွေးဖို့ မေ ၁၃ ရက်က ဝါရှင်တန်မြို့ကို သုံးရက်ကြာခရီးအဖြစ် ရောက်ရှိနေပါတယ်။ ဒေးဗစ်ကင်မရွန်းဟာ ဒုတိယသက်တမ်းတာဝန်ထမ်းဆောင်ပြီးတဲ့နောက် အမေရိကန်ကို ပထမဆုံးလာရောက်ခြင်းဖြစ်ပါတယ်။ သူ့ရဲ့ခရီးစဉ်ဟာ မကြာသေးမီက ရုရှားနိုင်ငံမှာ သမ္မတ ဗလာဒီမာပူတင်နဲ့ ဆီးရီးယားအရေး ဆွေးနွေးခဲ့ပြီးနောက် အမေရိကန်ကို လာရောက်ခြင်းလည်း ဖြစ်ပါတယ်။

ဗြိတိန်နှင့်ရုရှားကတော့ ဆီးရီးယားပဋိပက္ခ အမြန်ဆုံးအဆုံးသတ်ရေး ကြိုးစားကြဖို့ သဘောတူညီမှုရယူထားပြီလို့ဆိုပါတယ်။ သို့ပေမယ့်လည်း ဗြိတိန်နဲ့ ရုရှားတို့ရဲ့ ဆီးရီးယားအရေး အမြန်ဆုံးအဆုံးသတ်ဖို့ သဘောတူညီထားပေမယ့် ခံယူချက်ချင်းတော့ ကွဲလွဲနေဆဲဖြစ်ပါတယ်။ ဗြိတိန်က ဆီးရီးယားသူပုန်တွေကို ထောက်ပံ့ပေးပြီး သမ္မတဘာရှာအယ်လ်အာဆတ်အစိုးရကို ဖြုတ်ချသွားချင်ပါတယ်။ သို့ပေမယ့် ရုရှားကတော့ ဆီးရီးယားအရေးမှာ ပြည်ပက ကြားဝင်စွက်ဖက်တာကို လက်မခံဘူးလို့ ဆိုပါတယ်။

ဗြိတိသျှဝန်ကြီးချုပ်ရဲ့ ဒီသုံးရက်ကြာခရီးစဉ်ဟာ အိမ်ဖြူတော်က စတင်ပြီး နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်မှာ ကျင်းပမယ့် ဂျီ-၈ထိပ်သီးအစည်းအဝေးမှာ အဆုံးသတ်မှာဖြစ်ပါတယ်။ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းအနေနဲ့ ဝါရှင်တန်ကို မထွက်ခွာမီ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီကို ဆီးရီးယားအရေး ဆွေးနွေးဖို့ဆော်ဩတိုက်တွန်းလိုက်ပါတယ်။ ဒီလကုန်ပိုင်းမှာ ဗြိတိန်၊ ရုရှားနဲ့ အမေရိကန်နိုင်ငံတို့ဟာ ငြိမ်းချမ်းရေးထိပ်သီးဆွေးနွေးပွဲတစ်ရပ် ကျင်းပသွားမယ်လို့လည်း ဗြိတိန်အစိုးရ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောဆိုခဲ့ပါတယ်။

ရုရှားနိုင်ငံဟာ လက်ရှိဆီးရီးယားအစိုးရရဲ့ မိတ်ဆွေနိုင်ငံတစ်နိုင်ငံပါ။ ရုရှားနဲ့ တရုတ်တို့က ဆီးရီးယားကို စစ်ရေးအရ အရေးယူရေး ကုလသမဂ္ဂမှာ ဗီတိုအာဏာသုံးပယ်ချခဲ့တဲ့ နိုင်ငံတွေဖြစ်ပါတယ်။ သို့ပေမယ့်လည်း အမေရိကန်၊ ဗြိတိန်တို့အပါအဝင် အနောက်နိုင်ငံတွေကတော့ သူပုန်တွေကို လက်နက်နဲ့ငွေကြေး ထောက်ပံ့မှုတွေပေးပြီး ဆီးရီးယားအစိုးရကို ဖြုတ်ချသွားချင်ကြတယ်ဆိုတာ သိရပါတယ်။ ဒီလိုခံယူချက်ချင်းမတူတဲ့ ဆီးရီးယားအရေးမှာ နိုင်ငံရေး၊ အားပြိုင်မှု လွန်ဆွဲပွဲကြီးဟာလည်း ကမ္ဘာက စိတ်ဝင်တစား စောင့်ကြည့်နေကြဆဲ ဖြစ်ပါတယ်။

မြောက်ကိုရီးယားတွင် ကာကွယ်ရေးဝန်ကြီးအား ရာထူးမှဖြုတ်ချ

ပြုံယမ်း မေ ၁၄

မြောက်ကိုရီးယားနိုင်ငံသည် ကာကွယ်ရေးဝန်ကြီး ကင်ကျောက်ဆစ်အား ရာထူးမှ ဖြုတ်ချခဲ့ကြောင်း မေ ၁၄ ရက်က အင်န်အိတ်ချ်ကေ သတင်း၌ ဖော်ပြသည်။ အသက် ၇၅ နှစ်အရွယ် ကင်ကျောက်ဆစ်သည် ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ကာကွယ်ရေးဝန်ကြီးအဖြစ် စတင်ထမ်းဆောင်ခဲ့ပြီးနောက် ခုနစ်လအကြာတွင် ရာထူးမှဖြုတ်ချခံခဲ့ရခြင်းဖြစ်သည်။

ခန့်အပ်

မြောက်ကိုရီးယား နိုင်ငံသည် ပြည်သူ့တပ်မတော်၏ကာကွယ်ရေးဝန်ကြီးအသစ်အဖြစ်ကင်ကျောက်ဆစ်၏နေရာတွင် ဂျန်ဂျောင်နမ်အားအစားထိုးခန့်အပ်ခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာနက ထုတ်ပြန်သည်။

ဂျန်ဂျောင်နမ်သည် ကိုရီးယားနှစ်နိုင်ငံအကြား စစ်မဲ့ဇုန်ဝန်းကျင်နေရာတွင် တာဝန်ထမ်းဆောင်လျက်ရှိသောတပ်မကြီး၏တပ်မှူးအဖြစ် ထမ်းဆောင်ခဲ့သူဖြစ်သည်။ ကင်ကျောက်ဆစ်သည်အာဏာရကိုရီးယားအလုပ်သမားပါတီ၏ နိုင်ငံရေးဗျူရိုအတွက်ကိုယ်စားလှယ်တစ်ဦးအဖြစ်လည်းကောင်း၊ အမျိုးသားကာကွယ်ရေးကော်မရှင်၏ အဖွဲ့ဝင်တစ်ဦးအဖြစ်လည်းကောင်း ယခုနှစ် အစောပိုင်းတွင် ရွေးချယ်ခံခဲ့ရသည်။

ဆောင်ရွက်

ကင်ကျောက်ဆစ်သည် ၂၀၁၀ ပြည့်နှစ်တွင် ဖြစ်ပွားခဲ့သော တောင်ကိုရီးယားစစ်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့မှုနှင့် ယုံပြောင်းကျွန်းအား အမြောက်ဖြင့် ပစ်ခတ်ခဲ့မှုတို့၏ နောက်ကွယ်မှ ပါဝင်ဆောင်ရွက်ခဲ့သူအဖြစ် သိရှိထားသည်။

ပိုမိုခိုင်မာ

စစ်ဘက်ရာထူး အကြီးပိုင်း တာဝန် ပြောင်းလဲခန့်အပ်ခဲ့သည့် အထက်ပါကိစ္စရပ်သည် မြောက်ကိုရီးယားခေါင်းဆောင်အဖြစ် ကင်ဂျုံအန် စတင်တာဝန်ယူထမ်းဆောင်ခဲ့သည့် တစ်နှစ်ကျော်ကြာကာလအတွင်းတွင် တတိယအကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်သည်။ ထိုကဲ့သို့ပြုလုပ်ခြင်းသည် စစ်ဘက်အပေါ် ကင်ဂျုံအန်၏ ဩဇာအရှိန်အဝါနှင့် ခေါင်းဆောင်မှုပိုင်း ပိုမိုခိုင်မာအားကောင်းလာစေရန်အတွက် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။ **(အင်န်အိတ်ချ်ကေ)**

နိုင်ငံတကာသတင်း

အွန်လိုင်းမှတစ်ဆင့် လောင်းကစားခြင်း စင်ကာပူတွင် ထိန်းချုပ်မည်

စင်ကာပူနိုင်ငံတွင် အွန်လိုင်းမှတစ်ဆင့် လောင်းကစားခြင်းကို ထိန်းချုပ်သွားရန် အစီအမံများ ချမှတ်ဆောင်ရွက်နေကြောင်း အစိုးရဝန်ကြီးတစ်ဦးက ပြောကြားသည်။ အစိုးရအနေဖြင့် ပြည်သူလူထုအတွင်း အွန်လိုင်းဝက်ဘ်ဆိုက်များကို အသုံးပြုပြီး လောင်းကစားလုပ်ခြင်းကို တင်းကျပ်သွားမည်ဖြစ်ကြောင်း စင်ကာပူပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

အွန်လိုင်းလောင်းကစားပြုလုပ်ခြင်းသည် လောင်းကစားအသစ်တစ်မျိုးဖြစ်ပြီး လူငယ်များအကြား စိတ်ပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးမှုများဖြစ်နိုင်ကြောင်း၊ ယင်းအတွက် ထိထိရောက်ရောက် အစီအမံများ ချမှတ်၍ အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

....

ဗီယက်နမ်နိုင်ငံက ဒုတိယမြောက်ဂြိုဟ်တု ၂၀၁၇ ခုနှစ်အတွင်း လွှတ်တင်မည်

ဗီယက်နမ်နိုင်ငံက ဒုတိယမြောက်ဂြိုဟ်တုတစ်လုံးကို လာမည့် ၂၀၁၇ခုနှစ်တွင် လွှတ်တင်သွားမည်ဖြစ်ကြောင်း မေ ၁၁ ရက်က သတင်းထုတ်ပြန်ခဲ့သည်။ ဗီယက်နမ်နိုင်ငံတွင် မေ ၇ ရက်က VNRED Sat-IB ဂြိုဟ်တုလွှတ်တင်ခဲ့သည်။ ယင်းဂြိုဟ်တုကို ဗီယက်နမ်နှင့် ဘယ်လ်ဂျီယံတို့ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၎င်းဂြိုဟ်တုကို သဘာဝအရင်းအမြစ်များ၊ သဘာဝဘေးအန္တရာယ်များ ကာကွယ်ရေးအတွက် အဓိကအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံက ၎င်း၏ ဂြိုဟ်တုကို ဥရောပအာကာသအေဂျင်စီမှ ဂြိုဟ်တုတစ်လုံး၊ အက်စ်တိုးနီးယားမှဂြိုဟ်တုနှစ်လုံးနှင့်အတူ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ဒုတိယမြောက်ဂြိုဟ်တုကို ၂၀၁၇ ခုနှစ်တွင် လွှတ်တင်သွားမည်ဟု ဆိုသည်။

မြင့်မောင်စိုး-စုစည်းသည်

နိုင်ငံတကာအာကာသယာဉ်မှူးသုံးဦး မြေပြင်သို့ သက်ဆင်း

နိုင်ငံတကာ အာကာသစခန်းမှနေ၍ ဆိုယုဇ်အာကာသယာဉ်ဖြင့် အာကာသယာဉ်မှူးသုံးဦးတို့ ကမ္ဘာမြေသို့ မေ ၁၄ ရက်က အောင်မြင်စွာပြန်လည်ဆင်းသက်လာခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

နိုင်ငံတကာ အာကာသစခန်းယာဉ်မှနေ၍ မြေပြင်သို့ ပြန်လည်ဆင်းသက်လာသော အာကာသယာဉ်မှူးသုံးဦးမှာ ကနေဒါအာကာသယာဉ်မှူး ခရစ်ဟက်ဖီး၊ နာဆာအာကာသယာဉ်မှူး တွမ်မက်ရှ်ဘန်နှင့် ရုရှားအာကာသယာဉ်မှူး ရိုမင်ရိုမင်နင်ကိုတို့ဖြစ်ပြီး ကာဇက်စတန်အလယ်ပိုင်းရှိ ဇက်ကာဂန်မြို့အနီး မြေပြင်သို့ ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီ ၃၁ မိနစ်က ဘေးကင်းစွာ ပြန်လည် ဆင်းသက်လာခဲ့ခြင်းဖြစ်သည်။

ကနေဒါ အာကာသယာဉ်မှူး ဟက်ဖီးသည် နိုင်ငံတကာစခန်းယာဉ်ပေါ်၌ ငါးလတာကြာမျှ လုပ်ငန်းတာဝန်များ ထမ်းဆောင်စဉ် သီချင်းတစ်ပုဒ်နှင့် ဓာတ်ပုံများစွာ ရိုက်ကူးကာ တွစ်တာပေါ်သို့တင်ပေးခဲ့သည်။

အာကာဟိန်း-ရေးသားသည်

ထို့အတူ နာဆာအာကာသယာဉ်မှူး မက်ရှ်ဘန်ကလည်း အမေရိကန်အာကာသယာဉ်မှူး ခရစ်ကတ်ဆီဒီနှင့်အတူ အာကာသအတွင်းလမ်းလျှောက်ကာ နိုင်ငံတကာအာကာသစခန်းယာဉ်မှ အမိုးနီးယားသိုလှောင်ကန်ယိုစိမ့်မှုဖြစ်ပွားခြင်းကို ပြုပြင်တပ်ဆင်မှုပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

ပြည်တွင်းသတင်း

● ***ကျောဖုံးမှ***

ကျဉ်းမြောင်းသောလမ်း အစိတ်အပိုင်းများ၊ အဆင်းအတက် ကွေ့ကောက်နေသည့် လမ်းကျဉ်းများကို လမ်းချဲ့မှုပြုလုပ်ထားသည်ကို တွေ့ရသည်။ အဆင်းအတက်လမ်းကွေ့ပေါင်း ၂၆ ကွေ့ခန့်ကို တိုးချဲ့ပြုပြင်နိုင်ခဲ့သည်။ ဤလမ်းနှင့်အနီးပတ်ဝန်းကျင် မြို့ရွာများ တိုးတက်ဖွံ့ဖြိုးမှု စည်ဝေလာပေတော့မည်။

ကြိုးစားဆောင်ရွက်

တစ်ဖန် လမ်းတစ်လျှောက် လမ်းတာပေါင်ချဲ့ခြင်း ပြုလုပ်ထားမှုနှင့် ကွန်ကရစ်ရေပြွန်များပြုပြင်မှုများကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်ထားမှုကြောင့် လမ်းပျက်စီးမှုဖြစ်ပေါ်စေမည့်အနေအထားကို ကာကွယ်မှုပြုလုပ်ထားသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ ကတ္တရာပြုပြင်ခြင်းလုပ်ငန်းများကိုလည်း မကြာခဏတွေ့မြင်ခဲ့ရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကြိုးစားဆောင်ရွက်နေခြင်းပင် ဖြစ်သည်။

ဖောက်လုပ်ထား

ဆက်လက်ပြီး ပန်ကေတု၊ ပန်းလေးရွာနှင့် တုံလောရွာများကို ဖြတ်သန်းခဲ့ရာ ဒေသဘူမိအနေအထားအရ ခက်ခဲစွာဖောက်လုပ်ထားသည်ကို တွေ့ရသည်။ အကွေ့အကောက်၊ အဆင်းအတက်များစွာကို ဘေးကင်းစွာ မောင်းနှင်သွားလာနိုင်ရေးအတွက် ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ် မတ်လအထိ လမ်းမိုင်ပေါင်း ၃၀ ကျော် ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။ ဆက်လက်၍လည်း ဆောင်ရွက်လျက်ရှိနေသည်။

လွိုင်လင်-သီပေါ လမ်းမှာ ယခင်က မော်တော်ယာဉ်များ တစ်ညအိပ် ခရီးကြာအောင် မောင်းနှင်ရသည့်လမ်းဖြစ်သည်။ လမ်းကကျဉ်းပြီး လမ်းလည်း ချိုင့်ကြီးများဖြစ်ပေါ်ကာ ဆိုးရွားသော အနေအထားဖြစ်သည်။ ယခုအခါ ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ကားကြီးများ နေ့ချင်းပေါက် အချိန်တိုအတွင်း စုန်ဆန်သွားလာ မောင်းနှင်နိုင်ကြပြီဖြစ်သည်။ ယခင်က ညအိပ် မောင်းနှင်သွားလာခဲ့ရသော လမ်းကား ယခုအခါ သီပေါမြို့သို့ အချိန်တိုအတွင်း ရောက်ရှိခဲ့လေပြီ။

ချိတ်ဆက်မိ

လွိုင်လင်-သီပေါလမ်းကို ၂၄ ပေ အကျယ်နှစ်လမ်းသွား ကတ္တရာလမ်းအဖြစ် အဆင့်မြင့်တင်နိုင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်ကို စီမံကိန်းတင်ပြ အကူအညီတောင်းခံထားပြီးဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံအတွင်း မော်တော်ကားလမ်း ကွန်ရက်ချိတ်ဆက်မိရန် ကြိုးစားလျက်ရှိသည်။

လွိုင်လင်-သီပေါ ကားလမ်းမှာ အာဆီယံလမ်းမ ၁၄ ဖြစ်သော မန္တလေး-မူဆယ်လမ်းနှင့် အာဆီယံလမ်းမ-၂ ဖြစ်သော တာချီလိတ်-ကျိုင်းတုံ-တောင်ကြီး- မိတ္ထီလာလမ်းတို့နှင့် ချိတ်ဆက်သွားလာ၍ရသည့် လမ်းလည်းဖြစ်သည်။ လက်ရှိအနေအထားအရ ကုန်တင်ကားများနှင့် ခရီးသည်တင်ကားများ မောင်းနှင်သွားလာအသုံးပြုနေပြီဖြစ်ရာ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ ကုန်သွယ်မှု တိုးတက်ဖြစ်စေသည့် လမ်းကွန်ရက်တစ်ခုပင်ဖြစ်ရာ မြန်မာနိုင်ငံအား ကုန်သွယ်မှုဖွံ့ဖြိုးပြီး အလှတိုးစေမည့်လမ်းပင်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဒုက္ခသည်များအား ရွှေ့ပြောင်းနေရာချထားပေးလျက်ရှိ

လူမျိုး/ဘာသာ မခွဲခြားဘဲ လူသားချင်းစာနာထောက်ထားပြီး အသက်အန္တရာယ်ကင်းရှင်းအောင် ကူညီဆောင်ရွက်ပေးနေ

နေပြည်တော် မေ ၁၄

ရခိုင်ပြည်နယ် အစိုးရအဖွဲ့သည် ဆိုင်ကလုန်းမုန်တိုင်းမဟာစင်ဘေး ဒဏ်ကာကွယ်ရေးအတွက် ဒေသခံပြည်သူများ၊ ဒုက္ခသည်စခန်းများမှ ဒုက္ခသည်များအား **(ယာပုံ)** ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။

စစ်တွေမြို့၌ မှန်စီခွဆုံ(သားရေစက်ရုံ)အနီးရှိ ရွက်ဖျင်တဲများဖြင့် နေထိုင်သည့် ဘင်္ဂါလီဒုက္ခသည် ၁၂၂ စု၊ လူဦးရေ ၅၁၂ ဦးအား ခေါင်းဒုက္ကာရွာအတွင်းရှိ ဗလီနှင့် စာသင်ကျောင်းများသို့လည်းကောင်း၊ ထို့အပြင် အခြားဘင်္ဂါလီဒုက္ခသည် ၁၁၉ ဦးအား ခေါင်းဒုက္ကာကျေးရွာ မူလတန်းကျောင်းသို့လည်းကောင်း၊ အခြားဘင်္ဂါလီဒုက္ခသည် ၄၂ ဦးအား သက္ကယ်ပြင်ကျေးရွာ တွဲဖက်အလယ်တန်းကျောင်းသို့လည်းကောင်း၊ ပလ္လင်ပြင်ရှိ ဒုက္ခသည် ၁၈ ဦး၊ မင်းဂံဒုက္ခသည် ၃၅၃ ဦးအား အဓိဋ္ဌာန်ကျောင်းနှင့် မင်းဂံတွဲဖက်အထက်တန်းကျောင်းသို့လည်းကောင်း ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

ပေါက်တောမြို့နယ် ငှက်ချောင်းကယ်ဆယ်ရေးစခန်းမှ လူဦးရေ ၅၇၃၆ ဦးအား ဆင်တက်မော်ရွာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း၊ ရသေ့တောင်မြို့နယ် ညောင်ပင်ကြီးကျေးရွာမှ လူဦးရေ ၄၁၆ ဦးအား မူစဲတောင်တန်းသို့လည်းကောင်း၊ ပန်းကိုင်းကျေးရွာမှ လူဦးရေ ၁၀၀၁ ဦး၊ ကုန်တန်းကျေးရွာမှ လူဦးရေ ၄၅ ဦး၊ ကြက်ရိုးကုန်တန်းကျေးရွာမှ လူဦးရေ ၁၁၃၁ ဦး၊ ပြင်ချောင်းကျေးရွာမှ လူဦးရေ ၅၇၄ ဦးတို့အား မေယုတောင်တန်းသို့လည်းကောင်း ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

ကျောက်တော်မြို့နယ် နိဒင်ကယ်ဆယ်ရေးစခန်းမှ လူဦးရေ ၅၀၄ ဦး၊ ခေါင်းတုတ် ကယ်ဆယ်ရေးစခန်းမှ လူဦးရေ ၅၀၀၊ တောင်ဘွေကျေးရွာမှ လူဦးရေ ၅၁၂ ဦး၊ အလယ်ရွာ မှ ၁၃၆ ဦး၊ အပေါက်ဝအလယ်မူ မှ ၁၁၇ ဦး၊ အပေါက်ဝ(ပြားမူ) မှ ၅၂ ဦးတို့အား အာရ်ဗီစာသင်ကျောင်းသို့ လည်းကောင်း၊ ရွှေလှိုင်(မူ)ရွာမှ ၇၃၃ ဦး၊ ရွာညာ(မူ)မှ ၆၂၇ ဦး၊ အင်ဘာရီရွာမှ ၁၂၇၆ ဦးတို့အား မူလတန်းကျောင်းသို့လည်းကောင်း၊ ဂုပ္ပိထောင့်ကျေးရွာမှ ၅၅၆ ဦးအား ဗလီသို့လည်းကောင်း၊ အလယ်ကျွန်းရွာမှ ၈၆ ဦးအား အာရ်ဗီကျောင်းသို့လည်းကောင်း၊ လက်ဆောင်ကောက်ကျေးရွာမှ ၁၄၈ ဦးအား ဗလီသို့လည်းကောင်း ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

မြောက်ဦးမြို့နယ်၌ ပုရိန်ဒုက္ခသည်စခန်းမှ ၁၂၂၈ ဦးအား ပုရိန်မူလတန်းကျောင်းနှင့် ဗလီသို့လည်းကောင်း၊ ယိုင်းသည်ဒုက္ခသည်စခန်းမှ ၂၃၆၁ ဦးအား မူလတန်းကျောင်းနှင့် ဆေးပေးခန်းသို့လည်းကောင်း ရွှေ့ပြောင်း ပေးခဲ့ကြောင်း သိရသည်။

မြေပုံမြို့နယ် ကံသာထွက်ဝရပ်ကွက်ရှိ ဘင်္ဂါလီဒုက္ခသည် ၁၃၄၅ ဦးအား တောင်ပေါ်မူလတန်းကျောင်း၊ ကံသာထွက်ဝရပ်ကွက်ရှိ မြို့နယ်သမဝါယမရုံး၊ ဆည်မြောင်းရုံး၊ စီမံကိန်းရုံး၊ စည်ပင်ဝန်ထမ်းအိမ်ရာများသို့လည်းကောင်း၊ မောင်တောမြို့နယ် ကံသာယာ၊ ဗောဓိကုန်း၊ သရေကုန်ဘောင်ကျေးရွာရှိ လူဦးရေ ၁၁၈၉ ဦးအား ဘေးလွတ်ရာသို့လည်းကောင်း ရွှေ့ပြောင်း နေရာချထားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧယျာသီရိမြို့နယ် မရင်းကြီးကျေးရွာတွင် မေ ၁၄ ရက် နံနက် ၉ နာရီက ဝက်မကြီးမှ ဝက်ခြောက်ကောင်မွေးရာ သုံးကောင်မှာ ဆင်မျက်နှာဖြင့်တစ်ကောင်၊ ကြွက်မျက်နှာဖြင့်တစ်ကောင်၊ မျောက်မျက်နှာဖြင့် တစ်ကောင် ထူးဆန်းစွာမွေးဖွားရာ နှစ်ကောင်မှာ သေဆုံးခဲ့ပြီး မျောက်မျက်နှာဖြင့်ဝက်မှာ အသက်ရှင်လျက်ရှိသည်။ ကျော်သူဝင်း(မြန်မာ့အလင်း)

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက်
လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ ရုံးသုံးနှင့် လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

	ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁)	Nikon Lens AF-SDX 18-200 mm F 3.5,5.6 GED VR II Lens	2 Nos
(၂)	Nikon Flash SB-700 Speed Light	2 Nos
(၃)	Switch 24-ports	2 Nos
(၄)	Switch 24-ports	4 Nos
(၅)	Nikon Digital Camera D 7000 Megapixels 16.2 (only body)with SD memory card,UV filter+Supplied accessories, camera bag	2 Nos
(၆)	Sony Digital Camera (16 Megapixels) with SD memory card,UV Filter+Supplied accessories,camera bag	60 Nos
(၇)	Sony & 65 Camera Sony Lens 16-105 mm Memory Card 4GB Speed 30 MB	30 Nos
(၈)	Sanyo Air Conditioner 2 HP (Spilt Type)	3 Nos
(၉)	Sanyo Air Conditioner 2 HP (Split Type)	4 Nos
(၁၀)	Personal Computer Processor Core i7 2nd,Motherboard-ASUS,Memory 4GB, Hard disk-1 TB,Graphic card 4G,Casing G Viewh,Power supply 650 Watts,Monitor-19 LCD,DVD Writer(Liton), Speaker A4 Tech,keyboard-A4 Tech (USB), Mouse A4 Tech (Optical USB),UPS-Power Tree 650VA	54 Nos
(၁၁)	Laser Printer(A4)	29 Nos
(၁၂)	Digital Multifunction copier(A3)(Size)Konica Bizhub-211	6 Nos
(၁၃)	Laser Color Printer (A4)	4 Nos
(၁၄)	Fax Machine	27 Nos
(၁၅)	UPS (650 VA)	9 Nos
(၁၆)	Laptop,Dell Inspiron 542014r7,Hard disk 1 TB, Memory 6 GB,Graphic 2 GB	12 Nos
(၁၇)	Document Scanner DT-3010C(Autolated Feeder)600 dpi, Duplex 30ppm,50 sheets	2 Nos
(၁၈)	Personal Computer Processor Core i7 2nd,Motherboard-ASUS,Memory 4GB Hard disk-1 TB,Graphic card 4 G, Casing G Viewh,Power supply 550 Watts,Monitor-19 LCD,DVD writer(Liton), Speaker A4 Tech, Keyboard-A4 Tech (USB),Mouse A4 Tech (Optical USB),UPS-Power Tree 650VA	20 Nos
(၁၉)	Digital Multifunction copier(A3)(Size)Konica Bizhub-211	4 Nos
(၂၀)	Document Scanner DT-3010C (Autolated Feeder) 600 dpi, Duplex 30ppm,50 sheets	5 Nos
(၂၁)	Laser Color Printer(A4)	5 Nos
(၂၂)	Dell Web Server Dell Power Edge R.620 Rack Chassis for 8 HDDS Intel Xenun Processor 2.0 GHz 15 MB Cache,8 GB RAM x2.3x 1 TB,DVD R/W	2 Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၀-၅-၂၀၁၃ ရက်မှ ၉-၆-၂၀၁၃ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၀-၆-၂၀၁၃ ရက် နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ-
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆

တင်ဒါတင်သွင်းရန်လိပ်စာ-
ပြည်တွင်း/ပြည်ပ ပစ္စည်းများ၊
ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေး
ကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့ရုံး
ချင်းပြည်နယ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်တွင် တည်ရှိသော ဧရိယာအတိုင်းအတာ (၂၆၀'×၁၈၀'×၈၀'×၁၈၀'×၂၀၀'×၁၅၀'×၁၅၀')ရှိ မြေကွက်ပေါ်တွင် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး (ရုံးခန်းများ၊ အစည်းအဝေးခန်းမများ၊ ယာဉ်ရပ်နားရန်နေရာများ) သုံးထပ်(RC)အမျိုးအစား အဆောက်အအုံတစ်လုံး ဆောက်လုပ်လိုသည့် ကုမ္ပဏီများသည် အောက်ပါအချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်။

(က) အဆောက်အအုံတည်ဆောက်လိုသည့် ကုမ္ပဏီမှရေးဆွဲတင်ပြသော Design estimate ပါ ပစ္စည်းအရေအတွက်၊ အရည်အသွေးစံချိန်စံညွှန်းများအတိုင်း တည်ဆောက်ရမည် ဖြစ်ပါသည်။ ခန့်မှန်းကုန်ကျငွေ(ကြမ်းခင်းဈေး)မှာ ကျပ် ၇၇၀၀ သန်း ဖြစ်ပါသည်။

(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းသည့် ကုမ္ပဏီသည် အဆိုပြုတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းနှင့်ညီမျှသော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို အာမခံအဖြစ် ထားရှိရန်။

(ဂ) တင်ဒါတင်သွင်းမည့် ကုမ္ပဏီအနေဖြင့် ကုမ္ပဏီ၏ Profile ဖြင့်တင်ပြရန်။

(ဃ) အဆောက်အအုံတန်ဖိုးအား တည်ဆောက်မှု ၇၀ ရာခိုင်နှုန်းပြီးစီးချိန်တွင် ၇၀ ရာခိုင်နှုန်းတန်ဖိုးကိုပေးချေ၍ လုပ်ငန်းအားလုံးပြီးဆုံးချိန်တွင် ကျန် ၃၀ ရာခိုင်နှုန်းကို ပေးချေမည် ဖြစ်ပါသည်။

(င) အိတ်ဖွင့်တင်ဒါလျှောက်လွှာတစ်စောင်ကို ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ဝယ်ယူ၍ အောက်ပါအစီအစဉ်အတိုင်း လျှောက်ထားရန်-

(၁)	**အိတ်ဖွင့်တင်ဒါလျှောက်လွှာဝယ်ယူရမည့်ရက်**	- ၁၄-၅-၂၀၁၃ရက်မှ ၁၉-၅-၂၀၁၃ရက်အထိ
(၂)	**အိတ်ဖွင့်တင်ဒါလျှောက်လွှာဝယ်ယူရမည့်အချိန်**	- နံနက် ၀၉း၃၀ နာရီမှ ၁၅း၀၀ နာရီအထိ
(၃)	**အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်**	- ၁၀-၆-၂၀၁၃ရက်
(၄)	**အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်အချိန်**	- နံနက် ၀၉း၃၀ နာရီမှ ၁၅း၀၀ နာရီအထိ
(၅)	**အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ**	- ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဟားခါးမြို့

(စ) သတ်မှတ်ရက်အချိန်ထက် ကျော်လွန်နောက်ကျတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၂။ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အဆောက်အအုံတည်ဆောက်မည့် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည်များကို မေးမြန်းလိုပါက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၇၀-၂၁၀၀၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ချင်းပြည်နယ်အစိုးရအဖွဲ့

နေပြည်တော်ကောင်စီနယ်မြေတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့သော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၄

နေပြည်တော်ကောင်စီနယ်မြေရှိ တောင်သူလယ်သမားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေသည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးခဲ့သော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား နေပြည်တော်ကောင်စီနယ်မြေမှ ပြည်သူများကိုယ်စား နေပြည်တော်ကောင်စီက ဂုဏ်ပြုပွဲအခမ်းအနားကို မေ ၁၃ ရက် နံနက် ၇ နာရီက ဒက္ခိဏသီရိမြို့နယ်ရှိ အဆင့်မြင့် စံပြစက်မှုလယ်ယာမြေ ဧက ၃၀၀၀ ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီးများ ဒက္ခိဏသီရိမြို့နယ်ရှိ အဆင့်မြင့် စံပြစက်မှုလယ်ယာမြေ ဧက ၃၀၀၀ ၌ ခင်းကျင်းပြသထားသော လယ်ယာသုံး စက်ကိရိယာပစ္စည်းများအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က အဖွင့်အမှာစကားပြောကြားရာ၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးမူ (၅)ရပ်ဖြင့် ပြောင်းလဲ ဆောင်ရွက်နေကြောင်း၊ ယင်းမူ(၅)ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် သမားရိုးကျလယ်ကွက်ငယ်များကို ပုံစံကျသည့် စံပြလယ်ကွက်များအဖြစ် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာ၌ နေပြည်တော်ကောင်စီအနေဖြင့် စံပြလယ်မြေဧက ၂၀၀ ကို ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ သို့သော် စံပြလယ်မြေများ ဆက်လက်ဖော်ထုတ်ရန် အခက်အခဲ ဖြစ်နေချိန်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးမှုကြောင့် ယခုအခါ နေပြည်တော် ကောင်စီနယ်မြေ အတွင်းရှိ မြို့နယ်များမှ တောင်သူများ၏ လယ်မြေ ၆၂၉၅ ဧကကို အဆင့်မြင့် စက်မှုလယ်ယာ စံပြကွက်များအဖြစ် ဖော်ထုတ်ပြီးစီးခဲ့ပြီဖြစ်ကြောင်း။

ယင်းသို့ ဖော်ထုတ်ပေးရုံမျှမက တောင်သူများအား အထွက်တိုးမျိုးကောင်း မျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေး၊ ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များဖြင့် စနစ်တကျစိုက်ပျိုးနိုင်ရေးနှင့် ထွက်ရှိလာသော သီးနှံများအား ဈေးကွက်ရရှိရေးတို့အတွက် ကူညီဆောင်ရွက်ပေးခဲ့ပါကြောင်း။

ထို့အတူ တောင်သူများ စိုက်ပျိုးလုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သည့် အရင်းအနှီးများကို သမဝါယမဝန်ကြီးဌာနက ထုတ်ချေးပေးခဲ့ပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနကလည်း တောင်သူများ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွဲဖက်လုပ်ကိုင်နိုင်ရန်အတွက် ဝက်၊ နွား စသည်တို့ကို အကြွေးစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေရှိ တောင်သူများသည် ယခင်က မိုးကို မျှော်၍ မိုးစပါးတစ်သီးသာ စိုက်ပျိုးနိုင်ခဲ့ရာမှ ယခုအခါ တစ်နှစ်သုံးသီးစိုက်ပျိုးလာနိုင်သဖြင့် ဝင်ငွေတိုးတက် ရရှိလာပြီဖြစ်ပါကြောင်း။

ယခုကဲ့သို့ တောင်သူလယ်သမားများ၏ လူနေမှုဘဝ မြင့်မားလာရေးအတွက် ဆောင်ရွက်ပေးခဲ့သော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရန် ကူညီဆောင်ရွက်ပေးသည့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ငွေအရင်းအနှီးရရှိရေးအတွက် ဆောင်ရွက်ပေးသည့် သမဝါယမဝန်ကြီးဌာနတို့မှ ဝန်ထမ်းများအား နေပြည်တော်ကောင်စီနှင့် နေပြည်တော် ကောင်စီနယ်မြေရှိ တောင်သူလယ်သမား အားလုံးက အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဖြင့် ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးခဲ့သော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ယင်းဝန်ကြီးဌာနအောက်ရှိ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနနှင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပြည်ထောင်စု၏ ဗဟိုချက်မဖြစ်သည့် နေပြည်တော်၌ နေပြည်တော်ကောင်စီ၏ အနီးကပ်ရိုင်းပင်းကူညီပံ့ပိုးမှုများဖြင့် မိမိဝန်ကြီးဌာနရှိ ဝန်ထမ်းများက ကြိုးစားအကောင်အထည်ဖော်ခဲ့သဖြင့် ယနေ့အချိန်တွင် လယ်မြေဧက ၆၀၀၀ ကျော်ကို အဆင့်မြင့် စက်မှုလယ်ယာစနစ်သို့ ရာနှုန်းပြည့် အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် ပညာရှင်များ၊ ဝန်ထမ်းများနှင့် ကာယကံရှင် တောင်သူလယ်သမားများက အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် အောင်မြင်မှုရလဒ်ကို အချိန်တိုအတွင်း ရရှိခံစားကြရခြင်းပင်ဖြစ်ပါကြောင်း၊ ထို့အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း စက်ယန္တရားများနှင့် စက်သုံးဆီများ ကူညီပံ့ပိုးပေးခဲ့ပါကြောင်း၊ ယင်းသို့ အောင်မြင်မှုရရှိခြင်းမှာ မိမိဌာနတစ်ခုတည်းသာမက နေပြည်တော်ကောင်စီ၊ ဒေသခံ တောင်သူလယ်သမားများနှင့် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များက ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုကြောင့်ပင် ဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံးတွင် အဆင့်မြင့် စက်မှုလယ်ယာမြေများ ပေါ်ထွန်းလာရန်အတွက်လည်း ပြည်သူများ၏ ပေါင်းစည်းညီညွတ်မှု စွမ်းအားဖြင့် အချိန်ယူကာ ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ချက်ချင်း ရေတွင်းတူး၊ ချက်ချင်းရေကြည် သောက်၍မရပါကြောင်း၊ စိတ်ဆန္ဒစောလွန်းပါက ရေအိုင်လဲပျောက်၊ ရေကြည်လဲနောက် ဖြစ်လိမ့်မည် ဖြစ်ကြောင်း။

ယခုကဲ့သို့ နေပြည်တော်ကောင်စီနယ်မြေအတွင်း စက်မှုလယ်ယာစနစ်၊ တစ်ဆက်တစ်စပ်တည်း အဆင့်မြင့် လယ်ယာမြေများ ပေါ်ထွန်းလာခြင်းသည် နိုင်ငံတစ်ဝန်းရှိ တောင်သူများအတွက် စံနမူနာပြ ရှေ့ပြေးအောင်မြင်မှုများပင်ဖြစ်ပါကြောင်း၊ **တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေကို ဗဟိုပြုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ရာ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီ စသည့် တိုင်းဒေသကြီးများတွင် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း** ဖြင့် ပြောကြားသည်။

ယင်းနောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဝန်ကြီးဌာနအနေဖြင့် စားနပ်ရိက္ခာဖူလုံရေး (Food Security)နှင့် ဘေးအန္တရာယ်ကင်းသော အစားအစာများ ရရှိရေး (Food Safty)ကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာကြံ့ခိုင်သူများ ဖြစ်လာရန်အတွက် သား၊ ငါး၊ ဥနှင့် နို့တို့ကို စားသုံးရန်လိုအပ်ပြီး ထိုသို့စားသုံးနိုင်ရန်အတွက် မွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေတွင် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးလာရန်အတွက် မွေးမြူရေးအစုအဖွဲ့များ ဖွဲ့စည်းပေးထားပြီး နို့စားနွား၊ ဝက်၊ အသားတိုးဘဲ စသည်တို့ကို အကြွေးစနစ်ဖြင့် ဖြန့်ဖြူးပေးလျက် ရှိပါကြောင်း၊ ထို့အပြင် ငါးမွေးမြူရေးကန်များ ဖော်ထုတ် မွေးမြူပေးလျက်ရှိပြီး မွေးမြူရေးလုပ်ငန်းဆိုင်ရာ သင်တန်းများကိုလည်း ဖွင့်လှစ်ပို့ချပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းတို့သည် အပြန်အလှန်အကျိုးပြုနေသည့် လုပ်ငန်းများဖြစ်ရာ လယ်ယာမြင့်မှ သားငါးမြင့်မည်ဆိုသကဲ့သို့ တောင်သူများအနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွဲဖက်လုပ်ကိုင်ကြရန် တိုက်တွန်းလိုကြောင်း၊ သို့မှသာ တောင်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် ကဗျာဆရာ မြင်းမူမောင်နိုင်မိုးက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများအပေါ် ၎င်းကိုယ်တိုင်ဂုဏ်ပြုစပ်ဆိုထားသည့် "လယ်ယာမြေ ရွှေတစ်ခေတ်ပေမို့"ကဗျာကို ရွတ်ဆိုဂုဏ်ပြုခဲ့ပြီး ဒေသခံ တောင်သူနှစ်ဦးကလည်း အဆင့်မြင့်လယ်ယာမြေများ ဖော်ထုတ်ပေးမှုအတွက် ကျေးဇူးတင်စကား ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးခဲ့သော ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (သတင်းစဉ်)

တိုးဂိတ်အနီး မီးလောင်ပြီးသည့်ကား ရှိနေဆဲ

ပဲခူး မေ ၁၄

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အဝင် Max Myanmar တိုးဂိတ်အနီးတွင် ဖေဖော်ဝါရီ ၂၄ ရက်က ကားမီးလောင်မှုဖြစ်ပွားခဲ့ပြီး အဆိုပါ မီးလောင်ခဲ့သည့် HERO(ဖြူဝါ)ခြောက်ဘီးယာဉ်သည် ယနေ့အချိန်ထိ သက်ဆိုင်ရာသို့ သယ်ယူခြင်းမရှိဘဲ မီးလောင်မှုဖြစ်ပွားသည့်နေရာအနီးတွင် ထားရှိခဲ့သည်မှာ သုံးလနီးပါးကြာမြင့်နေပြီဖြစ်သည်။

ပဲခူးမြို့သည် အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်ပြီး မြန်မာနိုင်ငံအရပ်ရပ်သို့ ခရီးသွားကြမည့် ပြည်တွင်းခရီးသွားများနှင့် နိုင်ငံခြားသားဧည့်သည်များ ခရီးသွားလာစဉ် တိုးဂိတ်အနီး မီးလောင်ထားသည့် အဆိုပါကားကြီးမှာ အမြင်မတင့်တယ်သည့်အတွက် သက်ဆိုင်ရာမှ အမြန်ဆုံးသယ်ယူ ဖယ်ရှားပေးရန် လိုအပ်ကြောင်း ဒေသခံများက ဆန္ဒရှိကြသည်။ **သန့်စင်**

ပြင်ဆင်ဖတ်ရှုပါရန် အနူးအညွတ်တောင်းပန်ခြင်း

မေ ၁၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၇ တွင် ဖော်ပြပါရှိခဲ့သော **ရန်ကုန်-ဗန်ကောက်-ရန်ကုန်ခရီးစဉ်သစ်ဖွင့်ပွဲကျင်းပ** သတင်းတွင် ရန်ကုန်မှ ညနေ ၈ နာရီ ၀၅ မိနစ်တွင် ထွက်ခွာမည့်အစား ညနေ ၆ နာရီ ၀၅ မိနစ်တွင် ထွက်ခွာမည်ဟု သတင်းစာဖတ်ပြည်သူများ ပြင်ဆင်ဖတ်ရှုပေးပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

ပျောက်ဆုံးကြောင်း

ကျွန်မဒေါ်ငွေစိန် ကိုင်ဆောင်သော ပတ်စ်ပို့နံပါတ် ၈၄၀၃၀၁ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ။

ဖုန်း-၀၉-၅၁၅၉၄၁၆

လူပျောက်



ကြော်ငြာပါ ဓာတ်ပုံရှင် စိတ်ဝေဒနာရှင် မောင်တံလှစိုး ၁၁/ကတန(နိုင်)၁၂၁၄၆၁ အသက်(၂၀)သည် ၃၀-၄-၂၀၁၃ ရက်တွင် ရန်ကုန် အောင်မင်္ဂလာအဝေးပြေးကားဂိတ် ရွှေတော်ကားမှအဆင်းတွင် ပျောက်ဆုံးသွားပါသဖြင့် ထိန်းသိမ်းထားသူ၊ တွေ့ရှိသူများ အောက်ပါလိပ်စာများသို့ အမြန်ဆုံးဆက်သွယ်ပါရန်။ **(ကျေးဇူးဆပ်ပါမည်။)**

ဆက်သွယ်ရန် - ဦးစန္ဒီမာ ဖုန်း-၀၁-၅၅၅၁၇၅

ဒေါ်လှသိန်းယဉ် ဖုန်း-၀၉-၄၂၀၁၃၃၄၆၄၊ ၀၁-၆၃၆၂၆၉

တိုက်ခန်းသစ်ရောင်းမည် (ပွဲစားမလို)

- စမ်းချောင်း၊ ပေ(၁၂$\frac{၁}{၂}$x၅၀)၊ သံပန်း၊ ဘိုထိုင်အိမ်သာ။
- ကိုယ်ပိုင်(ရေ၊ မီး)၊ တိုက်သစ်၊ (လူမနေရသေး)။
- တတိယထပ် ကျပ် ၂၇၇ သိန်း
- စတုတ္ထထပ် ကျပ် ၂၅၂ သိန်း

ပိုင်ရှင် ဖုန်း-၀၉-၇၃၂၀၁၁၇၉

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဖြတ်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (မိုင်းဖြတ်မြို့)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
၁။	(က) ခွဲကျောက်မျိုးစုံ	၄၉၇၁ ကျင်း
	(ခ) သဲ	၃၉၅ ကျင်း
	(ဂ) သစ်ခွဲသား	၂၈ တန်
	(ဃ) ဘလောက်အုတ်	၃၅၇၈၉ ချပ်

တင်ဒါလျှောက်လွှာပိတ်ရက် - ၂၁-၅-၂၀၁၃ ရက်

တင်ဒါလျှောက်လွှာပိတ်မည့်အချိန်- ညနေ ၄ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၄-၅-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ

ဖုန်း-၀၈၄-၆၃၀၂၁၊ ၀၉-၄၂၈၂၂၂၉၄၀

ပြည်နယ်အစိုးရအဖွဲ့ ရခိုင်ပြည်နယ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အတွင်းရှိ မူလတန်းကျောင်းသားကျောင်းသူများအတွက် လေ့ကျင့်ခန်းစာအုပ်များ (မျဉ်းနှစ်ကြောင်း) ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၆-၅-၂၀၁၃ ရက်

တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၂၂-၅-၂၀၁၃ ရက်
နံနက် ၁၁ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်း၍ လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀ိ/(ကျပ်တစ်သောင်း) နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး
စစ်တွေမြို့

ပြည်တွင်းသတင်း

ရခိုင်ပြည်နယ်အတွင်း စာသင်ကျောင်းများ ဆောက်လုပ်ရေးအတွက် အင်ဒိုနီးရှားသမ္မတနိုင်ငံအစိုးရက အမေရိကန်ဒေါ်လာ တစ်သန်းလှူဒါန်း

နေပြည်တော် မေ ၁၄

ရခိုင်ပြည်နယ်အတွင်း မူလတန်းကျောင်းများ ဆောက်လုပ်ရန် အင်ဒိုနီးရှားသမ္မတနိုင်ငံအစိုးရက မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာ တစ်သန်းပေးအပ်လှူဒါန်းပွဲကို မေ ၁၃ ရက် ညနေ ၄ နာရီက နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရက လှူဒါန်းသည့် အမေရိကန်ဒေါ်လာ တစ်သန်းအား ရခိုင်ပြည်နယ်အတွင်း အမှန်တကယ်လိုအပ်လျက်ရှိသော မြို့နယ်များတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ် အစိုးရတို့ကြီးကြပ်၍ မူလတန်းကျောင်းများအား ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် အတွင်းရှိ ပညာရေးလိုအပ်ချက်သည် အရေးကြီးသည့် အခန်းကဏ္ဍတွင် တည်ရှိသည့်အတွက် ယခု လှူဒါန်းမှုသည် ဒေသခံပြည်သူများအတွက် များစွာအကျိုးရှိထိရောက်စေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး H.E.Mr. Sebastianus Sumarsono က ယခုလှူဒါန်းမှုသည် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Dr.R.M.Marty M.Natalagawa မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း လာရောက်ပြီး ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၏ နောက်ဆက်တွဲ ရလဒ်ကောင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းရသည့်အတွက် မိမိအနေဖြင့် များစွာဝမ်းမြောက်မိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

လှူဒါန်းငွေ လွှဲပြောင်းလက်ခံခြင်း မှတ်တမ်းအား နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်ဇော်ဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှား သံအမတ်ကြီးတို့က လက်မှတ်ရေးထိုးကြပြီး**(အပေါ်ပုံ)** အလှူငွေ အမေရိကန်ဒေါ်လာ တစ်သန်းအား ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၄

စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီအဖွဲ့ဝင်များ၏ တက်ညီလက်ညီဆောင်ရွက်မှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာမှုတို့ကြောင့် အစီရင်ခံစာပါအချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန် အလားအလာကောင်းများ ရရှိနေပြီဖြစ်ကြောင်း သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း**(ယာပုံ)**က ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

ခွဲဝေဆောင်ရွက်

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက ကော်မတီအဖွဲ့ဝင်များအားလုံးသည် လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လည်း ကော်မတီ (၄)ရပ်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို ခွဲဝေဆောင်ရွက်လျက်ရှိပါကြောင်း။

ကော်မတီအဖွဲ့ဝင်များအားလုံးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် လက်တွဲပူးပေါင်းပြီး ဆောင်ရွက်ရန်၊ ကျေးရွာများသို့ ကွင်းဆင်း၍ ဤဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး ထိတွေ့ဆက်ဆံပြီး ဒေသခံပြည်သူများ၏ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် CSR လုပ်ငန်းများအား ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

ဆွေးနွေးတင်ပြ

ထို့နောက် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးက မြေပြင်လုပ်ငန်းဆိုင်ရာများနှင့် ရုံးလုပ်ငန်းဆိုင်ရာများဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကိုလည်းကောင်း၊ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက မြေယာကိစ္စများအား လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက လက်ပံတောင်းတောင်ကြေးနီ စီမံကိန်းနယ်မြေအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်မည့်အစီအစဉ်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က သတ္တုနယ်မြေသတ်မှတ်ရေးနှင့် တူးဖော်ရေးလုပ်ငန်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးသန့်ရှင်းက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်စပ်လျဉ်း၍ တင်ပြချက်များ၊ ဒေသခံတောင်သူများ၏ တင်ပြတောင်းဆိုမှုများနှင့် ဆွေးနွေးညှိနှိုင်းမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သိမ်းဆည်းမြေယာ စိစစ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးအုန်းသန်းက သိမ်းဆည်းမြေယာများ စိစစ်ထားရှိမှု၊ မြေယာနစ်နာကြေးနှင့် သီးနှံလျော်ကြေးများ ထုတ်ပေးမှုနှင့် မြေယာများ ပြုပြင်ဖော်ထုတ်၍ ဒေသခံများအား ခွဲဝေပေးနေမှုများကို လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က စီမံကိန်း နယ်မြေအား အသေးစိတ်လေ့လာပြီး နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးမျိုးအောင်က လူမှုစီးပွားဆိုင်ရာ လုပ်ငန်းများဖြစ်သည့် ဒေသခံပြည်သူများ၏ နေအိမ်ဆောက်လုပ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းခြင်းနှင့် ပြန်လည် တည်ဆောက်ခြင်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးစိုးဝင်းက စီမံကိန်းနယ်မြေအတွင်း ကျရောက်နေသည့် သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာအကြီးအကဲများက ဒေသအတွင်း ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ဝိုင်းဝန်းကြိုးပမ်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက လုပ်ငန်းများ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်နိုင်ရေးအတွက် ဒေသ၏ လိုအပ်ချက်နှင့် အခက်အခဲများကို ရှင်းလင်းတင်ပြသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ လုပ်ငန်းကြီးတစ်ခုလုံး အောင်မြင်အောင် ကော်မတီအဖွဲ့ဝင်များ အားလုံးက အချင်းချင်းပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်နှင့် ပြည်သူအကျိုး ဖြစ်ထွန်းရေးကို အဓိက ဦးစားပေး စဉ်းစား၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မေ ၁၃ ရက်က ရန်ကုန်မြို့ Delegation of European Union ၏ Europe Day အထိမ်းအမှတ်ညစာခံပွဲအခမ်းအနား တက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်အား ဥရောပသမဂ္ဂ (European Union) Ambassador David Lipman ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

▲ ရှေ့ဖုံးမှ

၃။ ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်မည်ဖြစ်သည်။

၄။ ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ လိမ္မော်ရောင်အဆင့်သို့ရောက်ရှိပြီး မြန်မာနိုင်ငံ(ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်း) နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေဒေသများဆီသို့ ဦးတည်ရွေ့လျားနေသည့်အခြေအနေဖြစ်သည်။ နောက်ဆုံးတိုင်းထွာရရှိသောခန့်မှန်းချက်များအရ မေ ၁၆ ရက်နေ့ ညပိုင်းခန့်တွင် မြန်မာနိုင်ငံ (ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်း) ကမ်းခြေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေဒေသများဆီသို့ ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း ခန့်မှန်းရသည်။

၅။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ရှောင်ရှားရန်လိုအပ်ကြောင်း အကြံပြုအပ်ပါသည်။

(မိုးလေဝသနှင့်ဇလဗေဒ)

ပြည်တွင်းသတင်း

ရှေ့ဖုံးမှ

(ဃ) ပြည်ထောင်စုဝန်ကြီး ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန — အဖွဲ့ဝင်
(ဌ) ပြည်ထောင်စုဝန်ကြီး ပို့ဆောင်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(ဍ) ပြည်ထောင်စုဝန်ကြီး စွမ်းအင်ဝန်ကြီးဌာန — အဖွဲ့ဝင်
(ဎ) ပြည်ထောင်စုဝန်ကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(ဏ) ပြည်ထောင်စုဝန်ကြီး ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(တ) ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(ထ) ပြည်ထောင်စုဝန်ကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန — အဖွဲ့ဝင်
(ဒ) ပြည်ထောင်စုဝန်ကြီး အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန — အဖွဲ့ဝင်
(ဓ) ပြည်ထောင်စုဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(န) ပြည်ထောင်စုဝန်ကြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(ပ) ဝန်ကြီးချုပ် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး — အဖွဲ့ဝင်
(ဖ) ဒုတိယဝန်ကြီး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — အတွင်းရေးမှူး
(ဗ) ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး — တွဲဖက်အတွင်းရေးမှူး

၂။ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဗဟိုကော်မတီ၏ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရန်အတွက် လိုအပ်သောအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ အဆင့်ဆင့်သောလုပ်ငန်းများအနက် အရေးကြီးသော လုပ်ငန်းများအား မူဝါဒပေးခြင်း၊ ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် တိုးတက်မှုကို ပြန်လည်သုံးသပ်၍ လိုအပ်သလို လမ်းညွှန်ခြင်း။

(ခ) သဘာဝဘေးကြုံတွေ့နေချိန်တွင် ပြည်တွင်းစွမ်းအားစုများကို လိုအပ်သလို ထုတ်နုတ်သုံးစွဲနိုင်ရေးဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း။

(ဂ) ပြည်ပမှအကူအညီလိုအပ်သည်ဟု ဆုံးဖြတ်သောကိစ္စရပ်များအတွက် ပေါင်းစပ်ဆောင်ရွက်ရေးဆိုင်ရာ အခြေခံမူဝါဒများ ချမှတ်ပေးခြင်း။

(ဃ) နိုင်ငံတော်ဘဏ္ဍာနှင့် နိုင်ငံတော်ပိုင်အရင်းအမြစ်များအား စီမံခန့်ခွဲလျက် လိုအပ်သောနေရာများသို့ ကူညီပေးခြင်း။

(င) သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရေးနှင့် အခက်အခဲ အဟန့်အတားမရှိစေရေးအတွက် လည်းကောင်း၊ ကယ်ဆယ်ရေးပစ္စည်းများအား အလွဲသုံးစားမှု မရှိစေရေး အတွက်လည်းကောင်း၊ သဘာဝဘေးကြုံတွေ့နေချိန်နှင့် ကြုံတွေ့ပြီးချိန်တွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်လည်းကောင်း လိုအပ်ပါက အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ခြင်း။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၄၆/၂၀၁၃
၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
(၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက်)

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ဆပြီး ကာကွယ်စောင့်ရှောက်ရေးအစီအမံများ စနစ်တကျပြုလုပ်ထားနိုင်ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်လာသည့် အခြေအနေတွင် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ကူညီရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေးနှင့် "အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ"မှ ချမှတ်ပေးသည့် မူဝါဒများနှင့် လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **"အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

(က) ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ
(ခ) ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ
(ဂ) ဒုတိယဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ
(ဃ) ဒုတိယဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(င) ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်
(စ) ဥက္ကဋ္ဌ ဆပ်ကော်မတီများ အားလုံး — အဖွဲ့ဝင်
(ဆ) ဝန်ကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ အားလုံး — အဖွဲ့ဝင်
(ဇ) ညွှန်ကြားရေးမှူးချုပ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာထားရေးဦးစီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — အတွင်းရေးမှူး
(ဈ) ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

၂။ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီသည် အောက်ပါဆပ်မကော်မတီများကို သင့်လျော်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပါသည်-

(က) သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီ
(ခ) အရေးပေါ်ဆက်သွယ်ရေးဆပ်ကော်မတီ
(ဂ) ရှာဖွေရေးနှင့်ကယ်ဆယ်ရေးဆပ်ကော်မတီ
(ဃ) ပျက်စီးမှုပဏာမသတင်းရရှိရေးနှင့် အရေးပေါ်ထောက်ပံ့ရေး ဆပ်ကော်မတီ
(င) ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးဆပ်ကော်မတီ
(စ) ပို့ဆောင်ရေးနှင့်လမ်းကြောင်းရှင်းလင်းရေး ဆပ်ကော်မတီ
(ဆ) ဘေးအန္တရာယ်လျော့ပါးရေးနှင့် အရေးပေါ်အခိုအကာ ထူထောင်ရေး ဆပ်ကော်မတီ
(ဇ) ကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မတီ
(ဈ) ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေး ဆပ်ကော်မတီ
(ည) လုံခြုံရေးဆပ်ကော်မတီ

၃။ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှု လုပ်ငန်းများဖြစ်သည့် ဘေးလျော့ပါးရေးလုပ်ဆောင်မှု၊ ကြိုတင်ကာကွယ်မှု၊ ဘေးကျရောက်ချိန် ကယ်ဆယ်ထောက်ပံ့မှု၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်မှု အစရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီမှ ချမှတ်ပေးထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ထုံးလုပ်နည်းများ ရေးဆွဲသတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(ခ) ကယ်ဆယ်ထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့အတွက် ပြည်တွင်းအကူအညီများကို စီမံခန့်ခွဲခြင်းနှင့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီမှ တာဝန်ပေးအပ်ပါက ပြည်ပအကူအညီများကိုပါ စီမံခန့်ခွဲခြင်း။

(ဂ) သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လူထုပညာပေးအစီအစဉ်များနှင့် လုပ်ငန်းစဉ်များတွင် ပြည်သူလူထုပါဝင်လာစေရန် စီမံဆောင်ရွက်ခြင်း။

(ဃ) အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီသို့ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များအား အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်း။

(င) သဘာဝဘေးကြိုတင်ခန့်မှန်းခြင်းစနစ်နှင့် ကြိုတင်သတိပေးမှုစနစ် ထူထောင်ရေး၊ ကြိုတင်သတိပေးစနစ်မှသတိပေးချက်ရရှိလာချိန်တွင်အချိန်မီအောက်ခြေအထိ ဆက်လက် အသိပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း။

(စ) သဘာဝဘေးအရွယ်အစားအရ ပါဝင်ဆောင်ရွက်ပေးရမည့် ဌာနများ၊ အဖွဲ့အစည်းများအား သတ်မှတ်တာဝန်ပေးအပ်ခြင်း။

(ဆ) လုပ်ငန်းစဉ်အလိုက် တာဝန်ယူဆောင်ရွက်မည့်ပုဂ္ဂိုလ်များ၊ ဌာနအဖွဲ့အစည်းများ သတ်မှတ်ပေးခြင်းနှင့် သတင်းပို့စနစ် သတ်မှတ်ပေးခြင်း။

(ဇ) ဆပ်ကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များအား ကြပ်မတ်ခြင်း၊ ဆပ်ကော်မတီများအား ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

(ဈ) စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတိုးတက်မှု အခြေအနေများကို (၄)လတစ်ကြိမ် ဗဟိုကော်မတီဥက္ကဋ္ဌထံ တင်ပြအစီရင်ခံရန်။

(ည) သဘာဝဘေးကြုံတွေ့ချိန်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း ဆောင်ရွက်မှုများအား ကွပ်ကဲခြင်း။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပေါက်တောမြို့နယ်ရှိ ဒုက္ခသည်စခန်းမှ ဒုက္ခသည်များ မုန်တိုင်းရန်ကာကွယ်ရေးအတွက် ရွှေ့ပြောင်းစဉ် စက်လှေတစ်စင်း တိမ်းမှောက်

နေပြည်တော် မေ ၁၄

မေ ၁၃ရက်ညပိုင်းက ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်ရှိ ဒုက္ခသည်စခန်းမှ ဘင်္ဂါလီဒုက္ခသည်များသည် မုန်တိုင်းရန်မှတိမ်းရှောင်ရန်အတွက် စက်လှေခုနစ်စင်းဖြင့် ရွှေ့ပြောင်းထွက်ခွာစဉ် တစ်စင်းမှာတိမ်းမှောက်ပြီး စက်လှေပေါ်ပါရှိသူ ၅၀ ကျော် ပျောက်ဆုံးနေကြောင်း သိရသည်။

ည ၁၀ နာရီခန့်က ပေါက်တောမြို့နယ် ပုဏ္ဏားကြီးကျေးရွာအုပ်စု ငှက်ချောင်းဒုက္ခသည်စခန်းမှ ဘင်္ဂါလီများသည် စက်လှေခုနစ်စင်းဖြင့် ဆင်တက်မော်ကျေးရွာသို့ ထွက်ခွာစဉ် စက်လှေခြောက်စင်းမှာ ဆင်တက်မော်ကျေးရွာသို့ ရောက်ရှိခဲ့ကြောင်း၊ ကျန်စက်လှေတစ်စင်းမှာမူ ကုလားတန်မြစ်နှင့် ကျွဲကူးမြစ်ဆုံမြစ်ဝအနီး၌ ကျောက်ဆောင်နှင့် တိုက်မိပြီး တိမ်းမှောက်သွားခဲ့ကြောင်း၊ တိမ်းမှောက်သည့် စက်လှေပေါ် ပါရှိသူများအနက် ၄၂ ဦးအား ပေါက်တောမြို့နယ် အနောက်ရဲ ဒုက္ခသည်စခန်း၌ ကယ်ဆယ်ထားခဲ့ကြောင်း၊ ကျန် ၅၈ ဦးမှာ ပျောက်ဆုံးနေသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒီရေအန္တရာယ်ကျရောက်နိုင်သည့် ကျေးရွာများရှိမိသားစုများအား ရွှေ့ပြောင်းပေး

နေပြည်တော် မေ ၁၄

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ မဟာစင်ဆိုင်ကလုန်းမုန်တိုင်းသတိပေးချက်များ ထုတ်ပြန်ပြီးနောက် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ မုန်တိုင်းဒီရေအန္တရာယ်ကျရောက်နိုင်သည့် ကျေးရွာများမှ မိသားစုများအား မုန်တိုင်းဒီရေအန္တရာယ်ကင်းလွတ်မည့်နေရာများသို့ မေ ၁၃ ရက်မှစတင်၍ တပ်မတော်သားများက တပ်ပိုင်ယာဉ်များဖြင့် ကူညီရွှေ့ပြောင်းပေးလျက်ရှိရာ ယနေ့ညနေပိုင်းတွင် စစ်တွေမြို့နယ် အုန်းတောလေး ဒုက္ခသည်စခန်းမှ မိသားစု ၁၂စု၊ လူဦးရေ ၄၅ ဦးအား စစ်တွေမြို့ နယ်မြေခံတပ်အတွင်းသို့ တပ်မတော်သားများက တပ်ပိုင်ယာဉ်များဖြင့် ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ဓါတ်ပုံ)**

(သတင်းစဉ်)

မဏ္ဍလေးနှင့်အထက်မြန်မာပြည်သတင်း

ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲနှင့် ဓမ္မာရုံသစ်လွှဲပြောင်းပေးအပ်ပွဲကျင်းပ

နေပြည်တော် မေ ၁၄

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်အတွင်းရှိ ဓမ္မာရုံတွင် ကိန်းဝပ်စံပယ်တော်မူရန် ပင့်ဆောင်ပူဇော်ထားသည့် ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ပွဲနှင့် ရပ်ကွက်ဓမ္မာရုံလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၁၂ ရက် နံနက် ၉ နာရီက အဆိုပါ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးသန်းကျော်ထူးနှင့် ကော်မတီဝင်များ၊ ရပ်ကွက်နေဝန်ထမ်းများ၊ မိသားစုများ၊ ဓမ္မာရုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြည်နှင့် အလှူရှင်များ၊ ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်္ဂလာသိဒ္ဓိရပ်ကွက် အေးမြရွှေပြည်ကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏသိရီနှင့် သံဃာတော်များမှ ဗုဒ္ဓါဘိသေက အနေကဇာတင်ရွတ်ဖတ်ပူဇော်ပြီး တက်ရောက်လာကြသည့်ဧည့်ပရိသတ်များက သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။ ထို့နောက် ဓမ္မာရုံနှင့် သက်ဆိုင်သောစာရွက်စာတမ်းများကို နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင် ဦးသန်းဦးက မင်္ဂလာသိဒ္ဓိရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြည်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ **(အပေါ်ယာပုံ)** နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် နေပြည်တော်စည်ပင်သာယာရေးနယ်မြေအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ ဓမ္မာရုံပေါင်း ၁၇ ခုဆောက်လုပ်လျက်ရှိပြီး ယခုဖွင့်လှစ်သော မင်္ဂလာသိဒ္ဓိရပ်ကွက် ဓမ္မာရုံအပါအဝင် ဓမ္မာရုံခုနစ်ခုလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ဓမ္မာရုံများကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ ရပ်ကွက်ဓမ္မာရုံ တည်ဆောက်ပေးခဲ့သဖြင့် ရပ်ကွက်အတွင်းရှိ ဌာနပေါင်းစုံမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများသည် ဓမ္မာရုံတွင် သီတင်းသီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ အခါကြီးရက်များတွင် ဘာသာရေး၊ သာသနာရေး၊ လူမှုရေးကိစ္စရပ်များကို ယခင်ကထက် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ကျောင်းများမှ မိတ္ထီလာကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်များအား နေရပ်ပြန်ပို့

မိတ္ထီလာ မေ ၁၄

မိတ္ထီလာမြို့တွင် မတ် ၂၀ ရက်က စ၍ ဆူပူအကြမ်းဖက်မှုများကြောင့် ဒုက္ခသည်ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ပြုစုစောင့်ရှောက်ထားခဲ့သည်။ ထိုဒုက္ခသည် လူမှုကယ်ဆယ်ရေးစခန်းများဖြစ်သော အထက(၁) ဒုက္ခသည်စခန်းရှိ အိမ်ထောင်စု ၆၆၆ စုမှ လူဦးရေ ၂၇၁၄ဦး၊ အထက(၃) ဒုက္ခသည်စခန်းရှိ အိမ်ထောင်စု ၃၇၅ စုမှ လူဦးရေ ၁၃၃၁ ဦး၊ အထက(၅) ဒုက္ခသည်စခန်းရှိ အိမ်ထောင်စု ၂၈၂ စုမှ လူဦးရေ ၁၀၄၅ ဦး၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ဒုက္ခသည်စခန်းရှိ အိမ်ထောင်စု ၂၅၅ စုမှ လူဦးရေ ၉၄၂ ဦး၊ ခရိုင်အားကစားကွင်း ဒုက္ခသည်စခန်းရှိ အိမ်ထောင်စု ၄၃၁ စုမှ လူဦးရေ ၁၅၈၃ ဦး၊ အလက(၂) ဒုက္ခသည်စခန်းရှိ အိမ်ထောင်စု ၁၈၂ စုမှ လူဦးရေ ၄၁၅ ဦးနှင့် အမက(၁၆) အင်းကုန်းဒုက္ခသည်စခန်းရှိ အိမ်ထောင်စု ၁၂၃ စုမှ လူဦးရေ ၄၄၈ ဦး၊ စုစုပေါင်း ဒုက္ခသည် ၈၄၆၈ ဦးတို့ကို ဒုက္ခသည်စခန်းအသီးသီးတွင် ထားရှိကာ ဒုက္ခသည်များအတွက် စားသောက်နေထိုင်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။

ယခုအခါ မိတ္ထီလာမြို့တွင် တစ်နေ့တခြား တည်ငြိမ်အေးချမ်းသာယာပြီး မြို့အနေအထားမှာ မူလပုံစံအခြေအနေသို့ ရောက်ရှိနေပြီဖြစ်၍ ဒုက္ခသည်စခန်းအသီးသီးမှ မိမိနေအိမ်ရှိရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျပြန်လည်ပေးပို့နေသည်။ ထို့အပြင် ကျောင်းများပြန်လည် ဖွင့်လှစ်တော့မည်ဖြစ်၍ အထက(၁)၊ အထက(၃)၊ အထက(၅)မှ ဒုက္ခသည်များကိုလည်း ၎င်းတို့၏ နေအိမ်အသီးသီးသို့ ပြန်လည်ပေးပို့ပြီးဖြစ်၍ အထကကျောင်းသုံးကျောင်းတွင် သန့်ရှင်းရေးများပြုလုပ်ကာ စာသင်ခန်းများကို ကျောင်းဖွင့်အမီ သန့်ရှင်းဆေးကြောထားသည်ကို တွေ့ရသည်။ ထို့အပြင် ယခုလက်ရှိ အလက(၂)မှ ဒုက္ခသည်စခန်းရှိ အိမ်ထောင်စု ၁၈၂ စု၊ အိမ်ထောင်စုမှ ၄၂၀ နှင့် အမက (၁၆) အင်းကုန်း မူလတန်းကျောင်းမှ ဒုက္ခသည်အိမ်ထောင်စု ၁၂၃ စုမှ ဒုက္ခသည် ၄၄၉ ဦးတို့ကိုလည်း ကျောင်းဖွင့်အမီ တစ်ရက်နှစ်ရက်အတွင်း အမြန်ဆုံးပြောင်းရွှေ့ပေးရန် သက်ဆိုင်ရာအဖွဲ့အစည်းများက အမြန်ဆုံးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

တင်လှိုင် (မိတ္ထီလာ)

လားရှိုး၌ လျှပ်စစ်ဓာတ်အား ပိုမိုရရှိလာတော့မည်

လားရှိုး မေ ၁၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ဓာတ်အားခွဲစက်ရုံ၌ ၆၆/၃၃ KV ထရန်စဖော်မာတစ်လုံးတိုးချဲ့တပ်ဆင်ထားခြင်းကြောင့် လျှပ်စစ်ဓာတ်အား ပိုမိုပေးဝေနိုင်တော့မည်ဖြစ်သည်။

လားရှိုးပင်မဓာတ်အားခွဲရုံမှူး ဦးသက်အောင်က "အခု အသစ်တပ်ဆင်တဲ့ ထရန်စဖော်မာက ၆၆/ ၃၃ KV၊ ၁၀ MVA ဖြစ်ပါတယ်။ လားရှိုးမြို့တွင်းနဲ့ မြို့နယ်ထဲက ကျေးရွာတွေကို ရွှေစာရံကလာတဲ့ ဓာတ်အားကို ပြန်ပြီး ဖြန့်ဝေပေးတာပါ။ မကြာခင် လားရှိုးမြို့နယ်တွင်း ကျေးရွာတွေကို ပိုမိုဖြန့်ဝေပေးမှာမို့ အသစ်ထပ်မံတိုးချဲ့တပ်ဆင်ခြင်းဖြစ်ပါတယ်" ဟု ရှင်းပြသည်။

"မန်စီကလာတဲ့ ၂၃၀/၆၆ KV ဓာတ်အားလိုင်းက ၆၀ MVA နဲ့ လာတဲ့ဓာတ်အားကို လားရှိုးပင်မဓာတ်အားခွဲစက်ရုံက ၆၆/၃၃ KV၊ ၂၀ MVA နဲ့ လက်ခံထားပြီး မြို့တွင်းနဲ့အနီးရွာတွေကို မီးပေးပါတယ်။ မြို့ပေါ်မှာ လျှပ်စစ်ဓာတ်အားသုံးစွဲသူ ၂၃၀၀၀ လောက်ရှိပြီး ရှေ့နှစ်မှာ သုံးစွဲသူ ၃၀၀၀၀ လောက်ရှိလာမှာပါ။ မြို့နယ်ထဲက ဟိုပိတ်၊ နမ့်ကျန်၊ နားဖစတဲ့ ကျေးရွာတွေအထိ ဓာတ်အားပို့လွှတ်ပေးဖို့ရှိပါတယ်" ဟု မြို့နယ်လျှပ်စစ်ဌာနမှ မြို့နယ်အင်ဂျင်နီယာ ဦးမျိုးကိုကိုကျော်က ပြောကြားသည်။

မမ(လားရှိုး)

လေဘေးဒုက္ခသည်များအတွက် လှူဒါန်း

စစ်ကိုင်း မေ ၁၄

စစ်ကိုင်းမြို့ လေးကျွန်းမြေအုတ်ကျောင်း ပဋ္ဌာန်းနာယကဆရာတော် ဘဒ္ဒန္တဓမ္မပီယာလင်္ကာရ အမှူးပြုသော သုခကာရီကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းအောင်၊ ဒုဥက္ကဋ္ဌ ဦးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် မေ ၁ ရက်က တိုက်ခတ်ခဲ့သောလေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးဆုံးရှုံးသွားသော စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မင်းကျီကျေးရွာသို့ မေ ၁၁ ရက်က သွားရောက်ကာ လူသားချင်းစာနာသောအားဖြင့် ငွေနှင့်စားသောက်ဖွယ်ရာများ သွားရောက်ကူညီထောက်ပံ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် မင်းကျီကျေးရွာတွင် လူနေအိမ် ၁၁၀၀ ရှိသည့်အနက် လူနေအိမ် ၂၁၃လုံးပြိုကျပြီး အိမ် ၃၆၅ လုံး ပျက်စီးခဲ့သည်။ ဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်း ရှိသည့်အနက် သုံးကျောင်းပြိုကျပျက်စီးခဲ့ပြီး စေတီတော်ရှစ်ဆူပြိုကျကာ ခြောက်ဆူထီးတော် ယိုင်ရွဲ့ကုန်သည်။

ဘုန်းတော်ကြီးကျောင်း ကိုးကျောင်းကို တစ်ကျောင်းလျှင် ကျပ်တစ်သိန်းစီ၊ နှစ်ကျောင်းကို ကျပ်နှစ်သိန်းစီပျက်စီးသွားသည့် အထက်တန်းကျောင်းခွဲကို ကျပ် ၁၀ သိန်း၊ တိုက်နယ်ဆေးရုံကို ကျပ်ငါးသိန်း၊ ဘုန်းတော်ကြီးများအား သင်္ကန်း ၇၇စုံ၊ ထီးအလက် ၄၀၊ လေဘေးဒုက္ခသည်များအား ငွေနှင့် စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များ စုစုပေါင်း ငွေကျပ်သိန်း ၅၀ ခန့် လှူဒါန်းခဲ့ကြောင်း သိရသည်။

(၁၃၇)

မုန်တိုင်းသတိပေးချက် မကွေးတိုင်းဒေသကြီး ဒေသအနှံ့တွင် ပြုလုပ်

မကွေး မေ ၁၄

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ မကွေးမြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်ခန်းများ၊ လုပ်သားပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဦးစီးဌာနမှ ထုတ်ဝေသည့် မုန်တိုင်းဖြစ်ပေါ်ပါက ကြိုတင်ကာကွယ်ရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ညပိုင်းတွင် မော်တော်ယာဉ်ဖြင့် မြို့တွင်းသို့ လှည့်လည်ပြီး မုန်တိုင်းသတိပေးချက်နှင့် ကြိုတင်ကာကွယ်ရေးသတိပေးချက်များအား အသံချဲ့စက်ဖြင့် ကြေညာပြီး လက်ကမ်းစာစောင်များကို ခရီးသွားပြည်သူများ၊ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များတွင် ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိသည်။

ဝသန်(မကွေး)

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ရုံးအဆောက်အအုံများ ဆောက်လုပ်ရေးအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ရုံးအဆောက်အအုံများကို ရေသန့်နှင့်လျှပ်စစ်လုပ်ငန်းများအပါအဝင် အဆောက်အအုံဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်မည် ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-
(က) မြောင်မြို့နယ်ရုံး (၄၄ပေ×၂၄ပေ၊ ၃၂ပေ×ပေ၂၀) တစ်ထပ်အုတ်ညှပ်
(ခ) ရွှေကျင်မြို့နယ်ရုံး (၄၄ပေ×၂၄ပေ၊ ၃၂ပေ×ပေ၂၀) တစ်ထပ်အုတ်ညှပ်
(ဂ) ငဖဲမြို့နယ်ရုံး (၄၄ပေ×၂၄ပေ၊ ၃၂ပေ×ပေ၂၀) တစ်ထပ်အုပ်ညှပ်
၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ စည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၈-၅-၂၀၁၃ရက်မှ ၇-၆-၂၀၁၃ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၈-၆-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၆၊ ၀၆၇-၄၁၂၃၆၉တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၆၆၊ ၀၆၇-၄၁၂၃၆၉

တင်ဒါတင်သွင်းရန်လိပ်စာ
အဆောက်အအုံများဆောက်လုပ်ခြင်း၊
ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းကော်မတီ၊
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား တင်ဒါခေါ်ယူလိုပါသည်-

မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်း
(က) ဓာတုဗေဒပစ္စည်းများ-Caustic Soda,Calcium Hypochloride (Liquid), Calcium Carbonate (Seed),Sulphuric Acid
(ခ) စက်နှင့် စက်အရန်ပစ္စည်းများ-Air Conditioners, Transformer, Seamless Tube,CPU & Touch Screen, Lighting Fixture, Unloading Device for Suction Valve,Plasma Jet Ignition System, Main Bearing
(ဂ) ကုန်ကြမ်းပစ္စည်းများ အိတ်ချုပ်ချည်လုံး

နိုင်ငံခြားငွေဖြင့် ဝယ်ယူခြင်း
(က) ဓာတုဗေဒပစ္စည်းများ-Monoethanolamine-MEA
(ခ) စက်နှင့် စက်အရန်ပစ္စည်းများ-LPG Viking Pump with Motor,Lab-Apparatus, Boiler Tube (Straight Tube),Boiler Wall Tube (Bend Tube), Condenser and Cooler Tube (Straight Tube),Cooling Water Pump for Process without Motor, Aluminium Insulation Sheet & Water Cooled Condenser Tube without Tube Sheet,Communication Module, Human Machine Interface(HMI),Pressure Transmitter, Industrial Water Pump With Motor, Water Intake Pump With Motor, Cooling Water Circulation Pump (Without Motor), Inter Cooler Tube Bundle for Dry Gas Compressor, Spare for Dry Gas Compressor
(ဂ) ပြုပြင်ခြင်းလုပ်ငန်း
Major Overhaul of Propane Refrigeration Compressor

၂။ **တင်ဒါပုံစံရောင်းချမည့်နေ့ရက်** (၁၆-၅-၂၀၁၃)
တင်ဒါပိတ်မည့်ရက်/အချိန်
(က) ၃၁-၅-၂၀၁၃ ရက် ၁၆း၃၀ နာရီ [Caustic Soda,Calcium Carbonate (Seed),Plasma Jet Ignition System အတွက်ဖြစ်သည်။]
(ခ) ၁၇-၆-၂၀၁၃ ရက် ၁၆း၃၀ နာရီ (ကျန်တင်ဒါများအတွက်ဖြစ်သည်။)
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ် (၄၄)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၁၀၇၊ ၀၆၇-၄၁၁၁၀၈၊ ၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

သာသနာရေးဝန်ကြီး ပါဠိပထမပြန်စာမေးပွဲဖြေဆိုနေမှုများ ကြည့်ရှု

နေပြည်တော် မေ ၁၄

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် မေ ၁၁ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့၌ စာမေးပွဲကြီးကြပ်ရေးဆရာတော်များအား ဖူးမြော်ကြည်ညို၍ စာမေးပွဲဆိုင်ရာကိစ္စရပ်များ မေးမြန်းလျှောက်ထားပြီး ရဟန်း/သာမဏေ၊ သီလရှင်များ ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး)၊ (ပထမငယ်)ဖြေဆိုနေမှုတို့ကို ကြည့်ရှုခဲ့သည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးသည် အမရပူရမြို့နယ် မြင်းမှူးကျေးရွာအုပ်စု ဆင်ရွာကွင်းအတွင်း တည်ထားကိုးကွယ်မည့် ဝေရောစနကျောက်စိမ်းစေတီတော် တည်ဆောက်နေမှုကို မေ ၁၂ ရက် နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးရာ ကျောက်စိမ်းစေတီ မတည်အလှူရှင် အေးအေးခိုင်ကျောက်မျက်ကုမ္ပဏီပိုင်ရှင် ဦးစိုးနိုင် (သီဟသုဓမ္မမဏိဇောတဓရ)က စေတီ၌ ကပ်လှူပူဇော်မည့် ကျောက်စိမ်းပြားများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စေတီတည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သန်းဝင်းက စေတီတည်ဆောက်ခြင်းလုပ်ငန်းအဆင့် (၆) ဆင့်နှင့် ပြီးစီးမှုများကို တင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စေတီတည်ဆောက်ရာတွင် ကဏ္ဍအလိုက် တစ်ဆင့်ချင်းလုပ်ဆောင်သွားကြရန်နှင့် ရေရှည်တည်တံ့ခိုင်မာပြီး သပ္ပာယ်ကြည်ညိုဖွယ်ရှိစေရန်အတွက် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီး ဆောင်ရွက်စေလိုကြောင်း၊ စေတီအင်္ဂါရပ်(၅)ရပ်နှင့်အညီ ဒီဇိုင်းပုံစံရေးဆွဲပြီး ပညာရှင်များနှင့် ဝိုင်းဝန်းစဉ်းစား၍ ကောင်းမွန်သောဆုံးဖြတ်ချက်များချမှတ်စေလိုကြောင်း၊ စေတီတော်အား အရပ်ရှစ်မျက်နှာမှ ဖူးမြော်ကြည်ညိုနိုင်စေရန်အတွက် ကျောက်စိမ်းဓမ္မာရုံကို မြေအနေအထားပေါ် မူတည်၍ တည်ဆောက်စေလိုကြောင်းဖြင့် မှာကြားခဲ့သည်။

ပံ့ပိုးကူညီ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် (ဝါဆို) ကျောင်းတိုက်၌ နိုင်ငံတော်ဩဝါဒါစရိယ(ရွှေကျင်သာသနာပိုင်) အဘိဓဇ မဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အဂ္ဂိယအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မစိုးရိမ်တိုက်သစ်မဟာနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကေသရာဘိဝံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်အဖြေလွှာများကို အမြန်စစ်ဆေးနိုင်ရေးအတွက် စာစစ်ဆရာတော်များအား အချိန်မီ စေလွှတ်ပေးနိုင်ရေးနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီနေမှုများကို လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ

၁။ ရေဒီယိုအမြဲဖွင့်၍ သတင်းနားထောင်ပါ။
၂။ ငါးဖမ်းထွက်ခြင်း၊ ရေလမ်းခရီးထွက်ခြင်းမှ ရှောင်ကြဉ်ပါ။
၃။ သောက်ရေ၊ ဆေးဝါး၊ ချက်လွယ်ကျက်လွယ်သော ရိက္ခာခုနစ်ရက်စာတို့ကို အသင့်ပြင်ဆင်ထုပ်ပိုးထားပါ။
၄။ လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်အသင့်ထားပါ။
၅။ အရေးကြီးစာရွက်စာတမ်းများ၊ ရေစိုခံအိတ်ထဲထည့်ထားပါ။
၆။ စပါး၊ ပဲကဲ့သို့ မျိုးစေ့များကို ပလတ်စတစ်အိတ်မှာ လုံခြုံအောင်ထည့်ပြီး ကုန်းမြေမြင့်တစ်နေရာမှာ မြေမြှုပ်ပါ။
၇။ အိမ်နှင့် အမိုးခိုင်ခံ့ပါက ထိုအိမ်တွင်သာ ခိုလှုံပါ။
၈။ ရေလွှမ်းမိုးမည်ထင်ရသောနေရာမှ မုန်တိုင်းခိုနေရာများသို့ ကျွဲ၊ နွားများနှင့်အတူ အလျင်အမြန်ပြောင်းရွှေ့ပါ။
၉။ မိသားစုများ တစ်ဦးစီကွဲသွားသည့်အခါ ပြန်ဆုံနိုင်မည့်နေရာကို ကြိုတင်သတ်မှတ်ထားပါ။
၁၀။ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်များနှင့် မကျန်းမာသူများအား ခိုအောင်းရမည့်နေရာသို့ ဦးစားပေး ပို့ဆောင်ပေးပါ။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

မဟာစင်ဆိုင်ကလုန်းမုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၁၄

ယနေ့ကာလတွင် တိုးတက်လာသော ခေတ်မီနည်းပညာများအရ ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်နေသော မဟာစင်ဆိုင်ကလုန်းမုန်တိုင်း ဖြတ်ကျော်မည့်လမ်းကြောင်းကို ကြိုတင်ခန့်မှန်းနိုင်ပြီဖြစ်၍ မုန်တိုင်းအန္တရာယ်လျော့ပါးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်ရာတွင် ၂၀၀၈ ခုနှစ်၌ တိုက်ခတ်သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်း အတွေ့အကြုံကို သင်ခန်းစာယူပြီး ကြိုတင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မုန်တိုင်းတိုက်ခတ်ပြီးနောက် ကယ်ဆယ်ရေး၊ ဆေးကုသရေး၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးနှင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင်အချိန်နှင့် တစ်ပြေးညီ ထိရောက်စွာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သဘာဝဘေး တုံ့ပြန်ဆောင်ရွက်ရေး အဖွဲ့များကို ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနများတွင် ဖွဲ့စည်းဆောင်ရွက်ရန်လိုအပ်ကြောင်းဖြင့် သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော မဟာစင်ဆိုင်ကလုန်းမုန်တိုင်း အန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွှန့်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းအဖွဲ့တွင် ကျန်းမာရေးဦးစီးဌာနမှ ပင်မတာဝန်များကို တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် မြို့နယ်များသာမက မုန်တိုင်းတိုက်ခတ်နိုင်သည့် ဒေသများအတွက်ပါ စီမံချက်များဆွဲ၍ ဆောင်ရွက်ထားကြရန် ပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းက အရေးပေါ်အခြေအနေအလိုက် လိုအပ်သော ဆေးဝါးများ၊ ကုသရေးပစ္စည်းများ၊ Disaster Kit ဖြည့်ဆည်းပေးပို့မှုအခြေအနေ၊ ထိခိုက်ဒဏ်ရာရသူများအား ဆေးဝါးကုသမှုပေးနိုင်ရန်နှင့် လိုအပ်ပါက လွှဲပြောင်းကုသမှုပေးနိုင်ရန်စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများ၊ အချိန်မီသတင်းပေးပို့ဆက်သွယ်နိုင်ရန် စီစဉ်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ဗဟိုအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်အလိုက်စီမံချက်များဆွဲ၍ အဖွဲ့များဖွဲ့စည်းပြီး ဆောင်ရွက်မည့်အခြေအနေများ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကုသရေးအတွက် သင်တန်းများ ပို့ချနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသည့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၁၂-၅-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၃ ပါ တရားလွှတ်တော်ရှေ့နေ ဦးဇော်ဝင်းနိုင်၏ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် (မင်္ဂလာဒုံဥယျာဉ်မြို့တော် စီမံကိန်းနယ်မြေ)နှင့် ဆက်စပ်လျက်ရှိသော ရန်ကုန်စက်မှုစီမံကိန်းမှ မြေကွက်အမှတ်(၁၀၄+၁၀၅) ဧရိယာဧက(၂.၄၄၁+၂.၀၅၄) အသီးသီးရှိ မြေကွက်များနှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာချက်အပေါ်

ကန့်ကွက်ရှင်းလင်းကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်များအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် စပ်လျဉ်း၍ တရားလွှတ်တော်ရှေ့နေ ဦးဇော်ဝင်းနိုင်၏ မိတ်ဆွေက ဒေါက်တာခင်ရွှေ (MMN561654)ထံမှ ၈-၄-၂၀၁၃ ရက်စွဲပါ နှစ်ဦးသဘောတူ စက်ရုံမြေကွက်အပြီးအပိုင်အရောင်းအဝယ် ကတိပဋိညာဉ် စာချုပ်ဖြင့်လည်းကောင်း၊ ၂၇-၄-၂၀၁၃ရက်စွဲပါ နှစ်ဦးသဘောတူ စက်ရုံမြေကွက် ဒုတိယအကြိမ် ငွေပေးချေခြင်းစာချုပ်ဖြင့်လည်းကောင်း စရန်ငွေများပေးချေဝယ်ယူထားခြင်း၊ အရောင်း အဝယ်စာချုပ်များချုပ်ဆိုထားခြင်းတို့အပေါ် လက်ရှိပိုင်ရှင်ဖြစ်သူ ဦးဝင်းစိန် ၁၂/ကတတ(နိုင်)၀၁၂၁၈၀ မှ ကန့်ကွက်ပါသည်။

အကြောင်းမှာ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းစိန် ၁၂/ကတတ(နိုင်)၀၁၂၁၈၀က အထက်ဖော်ပြပါမြေကွက်များ အပါအဝင်ဖြစ်သည့် မင်္ဂလာဒုံဥယျာဉ်မြို့တော်စီမံကိန်းနယ်နှင့် ဆက်စပ်လျက်ရှိသော ရန်ကုန်စက်မှုဇုန်စီမံကိန်းမှ မြေကွက်အမှတ်(၁၀၃/၁၀၄/၁၀၅) ဧရိယာစုစုပေါင်း ၇ ဒသမ ၃၇ဧကရှိ မြေကွက်သုံးကွက်ကို ရောင်းသူ ဒေါက်တာခင်ရွှေ(MMN 561654)ထံမှ ၁-၁-၂၀၀၂ရက်ကတည်းက နှစ်ဦးသဘောတူ စက်ရုံမြေကွက် အပြီးအပိုင်အရောင်းအဝယ် ကတိပဋိညာဉ်စာချုပ်ဖြင့်လည်းကောင်း၊ ၂၈-၉-၂၀၀၂ရက်စွဲပါ ငွေအကျေပေးပဋိညာဉ်စာချုပ်ဖြင့်လည်းကောင်း မြေကွက်များအတွက် အပြီးအပိုင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ရောင်းသူ ဒေါက်တာခင်ရွှေက ကျွန်ုပ်၏မိတ်ဆွေသို့ အထက်ပါမြေကွက်များကို ၂၈-၉-၂၀၀၂ရက်တွင် မြေတိုင်းတာလျက် လက်ရောက်ပေးအပ်ခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ သည် အဆိုပါမြေကွက်များလက်ရောက်ရသည့် ၂၈-၉-၂၀၀၂ရက်မှစ၍ ရောင်းသူ မြေတိုင်းတာပေးသည့်အတိုင်း မြေတိုင်းမှတ်တိုင် စိုက်ထူခြင်း၊ ခြံစည်းရိုးကို အုတ်ရိုးချအုတ်တိုင်ထူကာ သံပန်းများဖြင့် အခိုင်အမာကာရံခဲ့ပါသည်။ သို့အတွက် အထက်ပါ မြေကွက်များကို ကျွန်ုပ်၏မိတ်ဆွေက ၂၈-၉-၂၀၀၂ ရက်ကတည်းက လက်ရှိရယူပိုင်ဆိုင်ပြီးဖြစ်ပါသည်။

သို့သော် ၇-၅-၂၀၁၃ ရက်တွင် ကျွန်ုပ်မိတ်ဆွေ၏ သားသမီးများက အထက်ပါမြေကွက်များသို့ သွားရောက်ရာ ယခင်ကာရံထားသော ခြံစည်းရိုးအတွင်းသို့ လူတစ်စုကကျူးကျော်ကာ ခြံစည်းရိုးအရှေ့ဘက်ခြမ်းတစ်ခုလုံးကို ဖြိုဖျက်ပြီး မြေကွက်အမှတ် ၁၀၄+၁၀၅တို့ကို မြေကွက်ခွဲ အုတ်တံတိုင်းအသစ်ကာရံနေကြောင်း တွေ့မြင်သိရှိရပါသည်။ ယင်းကိစ္စအတွက် သက်ဆိုင်ရာသို့ အကြောင်းကြားဆောင်ရွက်နေစဉ် လူကြီးမင်းတို့၏ကြေညာပါရှိခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းသိစေအပ်ပါသည်။

သို့အတွက် ရှေ့နေကြီး၏မိတ်ဆွေ ညွှန်ကြားချက်အရ ကြေညာခဲ့သော ၁၂-၅-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၃ ပါ ကြေညာချက်ကို ကန့်ကွက်ပါကြောင်း အသိပေးအပ်ပါသည်။ အကယ်၍ အထက်ပါမြေကွက်များ ရောင်းခြင်း ဝယ်ခြင်းကို ဆက်လက်လုပ်ဆောင်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောရိုးဖြင့် သိစေအပ်ပါသည်။

ဦးဝင်းစိန်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးမြင့် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၅၂)
တိုက် ၉/၁၁(လေးလွှာ)၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဂုဏ်ယူဝမ်းမြောက်ခြင်း

ကမ္ဘောဇဘဏ်လီမိတက် - ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း
အား ၂၀၁၁-၂၀၁၂ အခွန်စည်းကြပ်နှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ **"နိုင်ငံ့ဂုဏ်ဆောင်ရည်ရွယ်ချက်" (နိုင်ငံတော်အခွန်ဘဏ္ဍာတော်ဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့်လုပ်ငန်းရှင်ဆု - ပထမဆု)** ကို ၃၀.၄.၂၀၁၃ နေ့တွင် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ အခွန်ဘဏ္ဍာအများဆုံး ထမ်းဆောင်နိုင်ပြီး နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

Inlay Limited.

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၊ မြေကွက်အမှတ် ၉၂၉၊ မြေကွက်တည်နေရာအမှတ်-၉၂၉၊ ဖေယျာမြိုင်လမ်း၊ (၅၃) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဒေါ်ရင်ရင်မြင့် ၁၂/လမတ(နိုင်)၀၀၉၁၆၀ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ရင်ရင်မြင့်(မိခင်)နှင့်(ဖခင်)ဦးမင်းထိုက်တို့ ကွယ်လွန်သဖြင့် ဦးနေလင်းထိုက် ၁၂/လမတ(နိုင်)၀၀၀၆၆၃၊ ဒေါ်မေဝင်းထိုက် ၁၂/လမတ(နိုင်)၀၀၀၆၆၄နှင့် ဒေါ်ယဉ်မွန်ထိုက် ၁၂/လမတ(နိုင်)၀၀၂၇၉၁တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဦးနေလင်းထိုက်+(၂)၏ GP ၁၆၉၉၂ / ၂၂-၁၀-၁၂ ရသူ ဦးရဲမြင့် ၁၂/လမတ(နိုင်)၀၀၈၃၁၃က ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဒုက္ခသည်များကို မိုးလုံလေလုံအိမ်ခန်းတွဲများသို့ ရွှေ့ပြောင်းနေရာချထား

ကျောက်ဖြူ မေ ၁၄

ကျောက်ဖြူမြို့ ဘုရားကြီးတောင်အနီး ဒုက္ခသည် ယာယီစခန်းမှ ကညင်တော မိုးလုံလေလုံအိမ်ခန်းတွဲများသို့ မေ ၁၂ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ပြောင်းရွှေ့နေရာချထားကြသည်။

အဆိုပါ နေရာချထားရာတွင် ဒုက္ခသည်အိမ်ထောင်စု ၅၃ စုနှင့် မိသားစုဝင် ၂၅၃ ဦးကို အိမ်ခန်းတွဲရှစ်ခန်း၊ အဆောင် ၁၂ လုံး၌ နေရာချထားပေးကြောင်း သိရသည်။ ဒုက္ခသည်များ ပြောင်းရွှေ့နေရာချထားရာသို့ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းဝင်များ ကူညီပြောင်းရွှေ့ပေးကြသည်။

ကျောက်တစ်လုံးဒုက္ခသည်စခန်းက အိမ်ထောင်စု ၄၁၇၊ လူဦးရေ ၁၅၂၀ ကို မိုးလုံလေလုံရှစ်ခန်းတွဲ အလုံး ၃၀ သို့ ယခင်ကပင် နေရာချထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(ခရိုင် ပြန်/ဆက်)**

မင်းဘူးမြို့တွင် မုန်တိုင်းသတိပေးခြင်းဆောင်ရွက်

မင်းဘူး မေ ၁၄

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အများပြည်သူများသို့ မုန်တိုင်းဝင်ရောက်မည့်အခြေအနေကို အသိပေး၍ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မင်းဘူးမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း အသံချဲ့စက်ဖြင့် လှည့်လည်နှိုးဆော် သတိပေးခြင်း၊ အဝေးပြေးကားကွင်းအတွင်းရှိ ခရီးသွားပြည်သူများအား မုန်တိုင်းသတိပေး လက်ကမ်းစာစောင်နှင့် ပိုစတာများ ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မြေစိုက်နံရံကပ်ဘုတ်တွင်ပြသထားသော မုန်တိုင်းသတိပေးပိုစတာများကို ခရီးသွားပြည်သူများ ကြည့်ရှုလေ့လာလျက်ရှိကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

ရန်ကုန် မေ ၁၄

ရွှေဈေး

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၁၂၅၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၇၀၆၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)
(အောင်သမာဓိရွှေဆိုင်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး

အမေရိကန်	တစ်ဒေါ်လာ	၉၁၆ ကျပ်
ဥရောပ	တစ်ယူရို	၁၁၉၃ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၂၈ ကျပ်
ထိုင်း	တစ်ဘတ်	၂၈. ၅ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆ ကျပ်
တရုတ်	တစ်ယွမ်	၁၃၇ ကျပ်
မလေးရှား	ရင်းဂစ်	၂၇၇ ကျပ်

(သိမ်ဖြူငွေလဲကောင်တာ)

စက်သုံးဆီဈေးနှုန်းများ

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၇၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၈၈၀ ကျပ်

(Max/Newday စက်သုံးဆီအရောင်းဆိုင်)

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း

၁။	ငါးကြင်း	တစ်ပိဿာ	၂၀၀၀ - ၄၀၀၀ ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၂၀၀ - ၃၀၀၀ ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၁၇၀၀ - ၃၂၀၀ ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၄၅၀၀ - ၉၀၀၀ ကျပ်
၅။	ကင်းမွန်	တစ်ပိဿာ	၂၅၀၀ - ၅၀၀၀ ကျပ်
၆။	ပုစွန်(ကျော့)	တစ်ပိဿာ	၃၀၀၀ - ၇၀၀၀ ကျပ်
၇။	ပုစွန်တုပ်	တစ်ပိဿာ	၁၃၀၀၀ -၃၀၀၀၀ ကျပ်
၈။	တီလားဗီးယား	တစ်ပိဿာ	၈၀၀ - ၂၀၀၀ ကျပ်
၉။	ကြက်	တစ်ပိဿာ	၂၅၀၀ - ၉၀၀၀ ကျပ်
၁၀။	ဝက်	တစ်ပိဿာ	၃၅၀၀ - ၈၀၀၀ ကျပ်
၁၁။	အမဲ	တစ်ပိဿာ	၃၀၀၀ - ၆၀၀၀ ကျပ်
၁၂။	ဆိတ်	တစ်ပိဿာ	၉၀၀၀ -၁၅၀၀၀ ကျပ်

(သား/ငါးဒိုင်များ)

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၇၇၀၀-၁၈၂၀၀
၂။	ပေါ်ကြွ	တစ်အိတ်	၂၀၅၀၀-၂၁၅၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၅၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၀၀
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၃၈၅-၄၃၅
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၇၅၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၅၀-၁၃၇၅
၉။	ဟဲဟိုးအာလူး	တစ်ပိဿာ	၄၉၀-၆၁၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၆၀၀-၁၆၅၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၁၂။	သကြား	တစ်ပိဿာ	၉၀၀-၉၇၅

(ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။)

ခင်ဆိုင်-စေ့ငုတင်ပြသည်။

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ပါ ရုံးအသုံးအဆောင်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၁	A4 (နိုင်ငံခြား) 70Kg	၁၅၀၀	ထုပ်
၂	A4 (နိုင်ငံခြား) 80 Kg	၁၀၀၀	ထုပ်
၃	F/S (နိုင်ငံခြား) 70 Kg	၅၀၀	ထုပ်
၄	Fax Roll Paper	၁၀၀၀	လိပ်
၅	ဘော့ပင်အကြီး(မာကာပင်)	၁၂၀	ခု
၆	CD.R	၂၀၀၀	ချပ်
၇	DVD.RW	၅၀၀	ချပ်
၈	နှစ်ဖက်ပေါက်ကာဗွန်	၂၀၀	ဘူး
၉	Ink Pad (Elephant)	၁၀၀	ခု
၁၀	အထရ(၆)စာအိတ်အသေး	၁၀၀၀၀	အိတ်
၁၁	အထရ(၇)	၅၀၀၀	အိတ်
၁၂	အထရ(၈)	၅၀၀၀	အိတ်
၁၃	စေတမန်ဖိုင်	၂၀၀	ခု
၁၄	ဖယောင်း (Daito)	၅၀	ဘူး
၁၅	Receipt Printer Paper Roll 3Ply 3"x150'	၁၀၀	ခု
	Toner Cartridge များ		
၁၆	HP Colour Laserjet 2025 Printer Toner Cartridge(Y,M,C,K)	၅၃၀	စုံ
၁၇	HP Colour Laserjet 2025 Printer Toner Cartridge(K)	၁၀၀	စုံ
၁၈	HP Laserjet 1320 Printer Toner Cartridge	၅	စုံ
၁၉	HP Colour Laserjet CP 1215 Printer Toner Cartridge(Y,M,C,K)	၁၈	စုံ
၂၀	'HP Laserjet 2015 Printer Toner Cartridge	၅၄	ခု
၂၁	'HP Laserjet P2055D Printer Toner Cartridge	၂၇၈	ခု
၂၂	Canon Laserjet LBP2900 Printer Toner Cartridge	၄၈	ခု
၂၃	Canon Laserjet LBP600 Printer Toner Cartridge	၆	ခု
၂၄	Canon Laserjet LBP3050 Printer Toner Cartridge	၃၀	ခု
၂၅	Canon Laserjet Colour LBP5050 Printer Toner Cartridge (Y,M,C,K)	၄၀	စုံ
၂၆	Passbook Printer Olivetti PR2 Plus Printer Ribbon	၂၅၈	ချောင်း
၂၇	Passbook Printer Epson PLQ-20M Printer Ribbon	၂၄	ချောင်း
၂၈	Epson injet L210 Printer (ink bottle)(Y,M,C,K)	၃	စုံ
၂၉	Samsung SCX 452F Toner Cartridge	၁၆	ခု
၃၀	Brother Colour BCP6690CW Printer ink Cartridge	၁၀	ခု
၃၁	Brother Model Fax 2820 Fax Toner Cartridge	၃	ခု
၃၂	Cannon Copier IR 2520 Toner	၂၀	ခု

တင်ဒါပိတ်ရက်နှင့် အချိန် - ၁၂-၆-၂၀၁၃ရက် မွန်းလွဲ ၁း၀၀နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် သတင်းစာပါကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ညွှန်ကြားရေးမှူး(စီမံ)
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
ရုံးအမှတ် ၂၉၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၃၆၀၊ ၀၆၇-၄၀၅၀၉၉
သံသုမာလမ်း၊ မြင်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၇၀၉၃၅၊ ၀၁-၅၇၃၁၀၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ပါရုံးသုံးစက်ကိရိယာနှင့် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၁	Simulator	1	No
၂	Retransfer Printer (XID 580ie) with Accessories		
	(က) XID 580ie Retransfer Printer	10	Nos
	(ခ) EDI Secure CMS Standard Plus Ucense International Software Activation Code	10	Nos
	(ဂ) EDI Secure UV Security	10	Nos
	(ဃ) UV Pointer Security	10	Nos
	(င) Signature Pad	10	Nos
	(စ) Webcan	10	Nos
၃	Passbook Printer (Olivetti PR2 Plus)	10	Nos
၄	Cash Receipted Printer (Epson TM-U220A)	10	Nos
၅	Air Conditioner (Samsung Split Type 1.5 HP)	3	Nos
၆	Cash Counting Machine (Cannon Friction Type)	2	Nos
၇	Digital Multifunction Copier (Canon)	1	No
၈	Plastic & Wire Binding Machine (14")	1	No
၉	Duplicating Machine (Elect) A3	1	No
၁၀	Plain Paper laser Fax Machine (Sheets)	10	Nos
၁၁	Computer (Core 17 3.4 GHz	40	Nos
၁၂	Notebook Computer	1	No
၁၃	HP Laserjet Printer (A4)	15	Nos
၁၄	Canon Colour Laserjet 5050	5	Nos
၁၅	Power Tree UPS (1250 KVA)	40	Nos
၁၆	Calculator 16 Digits	20	Nos
၁၇	Scanner A4	2	Nos
၁၈	Data Base & Backup Server (Dell)	1	No
၁၉	Credit Card Shredder	5	Nos
၂၀	2D Barcode Reader	35	Nos
၂၁	Table (4'x 2.6" x 2.6")	50	Nos
၂၂	Computer Table	40	Nos
၂၃	Steel Cabinet (Leeco)	10	Nos
၂၄	Armless Chair	210	Nos
၂၅	Safe (Leeco)	2	Nos

တင်ဒါပိတ်ရက်နှင့်အချိန် - ၁၂-၆-၂၀၁၃ရက် ၁၃း၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် သတင်းစာပါ ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ညွှန်ကြားရေးမှူး (စီမံ)
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
ရုံးအမှတ် ၂၉၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၃၆၀၊ ၀၆၇-၄၀၅၀၉၉၊
သံသုမာလမ်း၊ မြင်သာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၇၀၉၃၅၊ ၀၁-၅၇၃၁၀၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ထားဝယ်မြို့
ဈေးပြိုင်အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့မှ အောက်ဖော်ပြပါ မော်တော်ယာဉ်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးပြိုင်အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Van (ဖင်ကောက်) Model 1999/2000 (အဖြူရောင်သန့်သန့်) (၁၁)စီး
(ခ) Landcruiser Model 1998/1999 (၁)စီး
(ဂ) Pajero-46 Model 1997/1998 (၁)စီး

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား မော်တော်ယာဉ်တင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံများအား တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထားဝယ်မြို့တွင် ၂၀-၅-၂၀၁၃ရက်မှ ၂၉-၅-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံသည် မူရင်းဈေးပြိုင် အဆိုပြုလွှာတင်သွင်းသည့်ပုံစံ ဖြစ်ရပါမည်။

၅။ ဈေးပြိုင်အဆိုပြုလွှာများကို တိုင်းအုပ်ချုပ်ရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထားဝယ်မြို့ထံသို့ လိပ်မူ၍ ၃၀-၅-၂၀၁၃ရက် မွန်းတည့် ၁၂နာရီထက်နောက်မကျဘဲ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့ရှိ တင်ဒါပုံးအတွင်းသို့ တင်သွင်းရမည်ဖြစ်ပါသည်။

၆။ ဈေးပြိုင်အဆိုပြုလွှာဖွင့်ပွဲကို ၃၀-၅-၂၀၁၃ရက် ၁၅း၀၀နာရီတွင် တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၃၅၅၆၊ ၀၅၉-၂၃၆၀၇၊ ၀၅၉-၂၃၅၆၂၊ ၀၅၉-၂၃၅၆၁၊ ၀၅၉-၂၃၆၀၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တိုင်းအုပ်ချုပ်ရေးမှူး
တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ထားဝယ်မြို့

မြန်မာအားကစားအဖွဲ့၏ရွှေအိပ်မက်ကို အသက်သွင်းမည့် လှေလှော်အဖွဲ့

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးစတင်ရန် မဝေးလှသောကာလသို့ ရောက်ရှိနေပြီဖြစ်သည်။ ပွဲမဝင်ခင် အပြင်က ကျင်းပဆိုသကဲ့သို့ ပြိုင်ပွဲမစတင်မီ အကြို လေ့ကျင့်ပြင်ဆင်မှုများ ပြင်းပြင်းထန်ထန်ပြုလုပ်လျက်ရှိသကဲ့သို့ ဆီးဂိမ်းအကြို နိုင်ငံတကာပြိုင်ပွဲများကျင်းပကာ အတွေ့အကြုံကောင်းများရှာဖွေလျက်ရှိသည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၃၃ မျိုး ထည့်သွင်း ကျင်းပမည်ဖြစ်ပြီး လှေလှော်(ရိုးရာလှေ၊ အပြည်ပြည်ဆိုင်ရာလှေ၊ ကနူး/ ကယက်)အားကစားနည်းလည်း အပါအဝင်ဖြစ်သည်။ လှေလှော် အားကစားနည်းဟုဆိုသည်နှင့် အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၁၁ ခုနှစ်က ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအတွက် ရွှေတံဆိပ်အများဆုံးရယူပေးခဲ့သော အားကစားအဖွဲ့အဖြစ် အမှတ်ရနေမည်ဖြစ်သည်။ ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် သုံးခုဆွတ်ခူးရရှိကာ အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့များထဲတွင် အအောင်မြင်ဆုံး အားကစားအဖွဲ့အဖြစ် ရပ်တည်နိုင်ခဲ့သည်။

ကိုယ့်မြေ၊ ကိုယ့်ပရိသတ်ရှေ့မှောက်တွင် ယှဉ်ပြိုင်ရမည့် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်မှာ အားကစားအဖွဲ့တိုင်းအတွက် အရေးပါလှပေသည်။ မြန်မာလှေလှော်အဖွဲ့သည်လည်း ရွှေရောင်အိပ်မက်များကို

မြန်မာ့လှေလှော် လက်ရွေးစင်အသင်း လေ့ကျင်နေကြစဉ်။

အသက်သွင်းရန် အင်းလျားရေဇလာတွင် သူရိန်နေမင်းကိုအန်တုကာ နိုင်ငံအတွက် ပြင်းပြင်းထန်ထန် လေ့ကျင့်လျက်ရှိသည်။ မြန်မာ လှေလှော်အဖွဲ့သည် အမျိုးသား ၈၂ ဦး၊ အမျိုးသမီး ၇၂ ဦး စုစုပေါင်း ပဏာမကစားသမား ၁၅၄ ဦးကို ရွေးချယ်လေ့ကျင့်ပေးလျက်ရှိပြီး အုပ်ချုပ်ရေးနည်းပြ ၁၅ ဦး၊ နိုင်ငံခြားသားနည်းပြ သုံးဦးတို့က လေ့ကျင့်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဖေဝင်းက" လာမယ့်ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမကစားသမား ၁၅၄ ဦးကို ရွေးချယ် လေ့ကျင့်ပေးနေပါတယ်။ ဒီအထဲမှာ ရိုးရာလှေအတွက် ၈၈ ဦး၊ ကနူး/ကယက်အတွက် ၃၃ဦး၊ အပြည်ပြည်ဆိုင်ရာလှေအတွက် ၃၃ ဦး ပါဝင်ပါတယ်။ အရင်လက်ရွေးစင်ကစားသမားတွေရော လူသစ်ကစားသမားတွေလည်းပါဝင်ပါတယ်။ အခုကစားသမားတွေကိုတော့ မတ်လအတွင်းမှာ လူရွေးပွဲပြုလုပ်ပြီး လက်ရည်မမီတဲ့ သူတွေကို ပြန်လည်စေလွှတ်ခဲ့ပါတယ်။ နိုင်ငံခြားသား နည်းပြသုံးဦးကိုတော့ အပြည်ပြည်ဆိုင်ရာက ကနူးနဲ့ကယက် အားကစားနည်းတွေအတွက် ခေါ်ယူထားတာ ဖြစ်ပြီး ရိုးရာလှေကိုတော့ ပြည်တွင်းနည်းပြတွေနဲ့ပဲ လေ့ကျင့်ပေးနေပါတယ်။ ရိုးရာလှေကတော့ ကျွန်တော်တို့က အားပိုသာတဲ့အတွက် နိုင်ငံခြားနည်းပြမငှားတော့တာ ဖြစ်ပါတယ်။ ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ နိုင်ငံတကာပြိုင်ပွဲသုံးခုကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ရှိပြီး ကနူး/ ကယက်အဖွဲ့ကိုတော့ တရုတ်နိုင်ငံမှာ သွားရောက်လေ့ကျင့်ဖို့ စီစဉ်ထားပါတယ်။ ဆီးဂိမ်းအကြိုပြိုင်ပွဲကိုလည်း ဩဂုတ်လနောက်ဆုံးပတ် သို့မဟုတ် စက်တင်ဘာလ ပထမပတ်မှာ ငလိုက်ဆည်မှာ ကျင်းပသွားမှာပါ" ဟု ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်မှုအနေအထားနှင့် ပတ်သက်၍ ရှင်းပြသည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရိုးရာလှေ၊ အပြည်ပြည်ဆိုင်ရာလှေနှင့် ကနူး/ကယက်လှေပြိုင်ပွဲများ ထည့်သွင်း ကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ်စုစုပေါင်း ၄၁ ခု ချီးမြှင့်မည်ဖြစ်သည်။ "လက်ရှိကစား သမားတွေကိုတော့ ပြီးခဲ့တဲ့ အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲထက် ပိုအားရပါတယ်။ လေ့ကျင့်ချိန်လည်းပိုရပါတယ်။ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရော အဖွဲ့ချုပ် ဥက္ကဋ္ဌကပါ လိုလေသေးမရှိအောင် ပံ့ပိုးပေးထားပါတယ်။ ကျွန်တော်တို့ကတော့ ကိုယ့်မြေ၊ ကိုယ့်ပရိသတ် ရှေ့မှောက်မှာ ယှဉ်ပြိုင်ရမယ့်ပြိုင်ပွဲမှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာပါ။ ကျွန်တော်တို့ အားသာတာက ရိုးရာလှေဖြစ်ပြီး အဓိကပြိုင်ဘက်က အင်ဒိုနီးရှားပါ။ ဒါပေမယ့် ဘယ်အသင်းကိုမှ လျှော့မတွက်သလို ပြိုင်ပွဲမှာ အမှားမလုပ်မိဖို့က အရေးကြီးပါတယ်။ အင်ဒိုနီးရှားဆီးဂိမ်းမှာ ရွှေ ၁၀ ခုရယူနိုင်ခဲ့ပြီး ဒီထက်ပိုအောင် ကြိုးပမ်းသွားမှာပါ" ဟု ဦးဖေဝင်းက ပြောကြားခဲ့သည်။ **သတင်း-ညီညီစိုးညွန့်**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လပွတ္တာတွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်

လပွတ္တာ မေ ၁၄

လပွတ္တာခရိုင် လပွတ္တာမြို့တွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မေ ၁၃ ရက် နံနက် ၉ နာရီက ရွှေနဒီခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်၍ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သဘာဝဘေးအန္တရာယ်လျှော့ချရေးကော်မတီဝင်များ၊ NGO/INGO အဖွဲ့အစည်းများနှင့်အစည်းအဝေးပြုလုပ်ခဲ့ပြီး ဒေသအတွင်း ပြည်သူများအား မဟာစင်မုန်တိုင်းနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုအဖြစ် ခိုလှုံနိုင်ရန်၊ သိရှိလိုက်နာဆောင်ရွက်နိုင်ရန်အတွက် မြို့တွင်းသို့ အသံချဲ့စက်ဖြင့် လှုံ့ဆော် ဆောင်ရွက်ခြင်း၊ ကျေးရွာများသို့ မုန်တိုင်းအန္တရာယ် ပညာပေးစာစောင်များ ဝေငှခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(ခရိုင်ပြန်/ဆက်)**

သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကွမ်းခြံကုန်းတွင်ပြသနှိုးဆော်

ကွမ်းခြံကုန်း မေ ၁၄

ကွမ်းခြံကုန်းမြို့နယ်တွင် မေ ၁၃ ရက်မှစ၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးနှင့် ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် နေပြည်တော် မိုးလဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသည့် (မဟာစင်)ဆိုင်ကလုန်းမုန်တိုင်း သတင်း အသိပေးကြေညာချက်များအား ပြည်သူများသိရှိနိုင်စေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မြေစိုက်နံရံကပ်စာစောင်တွင် ပြည်သူများ သိသာမြင်သာ ရှိနိုင်စေရေးအတွက် မုန်တိုင်းအန္တရာယ်၊ မီးဘေး၊ ရေဘေး၊ လေဘေး၊ မြေပြိုမှုအန္တရာယ်များကို ဗီနိုင်းဖြင့် ဝေဝေဆာဆာ ပြသထားကြောင်း သတင်းရရှိသည်။ **(မြို့နယ် ပြန်/ဆက်)**

ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ **ဝဏ္ဏကျော်ထင်စည်သူ ဦးအောင်ကိုဝင်း**အား ၂၀၁၁-၂၀၁၂ အခွန်စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် အခွန်ထမ်းလုပ်ငန်းရှင်ဖြစ်ခြင်း၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အားကစားစသည့်ကဏ္ဍအသီးသီးတွင် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူအား၊ ငွေအားထည့်ဝင်၍ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် အစိုးရသစ်လက်ထက် ပထမဆုံးအကြိမ် ချီးမြှင့်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတမှ နိုင်ငံ့စွမ်းဆောင်ရည်ဆု (နိုင်ငံတော်အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်ဆု-ပထမဆု) ကို ၃၀-၄-၂၀၁၃ရက်တွင် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ အခွန်ဘဏ္ဍာအများဆုံးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ရတနာအိမ်
ဆောက်လုပ်ရေးပစ္စည်းဆိုင်မိသားစု
တောင်ကြီးမြို့

ဦးတင်မြင့်-ဒေါ်ရွှေကြည် မိသားစု
သပြေ ရွှေဆိုင်၊ တောင်ကြီးမြို့

ဂုဏ်ယူဝမ်းမြောက်ခြင်း

အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် World Finance အဖွဲ့အစည်းမှ KBZ Group of Companies (ကမ္ဘောဇကုမ္ပဏီများအုပ်စု) အား ၃-၄-၂၀၁၃ရက်တွင် Best Corporate Governance in Myanmar For 2012 ဆုကို ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ရတနာအိမ်
ဆောက်လုပ်ရေးပစ္စည်းဆိုင်မိသားစု
တောင်ကြီးမြို့

ဦးတင်မြင့်-ဒေါ်ရွှေကြည် မိသားစု
သပြေ ရွှေဆိုင်၊ တောင်ကြီးမြို့

နိုင်ငံတကာအားကစားသတင်း

ယူရိုပါလိဂ်ဖလား ချယ်လ်ဆီးတို့ ဆွတ်ခူးနိုင်ပါ့မလား

ယူရိုပါလိဂ်ဖလား နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဘင်ဖီကာနဲ့ ချယ်လ်ဆီးတို့ မေ ၁၅ရက်မှာ ယှဉ်ပြိုင်ကစားကြပါတော့မယ်။ ချယ်လ်ဆီးနည်းပြ ဘင်နီတက်ဇ်ရဲ့ ဖလားတစ်လုံးရယူရေးအိပ်မက်ဟာ အကောင်အထည်ပေါ်အောင် စွမ်းဆောင်နိုင်ပါ့မလား ကြည့်ရမယ့်ပွဲဖြစ်သလို ဘင်ဖီကာတို့ရဲ့စွမ်းရည် ဘယ်လောက်မြင့်မား တယ်ဆိုတာကိုလည်း မြင်တွေ့ရမယ့်ပွဲ ဖြစ်ပါတယ်။

ဒီနှစ်ဘောလုံးရာသီရဲ့ ယူရိုပါလိဂ်ဖလားပွဲစဉ်တွေကို ပြန်ကြည့်ရင် ချယ်လ်ဆီးအသင်းဟာ ရှုံးထွက်ပွဲစဉ်မှာ စတုအာအသင်းကို အဝေးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့ပေမယ့် ဒုတိယအကျော့အဖြစ် အိမ်ကွင်းမှာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။ ဒါကြောင့် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးနဲ့ ကွာတားဖိုင်နယ်ကို တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ကွာတားဖိုင်နယ်မှာ ရှုဘင်ကာဇန်အသင်းနဲ့ ကစားခဲ့ရပြီး ပထမအကျော့အဖြစ် အိမ်ကွင်းမှာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့ပါတယ်။ ဒုတိယအကျော့အဖြစ် အဝေးကွင်းမှာ ချယ်လ်ဆီးတို့ သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးခဲ့ပေမယ့် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-လေးဂိုးနဲ့ အနိုင်ရပြီး ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ပြန်ပါတယ်။

အကြိုဗိုလ်လုပွဲမှာ ဘေဆယ်အသင်းနဲ့ ယှဉ်ပြိုင်ကစားတဲ့အခါ ဘေဆယ်ကွင်းမှာ ကစားတဲ့ပွဲမှာ ချယ်လ်ဆီးတို့ဟာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့သလို ဒုတိယအကျော့အဖြစ် ချယ်လ်ဆီးကွင်းမှာ ကစားတဲ့ပွဲမှာလည်း သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့တာမို့ နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-နှစ်ဂိုးနဲ့ ချယ်လ်ဆီးတို့ နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဘင်ဖီကာအသင်းကတော့ ကွာတားဖိုင်နယ်ပွဲစဉ်မှာ နယူးကာဆယ်အသင်းကို ပထမအကျော့အိမ်ကွင်းမှာ ကစားတဲ့အခါ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့ပါတယ်။ ဒုတိယအကျော့အဖြစ် နယူးကာဆယ်ကွင်းမှာ သွားကစားတဲ့အခါမှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးနဲ့ အကြိုဗိုလ်လုပွဲတက်ရောက်ခဲ့တာဖြစ်ပါတယ်။

ဘင်ဖီကာအသင်းဟာ အကြိုဗိုလ်လုပွဲမှာ ဖီနာဘာချီအသင်းနဲ့ တွေ့ဆုံခဲ့ပါတယ်။ ပထမအကျော့အဖြစ် ဖီနာဘာချီကွင်းမှာ ကစားတဲ့အခါ တစ်ဂိုး-ဂိုးမရှိနဲ့ရှုံးခဲ့သလို ဒုတိယအကျော့ အိမ်ကွင်းမှာသွားကစားတဲ့အခါ ဘင်ဖီကာတို့က သုံးဂိုးတစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာမို့ နှစ်ကျော့ပေါင်းရလဒ်သုံးဂိုး-နှစ်ဂိုးနဲ့ ဘင်ဖီကာတို့နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်လာခဲ့ခြင်း ဖြစ်ပါတယ်။

ယူရိုပါလိဂ်ဖလားနောက်ဆုံးဗိုလ်လုပွဲရောက်ရှိလာတဲ့ ဘင်ဖီကာနဲ့ ချယ်လ်ဆီးတို့ ခြေစွမ်းက ကွာဟမှု သိပ်တော့မရှိပါဘူး။ ဒါပေမယ့် တိုက်စစ်ပိုင်းမှာ ချယ်လ်ဆီးတို့ အားသာမှုရှိပြီး ပိုမိုထိုးဖောက်တိုက်စစ်ဆင်ကစားနိုင်တဲ့ ခြေစွမ်းရှိပြီး ဂိုးလည်းသွင်းယူနိုင်ကြပါတယ်။ ခံစစ်ပိုင်းနဲ့ ကွင်းလယ်ကစားသမားကတော့ ကွာဟမှုနည်းတာမို့ ယူရိုပါလိဂ်ဖလား နောက်ဆုံးဗိုလ်လုပွဲမှာ ဘယ်အသင်း ဖလားကိုင်မြှောက် အောင်ပွဲခံသွားနိုင်မယ် ဆိုတာတော့ ရင်ခုန်စွာစောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက်

ဗြိတိသျှတင်းနစ်မယ် လော်ရာရော့ဆင် ဗီးနပ်(စ်)ဝီလျံကို အနိုင်ကစား

ဗြိတိသျှနာမည်ကြီးတင်းနစ်မယ် လော်ရာရော့ဆင်သည် အီတလီနိုင်ငံ ရောမမြို့၌ ကျင်းပလျက်ရှိသော WTA တင်းနစ်ပြိုင်ပွဲ ပထမအကျော့တွင် ဂရင်းဆလမ်ဖလားခုနစ်လုံးရ ဗီးနပ်(စ်)ဝီလျံကို အနိုင်ကစားခဲ့သည်။

အသက် ၁၉ နှစ်ရှိ ရော့ဆင်သည် ကမ္ဘာ့အဆင့် ၃၉ သာရှိသည်။ သူမသည် အမေရိကန်နာမည်ကြီးတင်းနစ်မယ်ကို ၆-၃၊ ၆-၂ ဖြင့် အနိုင်ကစားခဲ့သည်။ အသက် ၃၂ နှစ်ရှိ ဗီးနပ်(စ်)ဝီလျံသည် လက်ရှိကမ္ဘာ့အဆင့် ၂၄ ရှိသည်။ ရော့ဆင်သည် ဒုတိယအကျော့တွင် ဗီးနပ်(စ်)ဝီလျံ၏ညီမ ဆီရီနာဝီလျံနှင့် ဆက်လက်ကစားရမည်ဖြစ်သည်။

ရော်ဘတ်တို မန်ချီနီ အလုပ်မှ ထုတ်ပယ်ခံရပြီ

ရော်ဘတ်တိုမန်ချီနီအား မန်စီးတီးက နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်သည်။ မန်ချီနီသည် ယင်းကလပ်ကို သုံးနှစ်ခွဲကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ မန်စီးတီးအသင်း၏ ရည်မှန်းချက်များကို အောင်မြင်အောင် မလုပ်ဆောင်နိုင်ခဲ့သည့်အတွက် အလုပ်ထုတ်ပယ်လိုက်ခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ လက်ထောက်နည်းပြ ဘရိုင်ယံကစ်က လက်ကျန်နှစ်ပွဲနှင့် နွေရာသီအမေရိကခရီးစဉ်များကို တာဝန်ယူကိုင်တွယ်ပေးမည်ဖြစ်သည်။

ကောင်းမြတ်သူ စုစည်းသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ဘရာဇီးတိုက်စစ်မှူးနေမာအား ပြောင်းရွှေ့ကြေးပေါင် ၅၉ သန်းဖြင့် ခေါ်ယူရန်ရီးရဲမက်ဒရစ်က ကြိုးစားနေပြီဖြစ်သည်။
- မန်ယူတိုက်စစ်မှူး ရွန်းနေအား ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် စီစဉ်လျက်ရှိသည်။
- အသက် ၂၀ နှစ်အရွယ်ရှိ အာဆင်နယ်ကွင်းလယ်ကစားသမား ဂျက်စီဒေးအား ဘိုင်ယန်မြူးနစ်က ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- ကျူပီအာနည်းပြရက်နက်က ဆဲလ်တစ်တိုက်စစ်မှူး ဟာပါအား စာချုပ်နိုင်ရေး စီစဉ်နေပြီဖြစ်သည်။
- ဖူလ်ဟမ်နည်းပြမာတင်ဂျိုးက လာမည့်ဘောလုံးရာသီအတွက် ကစားသမားအသစ်ခြောက်ဦးခန့် ခေါ်ယူရန် စီစဉ်ထားသည်။
- အဲဗာတန်နည်းပြနေရာအတွက် တာဝန်ပေးရန် နည်းပြရှာဖွေနေကြောင်း အဲဗာတန်ကလပ် တာဝန်ရှိသူများက ပြောကြားသည်။
- လာမည့်နှစ်ဘောလုံးရာသီကုန်မှသာ အသင်းပြောင်းရွှေ့ရေးစဉ်းစားမည်ဟု အာစင်ဝင်းဂါးက ပြောကြားသည်။
- အသက် ၂၈ နှစ်အရွယ်ရှိ ဝုဖ်ဘတ်ကွင်းလယ်ကစားသမား ဒေးကိုအား အက်သလက်တီကိုမက်ဒရစ်က ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- အသက် ၃၃ နှစ်အရွယ်ရှိ စတုတ်တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် ရာသီကုန်၌ ဘောလုံးသမားဘဝမှ အနားယူမည်ဖြစ်သည်။

မင်္ဂလာပွဲများ အထူးကျေးဇူးတင်လွှာ

နေပြည်တော်နေ သီရိပုံချီ ဦးမောင်မောင်ဆွေ(ဥက္ကဋ္ဌ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော်)နှင့် ဒေါ်တင်တင်နွဲ့တို့၏တစ်ဦးတည်းသော သား

ဒေါက်တာ ကောင်းကျော်ဆွေ

M.B.,B.S (DSMA), MBA (Thesis), YIE, (M.D,K Future Co.,Ltd.)

နှင့်

ရန်ကုန်မြို့နေ ဒေါက်တာငွေးဝင်းနှင့် ဒေါ်လဖိုင်ချယ်ရီထုရော်တို့၏ တတိယသမီး

မမေနှင်းယု(ခ)ရေဗက္ကာဝင်း

B.A (Japanese),YUFL,MBA (Thesis), YIE, (Director, K Future Co.,Ltd.)

တို့၏ ၂၀-၄-၂၀၁၂ရက်တွင် Sedona Hotel၌ ကျင်းပခဲ့သော သတို့သမီးအပ်နှင်းပွဲ၊ ၂၇-၄-၂၀၁၂ရက်တွင် ကရဝိက်နန်းတော်၌ ကျင်းပခဲ့သော စုလျားရစ်ပတ် ဘိသိက်မင်္ဂလာပွဲ၊ ၂၈-၄-၂၀၁၂ ရက်တွင် ရွှေသုဝဏ်ဘုန်းကြီးကျောင်း၌ ကျင်းပခဲ့သော မင်္ဂလာဦးဧည့်ခံဆွမ်းကျွေးပွဲ၊ ၁-၅-၂၀၁၂ရက်တွင် Judsonဘုရားကျောင်း၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲ၊ ၅-၅-၂၀၁၂ရက်တွင် Sedona Hotel၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲနှင့် ၅-၅-၂၀၁၂ ရက်တွင် Chatrium Hotel ၌ ကျင်းပခဲ့သော မင်္ဂလာညစာစားပွဲများ၊ ကရဝိက်နန်းတော်တွင် နာယကကြီးအဖြစ် စုလျားရစ်ပတ်ချီးမြှင့်ပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သရေစည်သူ ဦးမြင့်လှိုင်နှင့်ဇနီး ဒေါ်ခင်သန့်စင်၊ Sedona Hotel တွင် မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငွေး၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဝဏ္ဏကျော်ထင် ဦးအေးမြင့်ကြူနှင့် ဇနီး ဒေါ်ခင်ဆွေမြင့်၊ Judson ဘုရားကျောင်းတွင် လက်ထပ်ထိမ်းမြားပေးပါသော သိက္ခာတော်ရ ဆရာတော် Rev:KD Tu Lum,Rev:Ja Naw Junior, Rev:Dashi Gam Seng၊ မင်္ဂလာကိတ်မုန့် ဦးဆောင်လှီးဖြတ်ပေးပါသော အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့်ဇနီး ဒေါ်Lခွန်းရီတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားများသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေသင်္ဂဟများ၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦးနှင့်ဦးဝင်းတင့်အားလည်းကောင်း၊ မေတ္တာဖြင့်မင်္ဂလာပန်းကြဲ၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်များအဖြစ် ဆောင်ရွက်ပေးကြပါသော မခရစ္စတီး၊ မဆွယ်ရီနိုလီ၊ L နန်နူးရာ၊ L ခေါန်မိုင်၊ မဟန်သီ၊ မောင်ဂမ်ခေါင်လီတို့အားလည်းကောင်း၊ သတို့သားအရံများအဖြစ် ဆောင်ရွက်ပေးကြပါသော Dr. ထူးခြားအောင်၊ Dr. ရဲခေါင်ကျော်စွာ၊ မောင်ရဲဘုန်းပြည့်၊ မောင်ကျော်သာထက်၊ မောင်Lဂျာ တောင်နော်၊ မောင်သက်လင်းထက်နှင့် သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးကြပါသော မမြနှင်းရီလွင်၊ မသက်နှင်းဝေဝေ၊ မမိစန္ဒီမင်းညဏ်၊ မနှင်းသက်ကျော်နိုင်၊ မမေဦးမွန်၊ မမရှော့ဂျာအောင်တို့အားလည်းကောင်း၊ မိတ်ကပ်အလှဖန်တီးပေးပါသော G-Six Beauty Saloon အားလည်းကောင်း၊ မင်္ဂလာအဝတ်အစားများကူညီပေးကြသော Designer မမဋ္ဌူ၊ မလတ်၊ ကိုပြည်စိုးအောင်၊ ဆန်းဘောက်ရာ၊ ကောင်းမြတ်နှင့် 7 Picture Wedding Dress & Photo Studio တို့အားလည်းကောင်း၊ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးပါသော ဦးစိုင်းဘုန်းထူး၊ ကိုဝဏ္ဏခွာနီး၊ အေးဇော်မိုး(စက်မှု)၊ Yes I Do၊ 7 Picture တို့အားလည်းကောင်း၊ Vinyl များစီစဉ်ပေးပါသော မသီရိစံ (Idea Printing) အားလည်းကောင်း၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော ဒဂုံပုံနှိပ်တိုက်နှင့် မာမီကျော် (Malaysia) တို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီကျူးပေးပါသော နိုင်ငံကျော်တေးသံရှင် အကယ်ဒမီများရှင် ဒေါ်ချိုပြုံး၊ ဒေါ်နှင်းရည်သန့်၊ မဟေမာနေဝင်းတို့အားလည်းကောင်း၊ မင်္ဂလာတေးသီချင်းများ သီဆိုဂုဏ်ပြုပေးပါသော နိုင်ငံကျော်တေးသံရှင်များအားလည်းကောင်း၊ တေးဂီတဖြင့် ပံ့ပိုးကူညီပေးပါသော The Access တေးဂီတအဖွဲ့၊ Lazy Club၊ ဒေါ်ရီရီသန့် မြန်မာတူရိယာအဖွဲ့နှင့် ဒီဂျေသော်သော်အားလည်းကောင်း၊ မင်္ဂလာညစာစားပွဲတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မတင်မိုးလွင်၊ ကိုဆန်းထွဋ်၊ ကိုမောင်မောင်အေး (Dream Boad)၊ Lဆိုင်းနော်နှင့် မအွန်ဆိုင်းအားလည်းကောင်း၊ အခမ်းအနားစီစဉ်ပေးပါသော ကိုဂျွန်လွင်နှင့် Star & Jodels မှ Model များအားလည်းကောင်း၊ LED ဘုတ်ဖြင့် ကူညီပေးပါသော 17 Stars၊ ရွှေနေခြည်ကုမ္ပဏီမှ ကိုဇော်ဖြိုးထက်အားလည်းကောင်း၊ အခမ်းအနားအလှပြင်ဆင်ပေးပါသော Eternal Flower နှင့် မာမီကျော် (Malaysia) တို့အားလည်းကောင်း၊ လက်ဝတ်ရတနာဆင်မြန်းပေးပါသော တော်ဝင်စိန်တိုက်(မန္တလေး)၊ The Rich Gems နှင့် SP Gems တို့အားလည်းကောင်း၊ မင်္ဂလာဖိနပ် စီစဉ်ပေးပါသော ပြေလည်(မန္တလေး)ဖိနပ်အားလည်းကောင်း၊ မင်္ဂလာကားစီစဉ်ပေးပါသော Max Myanmar ကုမ္ပဏီ၊ IGE ကုမ္ပဏီနှင့် SheShine Gems & Jewellery အားလည်းကောင်း၊ မင်္ဂလာကိတ်မုန့် စီစဉ်ပေးပါသော Eldorado Cake & Bakery အားလည်းကောင်း၊ ရေခဲမုန့်ဖြင့် တည်ခင်းဧည့်ခံပေးပါသော ရွှေပုဇွန်မုန့်နှင့် အအေးအားလည်းကောင်း၊ Pre Wedding Photos များအတွက် မေတ္တာဖြင့်ကူညီပေးကြသော ဦးစိုင်းဘုန်းထူး၊ ကိုဝဏ္ဏခွာနီး၊ Yes I Do၊ Forever နှင့် 7 Picture အဖွဲ့၊ ခင်စန်းဝင်း (လက်ဝတ်ရတနာ)၊ မမဋ္ဌူ၊ မလတ်၊ ကိုပြည်စိုးအောင်၊ မဆန်းဘောက်ရာ၊ မိတ်ကပ် မသဲ (G-Six)၊ Mount Pleasant Hotel (ကလော)၊ Pirstire Lotus Resort Hotel (အင်းလေး)၊ Wine Garden (အေးသာယာ၊ တောင်ကြီး)နှင့် မင်္ဂလာပွဲများ ဖြစ်မြောက်အောင် အဘက်ဘက်မှ ကူညီပံ့ပိုးပေးကြသော မိတ်ဆွေများ၊ K Future Co.,Ltd. မှ ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့အား အထူးပင် လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်

ဒေါက်တာကောင်းကျော်ဆွေ-မမေနှင်းနု(ခ)မရေဗက္ကာဝင်း

ပုလဲရတုမင်္ဂလာဆုတောင်းလွှာ

ချစ်သောဖေဖေ ဒေါက်တာ အောင်သန့် M.D. Companian Co., Ltd. နှင့် ချစ်သောမေမေ ဒေါက်တာ နှင်းယု Director Companian Co., Ltd. တို့၏ ၁၅-၅-၂၀၁၂ ရက်တွင် ကျရောက်သော နှစ်(၃၀) ပုလဲရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ၊ ကျန်းမာစွာဖြင့် လောကီ၊ လောကုတ္တရာ အကျိုး သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သောသားများ-

ချစ်သားကြီးသန့်သီဟ

- **Bachelor of Science in Business Administration**
  University of Southern California, Los Angeles, CA, U.S.A
  Graduate Certificate of Advanced Study in Management
  Northeastern University, Boston, MA, U.S.A
  Director, Argi-Tech Co., Ltd.

ချစ်သားငယ်သန့်သူရိန်

- **Bachelor of Arts in Economics**
  Boston University, College of Arts and Science, Boston, MA, U.S.A
  One of The Time Jewellery Co., Ltd. Manhattan, NY, U.S.A

ပြည်တွင်းသတင်း

ခရီးသွားပြည်သူတို့ အဆင်ပြေစေရေး တာဝန်ရှိသူတို့ကွင်းဆင်းအဖြေရှာ

ဆူးလေဘုရားလမ်းဆုံ မီးပွိုင့်နှင့် ရွှေဘုံသာလမ်း မီးပွိုင့်ဆုံအကြားတွင် လမ်း ၃၀ မှတ်တိုင် တည်ရှိသကဲ့သို့ ရွှေဘုံသာလမ်းဆုံ မီးပွိုင့်နှင့်ရွှေတိဂုံဘုရားလမ်းဆုံ မီးပွိုင့်အကြားတွင် ကုန်ဈေးတန်းမှတ်တိုင်တို့ တည်ရှိနေသည်။

ခရီးသည်များစုပြုံနေမှု၊ မှတ်တိုင်၌လိုင်းကားများ အဆင်ပြေစွာ ရပ်တန့်နိုင်မှုရှိမရှိနှင့် ခရီးသည်များ ကားအတက်အဆင်းအဆင်ပြေမှု၊ မပြေမှုများကို မေ ၁၀ ရက် နံနက် ၉ နာရီက မထသ(ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးလေ့လာမှုများ ကျင်းပခဲ့သည်ကို တွေ့ရသည်။

“ဒီလမ်း ၃၀ မှတ်တိုင်က ရွှေ့မှာလား” ဆိုသည့် လူငယ်မီဒီယာတစ်ဦး၏ အမေးကို ဥက္ကဋ္ဌ ဦးလှအောင်က “ရွှေ့ရေးမရွှေ့ရေးက အခုလေ့လာမှုအပေါ်မူတည်ပါတယ်၊ ဆက်စပ်အဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းတိုင်ပင်ရဦးမှာပါ၊ လောလောဆယ် ပြောလို့မရသေးပါဘူး” ဟုပြောကြားသံကို လျှပ်တစ်ပြက်ကြားလိုက်ရသည်။

မထသ(ဗဟို)ဥက္ကဋ္ဌအား သတင်းထောက်များက မီဒီယာရှင်းလင်းပွဲမှာမဟုတ်၊ ရုတ်တရက်တွေ့သည့်အခိုက်၌လည်း အမိအရ မေးမြန်းတတ်ကြသည်။ တစ်ခါတစ်ရံ အရေးကြီးသတင်းတစ်ခုကြားပါက ဖုန်းဖြင့်ပင် လှမ်းမေးကြသည်ကိုပင် ၎င်းကကားဖြင့် မောင်းသွားနေစေကာမူ ကားကို လမ်းဘေးသို့ ခေတ္တချ၍ ပြန်လည် ဖြေကြားပေးမှုကြောင့် သတင်းထောက်များအပေါ် ၎င်း၏ အလေးထားမှုကို သိရသကဲ့သို့ သတင်းထောက်များ၏ချစ်ခင်မှုကို အများဆုံးရသော ပုဂ္ဂိုလ်တစ်ဦးဟု မီဒီယာလောက၌ သတင်းပြေးနေသူဖြစ်

ရန်ကုန်မြို့အတွင်း ခရီးသည်တင်ယာဉ်လိုင်းများ ပြေးဆွဲသွားလာမှုကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

သည်။

ဥက္ကဋ္ဌ၏ အဖြေစကားကို ပြန်လည်သုံးသပ်ရသော် မှန်ကန်သောအဖြေတစ်ရပ်ပင်ဖြစ်ပါသည်။ထိုမီးပွိုင့်များအကြားတွင် မှတ်တိုင်နှစ်ခုတည်ရှိနေသည်။ လိုင်းကားများပေါင်းဆုံရာ၊ ခရီးသည်များစုပြုံရာ အတက်အဆင်းပေါင်းများစွာရှိရာမှတ်တိုင်များဖြစ်ပေသည်။ သေချာစွာလေ့လာပြီးမှ ဆုံးဖြတ်ချက်ချပေးရမည့် ကိစ္စတစ်ခုဖြစ်ပေသည်။ ထို့အပြင် ကုန်ဈေးတန်းမှတ်တိုင်သည် ဈေးများဆုံရာ ရပ်ဝန်းဖြစ်၍ အချိန်နှင့်အမျှ ခရီးသည်များစုပြုံရာ မှတ်တိုင်တစ်ခုလည်းဖြစ်ပေသည်။

မှတ်တိုင်နှစ်ခု၌ လိုင်းကားများ အချိန်ကြာမြင့်စွာရပ်တန့်၍ လူစောင့်ခေါ်တင်နေမှုများနှင့် ဆုံပါက လမ်း (၃၀) မှတ်တိုင်၌ ယာဉ်များ ရပ်တန့်မှုသည် ဆူးလေမီးပွိုင့်အကွေ့နားအထိပင် ရှည်လျားတတ်သကဲ့သို့ ကုန်ဈေးတန်းမှတ်တိုင်၌ ရပ်တန့်သောလိုင်းကားအရှည်မှာ ရွှေဘုံသာလမ်းမီးပွိုင့်ဆုံအနီးသို့ပင် ရှည်လျားတတ်သည်ကို တွေ့ရတတ်ပါသည်။

တစ်ဖန် အတွင်းလမ်းကြားများမှ အနော်ရထာလမ်းမကြီးပေါ်သို့ ထွက်လာသော ကားငယ်များ၏ ကွေ့ဝိုက်မှုကလည်း ဘေးယာဉ်ကြောကျပ်တည်းမှုကို ပို၍တွန်းအားပေးနေသည့်ပမာ အစဉ်ရှိနေတတ်ပါသည်။

ကော်မတီသို့ ခရီးသွားပြည်သူတစ်ယောက်အနေဖြင့် အကြံပြုတင်ပြလိုပါသည်။ အကယ်၍သာ လမ်း (၃၀) မှတ်တိုင်ကိုဖျက်၍ ကုန်ဈေးတန်းမှတ်တိုင်သို့သွားရောက်စီးစေခြင်းဖြင့် ကုန်ဈေးတန်းမှတ်တိုင်တွင် ခရီးသည်များ ပိုမိုစုပြုံလျက်ရှိလာမည့်အပြင် ထိုတစ်နေရာတည်း၌ရှိသော မှတ်တိုင်၏ ယာဉ်အတက်အဆင်းမှာ ပို၍အချိန်ကြာလာနိုင်ပြီး ယာဉ်ကြောပိတ်ဆို့မှု ပို၍ အားကောင်းလာနိုင်ပါသည်။

စာရေးသူ၏ စိတ်ကူးအရဆိုရပါမူ ထိုမှတ်တိုင်နှစ်ခုစလုံးကို ရှိစေပြီး ထိုလမ်းကြောမှလာသော လိုင်းကားများမှ (ဥပမာ-လှိုင်သာယာမြို့နယ်နှင့် အခြားမြို့နယ်များသို့သွားသော) တချို့တစ်ဝက်သော လိုင်းကားများကို လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် စမ်းချောင်းမြို့နယ်(မြေနီကုန်း)၊ အင်းစိန်မြို့နယ်များဘက်သို့သွားသော ခရီးစဉ်လိုင်းကားအချို့ကို လည်းကောင်း၊ ဖြန့်၍ မှတ်တိုင်တစ်ခုစီ၌သာ ခွဲခြားသတ်မှတ်ရပ်စေခြင်းဖြင့် ခရီးသည်များစုပြုံနေမှု၊ လိုင်းကားများမှတ်တိုင်တစ်ခုတည်းသို့ တိုးဝင်ရပ်တန့်မှုမှ ကင်းဝေးစေပြီး ယာဉ်ကြောပိတ်ဆို့မှုကိုပါ လျော့နည်းစေမည်ဟု အကြံပြုအပ်ပေသည်။

၎င်းသို့စီစဉ်မှုများဖြစ်လာပါက သို့မဟုတ် အခြားစီစဉ်မှုများရှိလာပါက ခရီးသွားပြည်သူတို့အား မထသမှ ဝန်ထမ်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့တော်စည်ပင်မှ ခန့်အပ်တာဝန်ပေးထားသော လမ်းစည်းကမ်းထိန်းသိမ်းရေး ဝန်ထမ်းများက အနည်းဆုံးတစ်လခန့်အထိ မှတ်တိုင်များ၌ အချိန်ပြည့်စောင့်ကြပ်ကာ လမ်းညွှန် ထိန်းသိမ်းစောင့်ရှောက်ပေးမှုကလည်း အထူးပင် လိုအပ်လာမည် ဖြစ်ပါသည်။

သို့မဟုတ်ပါက “ပွဲပြီး မီးသေ” ဆိုသကဲ့သို့ တစ်ပတ်ဆယ်ရက်အတွင်း နဂိုအတိုင်း ပြန်လည်ဖြစ်မြဲဖြစ်လာမည်ကိုလည်း ထည့်သွင်းစဉ်းစား သတိပြုသင့်ပေသည်။

အဆုံးသတ်ဆိုရသော် ၎င်းကဲ့သို့ အဖွဲ့အစည်းတစ်ခု၏ ထိပ်ဆုံးမှ တာဝန်ရှိသူတို့အနေဖြင့် ကိုယ်တိုင်ကိုယ်ကျ ခရီးသွားပြည်သူများအကြား ကွင်းဆင်း၍ အဖြေရှာခြင်းသည် အမှန်ကန်ဆုံးသော အနီးကပ်ဆုံးသော နည်းလမ်းကောင်းများ၊ အဖြေကောင်းများရရှိလာမည် ဖြစ်သည့်အတွက် ပြည်သူများ ခရီးသွားလာမှုအတွက် ပိုမိုအဆင်ပြေလာနိုင်မည်ဟု ယုံကြည်မိပါသည်။

သတင်းနှင့်ဓာတ်ပုံ
တင်ဝင်းလေး(ကြည့်မြင်တိုင်)

ကျိုက်ထီးရိုးဘုရားဂေါပကအဖွဲ့ ပြန်လည်ရွေးချယ်

မော်လမြိုင် မေ ၁၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မေ ၈ ရက် နံနက် ၉ နာရီခွဲက ကျိုက်ထီးရိုးဂေါပကအဖွဲ့ ပြန်လည်ရွေးချယ်ပွဲ ကျင်းပရာ ရွေးချယ်ပွဲသို့ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးများ ဖြစ်ကြသော ဦးသက်ဝင်း၊ ဦးခွန်ဖေမြနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ဂေါပကအဖွဲ့ လျှောက်ထားသူ ၃၁ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ ကျိုက်ထီးရိုးဂေါပကရွေးချယ်ပွဲ ပဏာမဂေါပကအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဦးဌေးဝင်း (၆၆ နှစ်)၊ လက်ရှိဂေါပကအဖွဲ့ဝင် အတွင်းရေးမှူးအဖြစ် ဦးသိန်းမြင့် (၆၇နှစ်) (အထက်တန်းရှေ့နေ)၊ ဘဏ္ဍာရေးမှူးအဖြစ် ဦးလူဝင်း (၆၂ နှစ်)၊ (ဒုရဲမှူးငြိမ်း) အပါအဝင် စုစုပေါင်း ၁၅ ဦး ရွေးချယ်ပြီး ပြည်နယ်အစိုးရအဖွဲ့ထံတင်ပြ၍ အတည်ပြုမည်ဖြစ်ကြောင်း သတင်းရရှိသည်။

တင်ထွန်း(မော်လမြိုင်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဓာတ်အားပေးစနစ် တိုးတက်ကောင်းမွန်စေရေးအတွက် ဌာနမှ စိုက်ထုတ်ပေးထားသော လိုင်းနှင့်ခွဲရုံပစ္စည်းများကို မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပေးသွင်းမှုကို ၂၀၁၃ခုနှစ် ဇွန် ၁၄ရက်၊ မွန်းတည့် ၁၂:၀၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၅၃၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ဖက်စ်-၀၆၇-၄၃၁၁၈၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါ ပစ္စည်းများအား CIF(Yangon)၊ နိုင်ငံခြားငွေ(USD)ဖြင့် ဝယ်ယူလိုပါသည်-

Tender No.05/DHPI/Equipment/2013-2014

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Shotcrete Machine Aliva III	3Nos
(ခ)	Concrete Pump Truck	2Nos

၂။ ပစ္စည်းများ၏ (Technical Specification) များအား ၂၈-၅-၂၀၁၃ရက် ၁၂:၀၀နာရီနောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဇွန် ၄ရက် မွန်းတည့် ၁၂နာရီဖြစ်ပြီး ၁၃:၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
တယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများသို့
အသိပေးနှိုးဆော်ချက်

ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့တွင် တပ်ဆင်အသုံးပြုလျက်ရှိသော တယ်လီဖုန်းများအားလုံး၏ **၂၀၁၃ခုနှစ် မတ်လ သုံးစွဲကာလ** အတွက် တယ်လီဖုန်းအခွန်ငွေများအား အောက်ပါသတ်မှတ်ရက်များတွင် နောက်ဆုံးထား ပေးဆောင်ပါရန်နှင့် သတ်မှတ်ရက်ကာလအတွင်း ပေးဆောင်ခြင်းမရှိသည့် တယ်လီဖုန်းများအား ဆက်သွယ်မှု ယာယီဖြတ်တောက်ရမည်ဖြစ်ပါကြောင်း မိဘပြည်သူများသို့ ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

စဉ် ပြည်နယ်/တိုင်းဒေသကြီး	တယ်လီဖုန်းအမျိုးအစား	နောက်ဆုံးအခွန်ငွေပေးသွင်းရမည့်ရက်
၁။ နေပြည်တော်၊ရန်ကုန်၊မန္တလေး	Auto နှင့်	၂၃-၅-၂၀၁၃ရက်
စစ်ကိုင်း၊မကွေး၊ကချင်၊ကရင်၊	Mobile ဖုန်းများ	
ကယား၊ ဧရာဝတီ၊ မွန်၊	E-mail, ADSL	
ပဲခူး(အရှေ့/အနောက်)	MPT Satellite	
၂။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)	Auto နှင့်	၃၁-၅-၂၀၁၃ရက်
ရှမ်းပြည်နယ် (မြောက်ပိုင်း)	Mobile ဖုန်းများ	
ရှမ်းပြည်နယ်(တောင်ပိုင်း)	e-mail, ADSL	
ချင်း၊ ရခိုင်၊ တနင်္သာရီ	MPT Satellite	

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ဖောင်ကြီးဧယျာသင်တန်းဆင်းဘွဲ့ရ သမဝါယမအလုပ်သင်
အပတ်စဉ်(၁) မိတ်ဆုံပွဲဖိတ်ကြားလွှာ

သူငယ်ချင်းတို့ရေ-

တို့တစ်တွေ ဖောင်ကြီးသင်တန်းဆင်းခဲ့တာ ၈-၅-၂၀၁၃ရက်တွင် (၄၃)နှစ်ပြည့်ခဲ့ပါပြီ။ ၁၉-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့) ၉နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်းရှိ တော်ဝင်နှင်းဆီစားသောက်ဆိုင်မှ တို့တစ်တွေ ပြန်ဆုံကြမယ်။ အချင်းချင်းမဲ့နှိုက်ရန် အမှတ်တရပစ္စည်းလေးတွေယူလာကြပါ။(ရွှေတောင်ခေါက်ဆွဲဖြင့်ဧည့်ခံကျွေးမွေးရန်စီစဉ်ထားပါသည်။)

ဆက်သွယ်ရန် ဖုန်းနံပါတ်များ

ကိုစောဦး	ဖုန်း-၀၉-၅၀၄၇၀၉၇၊	ဒေါ်ဝင်းစိန်	ဖုန်း-၀၉-၅၁၈၁၇၂၆
ဒေါ်မြတ်သန္တာ	ဖုန်း-၀၉-၅၁၂၁၁၀၁	ဒေါ်ခင်ရဲမြင့်	ဖုန်း-၀၉-၇၃၀၀၄၀၁၈
ကိုကျော်ရွှေ	ဖုန်း-၀၁-၅၅၇၆၃၇	ကိုမောင်ဝင်း	ဖုန်း-၀၉-၄၂၀၇၂၇၅၂
ကိုသိန်းညွန့်	ဖုန်း-၀၉-၇၃၀၇၇၅၃၇		

သတ္တုတွင်းဝန်ကြီးဌာန
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက် တန်ဖိုး (DDP နေပြည်တော်/ ရန်ကုန်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က)	Geological Equipment	၆ မျိုး
(ခ)	Laboratory Equipment and Apparatus	၁၆ မျိုး
(ဂ)	Drilling Equipment and Spare Parts	၁၃ မျိုး
(ဃ)	စာရေးကိရိယာနှင့် လုပ်ငန်းသုံးပစ္စည်းများ	၈၀ မျိုး

၂။ တင်ဒါတင်သွင်းခြင်းကို ၂၀-၅-၂၀၁၃ရက်မှ ၁၉-၆-၂၀၁၃ရက်အထိ မွန်းတည့် ၁၂နာရီအတွင်း မည်သူမဆို လွတ်လပ်စွာ တင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

ဝယ်ယူရေးနှင့် ထောက်ပံ့ရေးဌာနစု
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၄၀၇၉

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ယ/၉၃၉၁၂ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းမြင့် ၅/ရဘန(နိုင်)၀၀၆၃၉၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့

အမည်မှန်

လားရှိုးမြို့၊ အထက(၃)၊ နဝမတန်းမှ ဦးရီဆိုက်၏သမီး မနှင်းပွင့်ဖြူအား နန်းခမ်းလောင်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အထက်မင်းလှမြို့၊ မြို့မရပ်ကွက်နေ ကုန်မျိုးစုံရောင်းဝယ်ရေး လုပ်ငန်းပိုင်ရှင် ဦးလှရီ ၈/မလန(နိုင်)၀၀၁၇၂၇-(ဒေါ်ပွေး)တို့၏သား မောင်သောင်းထိုက် ၈/မလန(နိုင်)၀၀၁၈၀၅သည် မိဘ၊ ညီအစ်ကို၊ မောင်နှမများအား စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အမျိုးမျိုးပြုမူဆောင်ရွက်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ မောင်သောင်းထိုက်နှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးလှရီ ၈/မလန(နိုင်)၀၀၁၇၂၇

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၈၄၇၀ Ngwe kyair Sinl/T_1 P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းတင် ၁၃/လရန(နိုင်)၀၅၁၃၁၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(လားရှိုး)

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၅ယ/၅၂၇၆၀ Hensim 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းကျော်စိန် ၁၃/နမတ(နိုင်)၀၃၆၃၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ကျောက်မဲမြို့**

ပျောက်ဆုံးသွားပါကြောင်း

တာမွေမြို့နယ်၊ မလွကုန်းဈေးကွက် (က)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ် ၃၀ (ငါးလွှာ)နေ ဦးတင်ထွန်း၏ သမီး မအိမွန်ကျော် (၁၅)နှစ်သည် ၅-၅-၂၀၁၃ရက် ည ၇:၃၀နာရီတွင် နေအိမ်မှပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၅၃၇၃၃၇၊၀၉-၄၂၃၆၉၅၇၄၇၊
၀၉-၃၁၀၆၇၆၀၉

ရောင်းရန်

ဒုတိယထပ်(ညာ)၊ ရတနာမွန်လမ်းမကြီး၊ ရတနာမွန်အိမ်ရာ၊ (၃)ရပ်ကွက်၊လှိုင်၊ အိမ်ရှင်ကိုယ်တိုင်ရောင်းမည်၊ ပွဲစားမလိုပါ။

ဖုန်း-၀၁-၅၁၂၉၉၁

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မော်လမြိုင်ကျွန်း၌ နာဂစ်မိဘမဲ့ကလေးများအား ငါးနှစ်ပြည့် ပညာရေးထောက်ပံ့ငွေပေးအပ်

မော်လမြိုင်ကျွန်း မေ ၁၄

နာဂစ်မုန်တိုင်းကြောင့် မိဘများ သေဆုံးခဲ့ကြသော မော်လမြိုင်ကျွန်း မြို့နယ်နှင့် ဘိုကလေးမြို့နယ်တို့မှ မိဘမဲ့ကလေးများအား ပညာဆက်လက် သင်ကြားနိုင်ရေးအတွက် ရန်ကုန် သစ်တောမိတ်ဆွေများအဖွဲ့က ပညာရေးထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၁၁ ရက် နံနက် ၈ နာရီက မော်လမြိုင်ကျွန်းမြို့ မြောက်ပိုင်းရပ် တောရမူလွန်ကျောင်းခန်းမ၌ ကျင်းပသည်။ **(အောက်ယာပုံ)** အခမ်းအနားတွင် မိဘမဲ့ နာဂစ်ကျောင်းသား ကျောင်းသူများအား ပညာရေး ထောက်ပံ့ငွေ ပေးအပ်ရခြင်းများကို မော်လမြိုင်ကျွန်းမြို့ အဖြူရောင်နှလုံးသားအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဇင်နှင့် တောရမူလွန် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဝင်းတို့က ရှင်းလင်းတင်ပြကြသည်။ ထို့နောက် မိဘမဲ့ နာဂစ်ကျောင်းသူ ကျောင်းသား ၁၇ ဦးတို့အား တစ်ဦးလျှင် လစဉ် ပညာရေး ထောက်ပံ့ငွေကျပ် သုံးသောင်းစီဖြင့် ငွေကျပ် ၅၁၀၀၀၀ ကို ရန်ကုန် သစ်တောမိတ်ဆွေများအဖွဲ့ကိုယ်စား ဦးတင့်အောင် (မော်လမြိုင်ကျွန်း မြို့နယ်အသင်း ရန်ကုန်)က ပေးအပ် ထောက်ပံ့ရာ မိဘမဲ့နာဂစ် ကျောင်းသား ကျောင်းသူတစ်ဦးချင်း က လက်ခံရယူကြသည်။

အဆိုပါ မိဘမဲ့ နာဂစ် ကျောင်းသား ကျောင်းသူ ၁၇ ဦးအား ပညာရေးထောက်ပံ့ငွေများကို တစ်နှစ်လျှင် ငွေကျပ် ၆၁၂၀၀၀၀ ဖြင့် ငါးနှစ်ပြည့် ပညာရေးထောက်ပံ့ငွေပေါင်း ကျပ် ၃၀၆ သိန်း ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"သားနာမည်က မောင်ဖိုးချစ်လို့ ခေါ်ပါတယ်။ အသက် ၁၀ နှစ်ရှိပါပြီ၊ သား အခု စတုတ္ထတန်း ရောက်ပါပြီ၊ လစဉ်ပညာရေးထောက်ပံ့ငွေကို ရန်ကုန်သစ်တောမိတ်ဆွေများအဖွဲ့က ထောက်ပံ့ငွေပေးတဲ့အတွက် ကျောင်းဆက်တက်နိုင်မှာပါ၊ နိုင်ငံအတွက် သားကောင်းတစ်ဦးဖြစ်အောင် ကြိုးစားသွားမှာပါ၊ အားလုံးကိုကျေးဇူးတင်ပါတယ်"ဟု ကျောင်းသားတစ်ဦးက ပြောကြားခဲ့သည်။

"သမီးနာမည်က မခိုင်နှင်းဝေပါ၊ အသက်၁၂နှစ်ရှိပါပြီ၊ နာဂစ်တုန်းက အမေသေဆုံးခဲ့ပါတယ်။အားကိုးမရှိပါဘူး၊ ပညာဆက်လက်သင်ကြားဖို့လည်း အခက်အခဲရှိပါတယ်။ ရန်ကုန်သစ်တော မိတ်ဆွေများအဖွဲ့က ပညာရေး ထောက်ပံ့ငွေပေးလို့ ကျောင်းဆက်တက်နိုင်တာ ဒီကျေးဇူးကို ဘယ်တော့မှမမေ့ပါဘူး။ ထူးချွန်ထက်မြက်အောင် ကြိုးစားသွားပါမယ်" ဟုလည်း ကျောင်းသူကလေးငယ်တစ်ဦးက ရှင်းလင်းပြောပြသည်။

(ဝ၆၅)

လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပေးအပ်ပွဲအခမ်းအနားကျင်းပ

လင်းခေး မေ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာအုပ်စု၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်သည့် အခမ်းအနားကို မေ ၁၂ ရက် နံနက် ၉ နာရီက ဒါးဆိပ်ကျေးရွာအုပ်စု ပင်ထနောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများတက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးမျိုးမင်းသန်းက စပါးအထွက်တိုးစေရန်အတွက် မျိုးကောင်းမျိုးသန့်စပါးများကို သုံးစွဲရန် ရှင်းလင်းပြောကြားပြီး မြို့နယ် မြေစာရင်း ဦးစီးဌာနမှူး ဦးစိုးဝင်းမောင်က လယ်ယာမြေ လုပ်ပိုင်ခွင့်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် လယ်ယာ မြေလုပ်ပိုင်ခွင့်လက်မှတ်များကို ကျေးရွာအုပ်စုတစ်စုမှ တောင်သူ ၆၇၈ ဦး၊ ကွင်းပေါင်း ကိုးကွင်း၊ ဦးပိုင်ပေါင်း ၇၁၂ ခု အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးမင်းသန်းနှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးစိုးဝင်းမောင်တို့က ပေးအပ်ကြရာ ဒါးဆိပ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဖုန်းမြတ်ဇင်က လက်ခံယူကြောင်း သိရသည်။

စိုင်းဇော်လတ်(လင်းခေး)

ကျိုင်းတုံမြို့၌ တရားမဝင်လိုင်စင်မဲ့ ဆိုင်ကယ်များ ဥပဒေနှင့်အညီဆောင်ရွက်ပေး

ကျိုင်းတုံ မေ ၁၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်း ယခုနှစ်ပိုင်းအတွင်းတွင် မော်တော်ဆိုင်ကယ်များ အထူးပင်ပေါများလာသည်ကိုတွေ့မြင်နေရပြီး ယာဉ်မတော်တဆဖြစ်မှုတော်တော်များများတွင်လည်း မော်တော်ဆိုင်ကယ်စီးနင်းအသုံးပြုကြသူများကြောင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ အများဆုံးဖြစ်နေကြောင်း သိရသည်။ ကျိုင်းတုံမြို့နယ်အတွင်း မော်တော်ဆိုင်ကယ်မောင်းနှင် စီးနင်းနေကြသူ တော်တော်များများအနေဖြင့် ကျွမ်းကျွမ်းကျင်ကျင် မစီးနင်းတတ်ကြသူများမှာ အများစုဖြစ်နေကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း ဥပဒေများကိုလည်းမသိရှိ နားမလည်ကြသူ တော်တော်များနေကြောင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါ၊ မေးသိုင်းကြိုးကိုမတတ်ဆင်ကြခြင်း၊ လူသုံးလေးဦးတပ်ဆောင်ပြီး အရှိန်ပြင်းပြင်း မောင်းနှင်ကြခြင်းကြောင့် ယာဉ်မတော်တဆဖြစ်မှု များပြားနေကြရခြင်းဖြစ်ကြောင်း အသက် ၁၂၊ ၁၃ နှစ်ကလေးများ ဆိုင်ကယ်စီးနင်းသွားလာမှုများပြားလာမှုသည်လည်း အန္တရာယ်ကို ဖိတ်ခေါ်သကဲ့သို့ ကြီးမားလျက်ရှိနေကြောင်း သိရသည်။

"ကျွန်တော်တို့မြို့မှာ တရုတ်နဲ့ ထိုင်းနိုင်ငံထုတ် ဆိုင်ကယ်တွေကို ဝယ်ယူမောင်းနှင်စီးနင်းသွားလာနေကြပါတယ်။ ဒါပေမယ့် တော်တော်များများက တရားမဝင်လိုင်စင်မဲ့တွေဖြစ်ပါတယ်၊ ဆိုင်ကယ်မတော်တဆမှုဖြစ်ခဲ့ရင် တော်တော်များများကိုအရေးမယူနိုင်တာတွေ ဖြစ်နေရပါတယ်၊ ဆိုင်ကယ်နံပါတ်တွေ ကွဲလွဲနေတာရယ်၊ ဆိုင်ကယ်နံပါတ် မတပ်ဆင်ကြတာပါဘဲ၊ အခုရက်ပိုင်းမှာ တရားမဝင်မော်တော်ကားတွေကို ရှာဖွေစစ်ဆေး သိမ်းဆည်းသလို တရားမဝင်ဆိုင်ကယ်မျိုးစုံကိုလည်း ဥပဒေနဲ့အညီအရေးယူသင့်နေပါပြီ"ဟု ဒေသခံတစ်ဦးက ပြောကြားသည်။ **(နိုင်နိုင်အောင်ဝေ)**

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်ဇနီး၊ ချစ်မေမေ ဒေါ်ဥမ္မာကြည်(ကထိက၊ ကုန်ထုတ်ဓာတုဗေဒဌာန) ဒဂုံတက္ကသိုလ်၏ ၃-၅-၂၀၁၃ရက်တွင် ကျရောက်သော (၅၄)နှစ်ပြည့် မွေးနေ့ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့်ပြည့်စုံပြီး ချစ်ခင်ပွန်း၊ ချစ်သမီးနှစ်ဦးနှင့်အတူ နေထိုင်ရကာ ပျော်ရွှင်ချမ်းမြေ့သော ဘဝခရီးကို လိုရာဆန္ဒတွေ ပြည့်စုံစွာဖြင့် ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ-

ချစ်ခင်ပွန်း - ဗိုလ်မှူးကြီးခင်မောင်ဌေး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်
ချစ်သမီး - ဒေါက်တာဆုယမင်း M.B.,B.S(YGN)
ချစ်သမီး - မမေပြည့်ထွန်း B.A(KOREA U.F.L)

ရာထူးဝင်ခွင့် အားသစ် သင်တန်းကျောင်း
လွှတ်တော်ရုံး(ဒုဦးစီး၊စာရေးဝင်ခွင့်)
၁၀ရက်ပြတ်တန်းခွဲ မေလ(၁၈)ရက်စမည်
စာအုပ်ထွက်ပြီ
၁၄၈(၄လွှာ) ဆိပ်ကမ်းသာလမ်း(အောက်)၊ ပန်းဆိုးတန်းမှတ်တိုင်
09 500 1599, 09 8632973, 09 450017415

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

FAME Cholecrush®
For gallstones
သည်းခြေကျောက်ပျော်ဆေး
0813 Y 010682
၂/၂၀၀၂ တဆထလ/တိုး(ဝ၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME Urocrush®
For renal stones
ဆီးကျောက်ပျော်ဆေး
TMR 006245 (0714)
၂/၂၀၀၂ တဆထလ/တိုး(ဝ၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)

မန္တလေးခရိုင်တရားရုံး

၂၀၁၃ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၄၀

ကွယ်လွန်သူ မဟာဘီပရာဆပ်၏ ကျန်ရှိသောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၆၀၂)၊ ၂၆×၂၇လမ်းကြားနှင့် ၈၃×၈၄လမ်းကြားရှိ အိမ်အမှတ် ၂၃၄/၈၃၌ နေထိုင်ခဲ့သော ကွယ်လွန်သူ မဟာဘီပရာဆပ်၏ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ပရာဒစ်ကူးမားနေထဝီဝါလား(ခ)ဦးအောင်ထွန်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၃ခုနှစ် ဇွန် ၇ရက်(၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ မဟာဘီပရာဆပ်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်ဆိုခဲ့သော ၂၀၁၃ခုနှစ် ဇွန် ၇ရက်၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ယခု မိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ပရာဒစ်ကူးမားနေထဝီဝါလား(ခ) ဦးအောင်ထွန်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၁၃ခုနှစ် မေ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ခင်လှ
ခရိုင်တရားသူကြီး
မန္တလေးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဘားအံမြို့နယ်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၆

ဒေါ်မြင့်မြင့်ခိုင်	**နှင့်**	ဦးလှအောင်
ဖဲကဒါကျေးရွာ၊ (၉)ရပ်ကွက်		ဖဲကဒါကျေးရွာ၊ (၉)ရပ်ကွက်
ဘားအံမြို့နယ်		ဘားအံမြို့နယ်
တရားလို		**တရားပြိုင်**

ဖဲကဒါကျေးရွာ၊ (၉)ရပ်ကွက်၊ ဘားအံမြို့နယ်နေ တရားပြိုင် ဦးလှအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြင့်မြင့်ခိုင်က လင်မယားကွာရှင်းပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၃ခုနှစ် ဇွန် ၇ရက် (၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ရက်) နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေမီဝင်းနိုင်)
ဒုတိယမြို့နယ်တရားသူကြီး
ဘားအံမြို့နယ်တရားရုံး

တိုက်နှင့်ခြံ မြေနေရာကောင်းရောင်းမည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ဗိုလ်ချုပ်လမ်းမကြီးဘေး၊ မြို့မဈေးမျက်စောင်းထိုး၊ မြို့လယ်ကောင် အချက်အချာကျသည့်နေရာ၊ အကျယ်အဝန်း ပေ ၄၀× ၂၆၃ ပေ×ပေ ၈၀×၂၆၃ ပေ၊ လမ်း သုံးလမ်းပေါ်တွင် တည်ရှိသည့် ယခင်ဒဂုံမိသားစု တိုက်နှင့် ခြံ၊ ဂရန်အမည်ပေါက် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၁၃၂၂၈၊ ၀၉-၅၁၄၂၈၄၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဆ/က)၊ ရတနာသုခလမ်း၊အိမ်အမှတ်(၄၇)ဟုခေါ်တွင်သော (၃)ထပ်တိုက်အဆောက်အအုံရှိမြေညီအလယ်ခန်း (အလျား၁၂ပေ×အနံ၅၀ပေ) တိုက်ခန်းအဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီးလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းမြင့်(၁၄/ပသန(နိုင်)၀၇၆၄၉၆)ထံမှကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ် တစ်ဒေသကို ပေးချေပြီးဖြစ်ပါသောကြောင့် အထက်ပါတိုက်ခန်း အဆောက်အဦး၏ပိုင်ရေး ဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ(၇)ရက် အတွင်းခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့် တကွကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ် ပါသည်။

ဒေါ်ဝင်းမာလာ (LL.B)	ဒေါ်ခိုင်မြတ်ဝေ(LL.B)
(စဉ်-၈၆၅၀)	(စဉ်-၃၂၁၁၆)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ

သရဖူ (အိမ်ခြံမြေနှင့်ဥပဒေဆိုင်ရာအထွေထွေအကျိုးဆောင်လုပ်ငန်း)
အမှတ်(၃၃၄)၊ရွှေပုဇွန်လမ်း၊၄၅ ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်။
၀၉ ၇၃၁၆၀၄၈၀၊ ၀၉ ၈၅၃၂၂၉၂၊ ၀၉ ၄၃၀၅၇၇၀၈၊

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ ဖားကန့်၌ ကျင်းပ

ဖားကန့် မေ ၁၄

ကချင်ပြည်နယ် ဖားကန့်မြို့ ယူမာကျေးရွာ သာသနာ့ဇောတိကာရုံကျောင်း ဆရာတော်ဦးစန္ဒိမာ ဦးစီး၍ ပထမအကြိမ် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို မေ ၇ ရက် မွန်းတည့် ၁၂ နာရီက ယူမာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲ၌ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆန်းကြွယ်ကျောင်းဆရာတော် ဦးကဝိသာရထံမှ ငါးပါးသီလခံယူ၍ လွှတ်တော်ကိုယ်စားလှယ် ဦးမြအုန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားပြီး သင်တန်းဖြစ်မြောက်ရေးအကျိုးဆောင် ယူမာအုပ်ချုပ်ရေးမှူး ဦးမင်းသူနှင့်ဦးမြသိန်းတို့က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက်ဆုရရှိသူများအားဌာနဆိုင်ရာလူကြီးများနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြသည်။ **(ယာပုံ)**

မန္တလေးမြို့ ရေတံခွန်တောင်သစ္စဝေဒဂူမိုးကုတ်ဝိပဿနာ မဂ္ဂင်ဓမ္မရိပ်သာကျောင်းတိုက်နှင့် ယူမာကျောင်းတိုက်တို့က ဦးဇနက၊ ဦးကဝိန္ဒ၊ ဦးခေမာစာရ၊ ဦးသြဘာသ၊ ဦးစိုးနိုင်ဦး(စာရေးဆရာ)တို့က ဦးဆောင်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး ငှက်ပျောတော၊ မြို့မ၊ အေးမြသာယာ၊ မရှီကထောင်၊ ထုံဘို၊ စည်ပင်၊ ယူမာ၊ ဆန်းကြွယ်၊

မော်တောင်၊ ဆိပ်မူ၊ လုံးခင်းကျေးရွာများမှ ကျောင်းသား ကျောင်းသူ ၄၇၆ ဦးအား၁၅ရက်တိုင်တိုင်သင်ကြားပေးခဲ့ကြောင်းသတင်းရရှိသည်။ **(ဝ၆၄)**

ပထမပြန်အောင်လက်မှတ် ဆက်ကပ်၊ ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ဟုမ္မလင်း မေ ၁၄

၂၀၁၂ ခုနှစ် ပထမပြန်စာမေးပွဲတွင် ဟုမ္မလင်းမြို့ စာဖြေဌာနမှ ဖြေဆိုအောင်မြင်တော်မူခဲ့ကြသည့် စာအောင် သံဃာတော် ၁၁ ပါးအား အောင်လက်မှတ်ဆက်ကပ်ပူဇော်ပွဲနှင့် ဂုဏ်ပြုပူဇော်ပွဲကို မေ ၁၀ ရက် နံနက် ၉ နာရီက ဟုမ္မလင်းမြို့ မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာသင်တိုက်၌ ကျင်းပခဲ့သည်။

ပထမဦးစွာ စာအောင် သံဃာတော်ပထမလတ် သုံးပါးနှင့် ပထမငယ် ရှစ်ပါးတို့အား အောင်လက်မှတ်နှင့်သက်န်းဝတ္ထုငွေများကို ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများက ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် (ဟုမ္မလင်း)အထက စာဖြေဌာန၌ ပထမပြန်စာမေးပွဲဖြေဆိုနေသော ရဟန်း၊ သာမဏေနှင့် သီလရှင်များအား သွားရောက်ကြည်ညိုပြီး အမက (၁)၌ British Council မှ အခမဲ့ လာရောက်ပို့ချနေသော အင်္ဂလိပ်စာသင်တန်းသို့ လေ့လာကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

လင်းလင်း(ပြန်/ဆက်)

ကလေးဗဟိုပြု သင်ကြားရေးစနစ် လေ့ကျင့်ပေး

နွားထိုးကြီး မေ ၁၄

နိုင်ငံပြုပြင်ပြောင်းလဲချိန် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ပညာရေးကဏ္ဍ၌ ကလေးဗဟိုပြု သင်ကြားရေးစနစ် အောင်မြင်စေရန်အတွက် နွားထိုးကြီးမြို့နယ် မူလတန်းသင် ဆရာ ဆရာမ ၆၃၀ ဦးအား ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်းဖြင့်လေ့ကျင့်သင်ကြားရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို ဖွင့်လှစ်ခဲ့ရာ နွားထိုးကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဖေက အမှာစကား ပြောကြားသည်။

မေ ၁၂ရက်မှ ၂၃ရက်အထိ နွားထိုးကြီး အထက အောင်သူရိန် ခန်းမ၌ အခြေခံပညာကျောင်းများမှ မူလတန်းသင်ဆရာ ဆရာမများ တက်ရောက်ခဲ့သည်။ ဆက်လက်၍ မြို့နယ် ပညာရေးမှူး ဒေါက်တာသန္တာဆွေက သင်တန်းကို လက်တွေ့ပုံစံဖြင့် ဆင့်ပွားသင်မည်ဖြစ်၍ စည်းကမ်းလိုက်နာပြီး မူလတန်းပညာရည်မြင့်မားအောင် ဆရာ ဆရာမများက စွမ်းဆောင်ပေးရန် ပြောကြားခဲ့သည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

ဇမ္ဗူသီရိမြို့နယ်၌ ကလေးများအား ကာကွယ်ဆေး အခမဲ့ထိုးနှံ

နေပြည်တော် မေ ၁၄

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်း မွေးကင်းစမှ အသက် ငါးနှစ်အထိ ကလေးသူငယ်များကို လစဉ် ဒုတိယပတ် တနင်္ဂနွေနေ့တိုင်း အခမဲ့ကာကွယ်ဆေးထိုးပေးလျက်ရှိရာ မေ ၁၂ရက်က ဇမ္ဗူသီရိမြို့နယ် ခုတင် ၁၀၀၀ ဆေးရုံမှ ဆရာမ ဒေါ်စုစုလှိုင်နှင့်အဖွဲ့သည် ဓနသိဒ္ဓိရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အခမဲ့ကာကွယ်ဆေးထိုးပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** အခမဲ့ထိုးပေးသောကာကွယ်ဆေးများကို သတ်မှတ်ထားသော အသက်အရွယ်တွင် ဆေးထိုးနှံပေးခြင်းဖြင့် တီဘီရောဂါ အသည်းရောင် အသားဝါ(ဘီ)ပိုး၊ ဘီစီဂျီ ဦးနှောက်အမြှေးရောင်၊ အဆုတ်ရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ပိုလီယို (အကြောသေ)၊ဝက်သက်၊ ဆုံဆို့၊ မေးခိုင်ရောဂါများ ထိရောက်စွာ ကာကွယ်ပေးနိုင်သည်ကို ဆရာမများက ရှင်းလင်းပြောပြခဲ့ကြောင်း သိရသည်။

ကျော်သူရ(နေပြည်တော်)

ဝိပဿနာပညာမိတ်ဆက်သင်တန်း

တရားရိပ်သာမဝင်နိုင်သူများအတွက်မိသားစုတာဝန်ထမ်းဆောင်ရင်း,စီးပွားရေးလုပ်ကိုင်ရင်း ရုပ်,နာမ်,ကံ,ဝဋ်သုံးပါး,အနုပဿနာလေးပါး,သစ္စာလေးပါး,မဂ္ဂင်ရှစ်ပါးနှင့်ဝိပဿနာအကြောင်း တို့ကိုသိရှိပြီးမိမိအိမ်တွင်တရားအားထုတ်နိုင်ရန်ရည်ရွယ်၍ဦးမျိုးမြင့်ထွန်းကဓမ္မဒါန ပို့ချသင်ကြားပေးမည်ဖြစ်သည်၊သင်တန်းရက်မှာ၂၀၁၃-ခုမေလ(၂၂)ရက်မှ(၃၁)ရက်ထိ၊ ညနေ(၃း၀၀)နာရီမှ(၅း၃၀)နာရီအတွင်း၊ ရွှေတိဂုံစေတီတော်အရှေ့ဘက်၊ အာဇာနည် လမ်း၊ ရှင်သာမဏေဓမ္မဗိမာန်၌ ပို့ချပေးမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ပါသည်။

ဖုန်း - ၀၁ ၃၈၇၃၆၁၊ ၀၉ ၄၂၀၁၈၅၃၈၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/ခ ကံဘဲ့၊ မြေကွက်အမှတ် ၁၄/ဆ၁၊ မြေကွက်တည်နေရာအမှတ် (၆)၊ မြစပါယ်လမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဒေါက်တာဦးသိန်းညွှန့် အမည်ပေါက်မြေပိုင်မြေ၊ လ/န(၃၉)မြေအား အမည်ပေါက်ဒေါက်တာဦးသိန်းညွှန့်နှင့်ဇနီး ဒေါ်ဝေဝေလွင်တို့ ကွယ်လွန်သဖြင့် (၁)ဦးဘုန်းခိုင် ၁၂/ရကန(နိုင်)၀၆၁၂၉၇၊ (၂)ဦးဘုန်းထက် ၁၂/ရကန(နိုင်)၀၀၄၁၂၉တို့က သားအရင်းများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏ မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၀)ရပ်ကွက်၊ နန်းရင်လမ်း၊ အမှတ်(၈၇၅-ခ)၊ အကျယ် (၂၀ ပေ × ၆၀ ပေ)အမည်ပေါက် ဦးတင်လှ (ပါမစ်မြေကွက်) အား စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဆိုသူ ဦးသန့်ဇင် [၁၂/ပဘတ(နိုင်)၀၁၂၁၀၀]ထံမှ အပိုင်ဝယ်ယူရန် စရံငွေပေးပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက် လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားသူ — ညွှန်ကြားချက်အရ

(ဒေါ်မြတ်သဏီအောင်) — (ဒေါ်ဝေဝေအောင်)

LL.B,D.B.L အထက်တန်းရှေ့နေ

စဉ် - ၃၆၉၁၀

တိုက်(၉/၁၁)၊အခန်း(၁၀၄၊ဘီ)၊(၃၆)လမ်း-လမ်းတို၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၇၃၂၃၆၀၂၀။

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ရပ်ကွက်အမှတ် ၆၀၊ မြေကွက်အမှတ် (၂၅၆၅+၂၅၆၄)၊ ဧရိယာအကျယ်အဝန်း ပေ(၄၀×၆၀) ရှေ့နောက်နှစ်ကွက်တွဲအား အမည်ပေါက် ဒုတပ်ကြပ်သောင်းဝင်း+တပ်ကြပ်ကြီးကျော်ဝင်းတင့် အရောင်းအဝယ် အရပ်ကတိစာချုပ် ဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းသူလင်း ၁၂/သဃက(နိုင်)၀၃၉၅၁၃ထံမှ ကျွန်ုပ် ဦးစောရန်အောင် ဝယ်ယူမည်ဖြစ်ပါသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါကြောင်းနှင့် ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးစောရန်အောင် ၁၂/ဗဟန(နိုင်)၀၀၇၉၈၁

အမှတ် ၁၇၁၊ သိမ်ဖြူလမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၀၀၆၆၄

ကြော်ငြာစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၁၊ နည်းဥပဒေ-၈)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၆၀

၁။ဒေါ်ဖြူဖြူမော် ၂။ဦးဝင်းစိန် (အတူနေသားအဖ) (ကွယ်လွန်သူ ဒေါ်ခင်အေး၏ ဆက်ခံသူ) အမှတ် ၃၈၊ မလွှကုန်းလမ်း၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။	**နှင့်**	၁။ ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) အမှတ် ၅၂/၅၄၊၅+၆လွှာ၊ လမ်း၃၀(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ၂။ ဌာနမှူး အင်ဂျင်နီယာဌာန (အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်ယာယာရေး ကော်မတီ၊ ရန်ကုန်မြို့။
တရားလိုများ		**တရားပြိုင်များ**

တရားလိုများက တရားပြိုင်များအပေါ် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ၃၂လမ်း၊ အမှတ် ၂၁၁ ဟုခေါ်တွင်သော တိုက်အဆောက်အအုံရှိ ဒုတိယထပ်၊ အခန်းအမှတ် ၄ ဥပစာ၏ မူလနေထိုင်သူအဖြစ်သတ်မှတ်၍ အဆိုပါအခန်းဥပစာအတွက် စည်ပင်သာယာရေးကော်မတီက ပြန်လည်သတ်မှတ်ပေးအပ်မည့် အခန်းဥပစာအား တရားလိုများ ရထိုက်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုထားရာ အဆိုပါအမှုတွင် ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) အကျိုးနှင့်သက်ဆိုင်သည့် အသင်းသူ/အသင်းသား မည်သူမဆို အမှုတွင်ပါဝင်နိုင်ကြောင်းနှင့် အဆိုပါအမှုကို ဤရုံးတော်က ၂၀၁၃ခုနှစ် မေ ၃၀ ရက် (၁၃၇၅ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်) နံနက် ၁၀ နာရီတွင် ချိန်းဆိုထားပြီးဖြစ်ရာ ယင်းနေ့ရက်အချိန်တွင် ဤရုံးတော်သို့လာရောက်ရန် ဆင့်ဆိုလိုက်သည်။

၂၀၁၃ ခုနှစ် မေ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်နှင်းဦး)

တွဲဖက်ခရိုင်တရားသူကြီး (၂)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

တောင်ငူခရိုင်တရားရုံး တရားမရုံး၌

၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၁

ဦးရန်နိုင်အောင် အေဂျင်စီဒါရိုက်တာ ကောင်းမြတ်ကုမ္ပဏီလီမိတက် (အခွင့်ရကိုယ်စားလှယ်ဦးချစ်သိန်း)	**နှင့်**	ဦးကြည်ဝင်း
လျှောက်သူ		**အလျှောက်ခံရသူ**

အထက်အမည်ပါ ဦးကြည်ဝင်း၊ မော်တော်ကားလုပ်ငန်း၊ ပါရမီရပ်၊ ပုလဲမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိ)။

အထက်အမည်ပါတရားနိုင်က ဤရုံးသို့ တရားမဇာရီမှုအတည်ပြုလုပ်ပေးရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၃ ခုနှစ် မေ ၃၀ရက် (၁၃၇၅ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် မေ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဦးရွှေ)

ဒုတိယခရိုင်တရားသူကြီး (၂)

တောင်ငူခရိုင်တရားရုံး

ဦးဖြိုးနေလင်း ၁၂/လကန(နိုင်)၂၂၉၄၁၅၊ စီမံကိန်းကြီးကြပ်ရေးမှူး တော်ဝင်စန္ဒကူးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ အမှတ် ၁၅၀၊ ဝေပုလ္လ (၄)လမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေသူနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၇၇/၁၈၃)၊ အခန်းအမှတ် ၀၀၄၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်တွင်နေထိုင်သူ ဒေါ်ဆုသစ်သစ်ထွန်း ၁/မကတ(နိုင်)၀၈၂၅၀၀တော်ဝင်စန္ဒကူးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်။

ကုမ္ပဏီဝန်ထမ်းဖြစ်သူ ဦးဖြိုးနေလင်းအား ကုမ္ပဏီ၏ ဒု-ဥက္ကဋ္ဌဒေါ်ဆုသစ်သစ်ထွန်းမှ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁)၌ စာရင်းဖွင့်ထားသောကုမ္ပဏီပိုင်ငွေများကို ထုတ်ယူရန် ၁၄-၂-၂၀၁၃ ရက်တွင် ဘဏ်သို့စေလွှတ်ခဲ့ပါသည်။ ထုတ်ယူခိုင်းသည့်ကုမ္ပဏီပိုင်ငွေများကို အလွဲသုံးစားပြုလုပ်ခဲ့သည့်အတွက် ကုမ္ပဏီမှတာဝန်ရှိသူများက ၄င်းနေထိုင်ရာ အထက်ပါလိပ်စာသို့ သွားရောက်စုံစမ်းရာ မတွေ့ရှိဘဲ ထွက်ပြေးတိမ်းရှောင်နေသည်မှာ သုံးလနီးပါးရှိပြီဖြစ်ပါသည်။ ထို့အပြင် ဦးဖြိုးနေလင်းသည် တော်ဝင်စန္ဒကူး ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ အရေးကြီးစာချုပ်များ၊ မှတ်တမ်းများကိုလည်း ကုမ္ပဏီသို့ ပြန်လည်အပ်နှံခြင်းမရှိဘဲ ကုမ္ပဏီပိုင်ငွေအချို့နှင့်အတူ ယူဆောင်သွားပါသည်။

သို့ဖြစ်ပါ၍ ယခုသတင်းစာကြော်ငြာစာပါသည့်ရက်မှ ၃၀-၅-၂၀၁၃ရက် နောက်ဆုံးထား၍ လူကြီးမင်း အလွဲသုံးစားပြုလုပ်ထားသောငွေများနှင့် အရေးကြီးစာရွက်စာတမ်းများကို ကုမ္ပဏီသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ လာရောက်အပ်နှံရန် အသိပေး အကြောင်းကြားအပ်ပါသည်။ ကုမ္ပဏီပိုင်စာချုပ်အချို့မှာလည်း ဦးဖြိုးနေလင်းနှင့်ပါသွားပြီး အခြားတစ်နေရာတွင် ကုမ္ပဏီ၏ စာချုပ်စာတမ်းများကို အသုံးပြုခဲ့ပါက ကုမ္ပဏီနှင့် လုံးဝမသက်ဆိုင်ကြောင်းနှင့် ဦးဖြိုးနေလင်းနှင့်ပတ်သက်ဖြစ်ပေါ်လာသည့် မည်သည့်ကိစ္စကိုမဆို ကုမ္ပဏီတွင်တာဝန်မရှိကြောင်း သိစေလိုပါသည်။

အကယ်၍ သတင်းစာကြော်ငြာပါ နောက်ဆုံးနေ့ဖြစ်သည့် ၃၀-၅-၂၀၁၃ရက်ရောက်သည့်တိုင် ငွေနှင့်စာရွက်စာတမ်းများကို တာဝန်ရှိသူများထံ လာရောက်အပ်နှံခြင်းမပြုပါက လူကြီးမင်းအပေါ် မလွှဲမရှောင်သာတော့ဘဲ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဖြိုးနေလင်းနှင့် အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဦးဇော်ဝင်း: LL.B, D.B.L — **ဒေါ်လင်းလင်းထိုက် LL.B, LL.M**

တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၇၉) — **အထက်တန်းရှေ့နေ (စဉ်-၃၅၀၈၀)**

အမှတ် ခ/၂၄၄၊ ဇ/မြောက်ရပ်ကွက်၊ လေးဒေါင့်ကန်လမ်းကြီး၊

သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၂၇၀၁၊ ၀၉-၄၂၁၁၅၆၉၉၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် ၄၁၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၆၈၄၊ အကျယ်အဝန်း (၄၁ ပေ× ပေ ၆၀)၊ ဧရိယာ ၀ဒသမ ၀၅၆ဧကရှိ နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ် ၆၈၄၊ ကံ့ကော်လမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ အမည်ပေါက် ဦးသန်းဝင်း ၁၂/သဃက(နိုင်)၁၁၅၅၈၆ (CE-၀၈၄၄၆၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤနို့တစ်စာထုတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ရီနွယ်ထွန်း (စဉ်-၃၆၈၉၉)

LL.B, D.B.L, D.M.L

အထက်တန်းရှေ့နေ

အမှတ် G-1၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် တောင်သူများထံပေးအပ်

သထုံ မေ ၁၄

မွန်ပြည်နယ် သထုံမြို့နယ် နောင်ဘိုကျေးရွာအုပ်စု ကွင်း(၆)ကွင်းတွင် လာရောက်လုပ်ကိုင်ကြသည့် တောင်သူများအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ပွဲကို **(အောက်ပုံ)** မေ ၁၁ ရက် နံနက်ကနောင်ဘိုကျေးရွာဘုတာလမ်းရှိ အမကကျောင်း၌ ကျင်းပခဲ့သည်။

သထုံခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးတင်အောင်ကြည်က တောင်သူများအနေဖြင့် ယခင်ကလယ်ယာမြေကို ရောင်းဝယ်ပေါင်နှံခွင့် မရှိခဲ့သော်လည်း ယခုအခါ သားစဉ်မြေးဆက်ပိုင်ဆိုင်ခွင့်၊ လယ်ယာမြေကို ပေါင်နှံရောင်းချနိုင်ခွင့်နှင့် နှစ်ရှည်ငွေ ချေးငှားခွင့်များ ရရှိပြီဖြစ်ကြောင်း၊ မိမိတို့နည်းတူ အကျိုးခံစားခွင့်များကို အခြားသူများလည်း ရရှိနိုင်စေရန်အတွက် သတင်းစကားပါးပြီး လာရောက်ဆောင်ရွက်ကြစေရန် ဝိုင်းဝန်းတိုက်တွန်းပေးစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောဘသိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသောင်းဖေ၊ ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကျော်စိန်လင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးနေလင်းနှင့်တာဝန်ရှိသူများက တောင်သူ ၉၂ ဦး၊ ဦးပိုင် ၁၂၃ ခုအတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်များကို ပေးအပ်ခဲ့ကြသည်။

နောင်ဘိုကျေးရွာနေ တောင်သူ မမြင့်မြင့်လှိုင်က "ဒီလက်မှတ်ကြောင့် အရင်က လုပ်ခွင့်မရှိတဲ့ဟာတွေကို တရားဝင်လုပ်လို့ရပြီး ရောင်းလို့ပေါင်လို့ရပြီ။ သားစဉ်မြေဆက်ပိုင်ခွင့်ရပြီး ကျွန်မတို့ သားသမီးတွေကို ခိုင်မာတဲ့ မြေယာအမွေ ချန်ထားပေးနိုင်ပြီပေါ့။ နောက် ဒီလက်မှတ်ပြပြီးတော့ လယ်ယာလုပ်ဖို့ နှစ်ရှည်ငွေချေးခွင့်လည်းရဦးမယ်။ အရင်က ကိုယ်လုပ်နေတဲ့မြေကို ကိုယ်ကမပိုင်ဘူး။ လယ်ယာလုပ်ခွင့်ပဲရှိတယ်။ အခု ကိုယ်ပိုင်တဲ့ လယ်ယာမြေဆိုတဲ့ အသိက အလွန်အားတက်တယ်။ ပိုင်ဆိုင်ခွင့်ပေးတဲ့ နိုင်ငံတော်အစိုးရနဲ့ တာဝန်ရှိသူတွေကိုလည်း အလွန်ကျေးဇူးတင်ပါတယ်"ဟု ဝမ်းမြောက်စကားပြောကြားသည်။

အဆိုပါ လက်မှတ်များပေးအပ်ခြင်းကို တစ်နှစ်တာကာလပတ်လုံး ဆက်လက်ပေးအပ်သွားမည် ဖြစ်ကာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့အနေဖြင့် မိုးစပါးစိုက်ပျိုးချိန်အမီ လက်မှတ်များထုတ်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

သောက်သုံးရေခက်ခဲသည့်ကျေးရွာများသို့ ရေလှူဒါန်း

စဉ့်ကူး မေ ၁၄

သောက်သုံးရေခက်ခဲသော မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်ရှိ ရပ်ကွက်နှင့်ကျေးရွာများသို့ ရှောက်ပင်ရိုးကျေးရွာအုပ်စု ကျည်တောက်ပေါက်ကျေးရွာဒေသ အရန်မီးသတ်တပ်ဖွဲ့စခန်းမှ ဒုတပ်ခွဲမှူး ကျော်မိုးဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက သောက်သုံးရေ ဖြန့်ဝေလှူဒါန်းခြင်းနှင့်ခန်းခြောက်ရေတွင်းရေကန်များ တူးဖော်ဆယ်တင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ မတ်လမှ ယခုအချိန်အထိ ရေရှားပါးခက်ခဲသည့် ကုန်းတန်းပိုင်းကျေးရွာများဖြစ်သော ကျည်တောက်ပေါက်ကျေးရွာသို့ သောက်သုံးရေဂါလန် ၁၃၅၆၀၀၊ ငါးပြားပေးကျေးရွာသို့ ရေဂါလန် ၂၄၀၀၊ နတ်တောင်ကျေးရွာသို့ ရေဂါလန် ၁၄၄၀၀၊ ခူလယ်ကျေးရွာသို့ ရေဂါလန် ၁၂၀၀၊ နွယ်ရုံကျေးရွာသို့ ရေဂါလန် ၁၂၀၀ နှင့် စဉ့်ကူးရပ်ကွက် (၂)သို့ သောက်သုံးရေဂါလန် ၁၂၀၀ တို့ကို မီးသတ်အဖွဲ့ပိုင်ရေယာဉ်များဖြင့် အသီးသီး ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။ မိုးမကျမီ သောက်သုံးရေခက်ခဲမှုရှိသည့်ကျေးရွာများသို့ မြို့နယ်ဒေသအရန်မီးသတ်တပ်ဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ဦးဆောင်ကြိုးကြပ်မှုဖြင့် ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၄၃၃)**

ပဲခူးအကျဉ်းထောင်မှ အကျဉ်းသားတစ်ဦး ထွက်ပြေး

ပဲခူး မေ ၁၄

ပဲခူးအကျဉ်းထောင်တွင် ပြစ်မှုဆိုင်ရာအမှုများဖြင့် စုစုပေါင်းပြစ်ဒဏ် ၁၉ နှစ် ကျခံနေရသော အကျဉ်းသားအောင်ကိုသည် မေ ၂ ရက်က အကျဉ်းထောင်မှ အုတ်ရိုးကိုကျော်ကာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အောင်ကိုသည် ၂၀၁၂ ခုနှစ် ဩဂုတ်လက ဖြူးမြို့နယ် ရှမ်းပိုင်းရှိ ဦးဘဦး၏ နေအိမ်ကို ဖောက်ထွင်းဝင်ရောက်ပြီး ဆိုင်ကယ်တစ်စီးကို ရန်အောင်ထွန်းဆိုသူနှင့် အတူ ခိုးယူသဖြင့် ဖြူးမြို့နယ်တရားရုံးက ထောင်ဒဏ် ငါးနှစ်ကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ် စက်တင်ဘာလက ကျောက်တံခါးမြို့နယ် ဖဒိုကျေးရွာရှိ ဦးဘိုင်ကြီး၏ နေအိမ်ကို ဖောက်ထွင်းဝင်ရောက်ပြီး ငွေကျပ် ငါးသိန်း ငါးသောင်းကို ရန်အောင်ထွန်းဆိုသူနှင့်အတူ ခိုးယူမှုနှင့် ၂၀၁၂ ခုနှစ် စက်တင်ဘာလအတွင်း၌ပင် ကျောက်တံခါးမြို့ ဈေးပိုင်းရပ်ကွက်ရှိ ဇင်ဖြိုးငြိမ်း၏နေအိမ်ကို ဖောက်ထွင်းဝင်ရောက်ပြီး စိန် ၁၆၅ ပွင့်၊ ရွှေ ခုနစ်ကျပ်သားကို ရန်အောင်ထွန်းဆိုသူနှင့်အတူ ခိုးယူခဲ့သဖြင့် ကျောက်တံခါးမြို့နယ် တရားရုံးမှ ပြစ်ဒဏ်များအတွက် ထောင်ဒဏ် ၁၄ နှစ်နှင့် အမှုအားလုံးပေါင်း ထောင်ဒဏ် ၁၉ နှစ် ပြစ်ဒဏ်ချမှတ်ခြင်း ခံထားရသူဖြစ်သည်။

ထွက်ပြေးလွတ်မြောက်သွားသော အကျဉ်းသားအောင်ကိုသည် ဒိုက်ဦးမြို့ မြို့သစ် လမ်း ၃ ၌ နေထိုင်ခဲ့သူဖြစ်ပြီးခြောက်လမျှသာ ပြစ်ဒဏ်ကျခံခဲ့ပြီးဖြစ်၍ ပြစ်ဒဏ် ကျန်ကာလမှာ ၁၈ နှစ်ကျော်ကျန်ရှိရာ ဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာက စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၂၁)**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
ဝင်ငွေခွန်ဌာနခွဲ
ဝင်ငွေကြေညာလွှာတင်သွင်းရန် နှိုးဆော်ခြင်း

၁။ ၂၀၁၂ ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၃ ခုနှစ် မတ် ၃၁ရက်အထိဖြစ်သည့် ဝင်ငွေနှစ်အတွင်း ရရှိသောဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်မှုခံယူရမည့် ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်းတို့သည်လည်းကောင်း၊ ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ ၁၂၀၀၀၀၁ ကျပ်နှင့်အထက်ရရှိသည့် သမဝါယမအသင်း၊ ယင်းအသင်းနှင့် စုပေါင်းလယ်ယာအဖွဲ့များ၊ တစ်ဦးချင်းပုဂ္ဂိုလ် (လစာခါင်းစဉ်မှဝင်ငွေသာရရှိသူမပါ)၊ တစ်ဦးချင်းပုဂ္ဂိုလ်တို့ စုပေါင်းထားသည့်အဖွဲ့အစည်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသည့်အဖွဲ့အစည်း (သို့မဟုတ်) အသင်းအဖွဲ့တို့သည်လည်းကောင်း၊ ဝင်ငွေကြေညာလွှာကို ပြည့်စုံစွာဖြည့်စွက်၍ ဝင်ငွေကြေညာလွှာ၏ မှတ်ချက်တွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူမှ လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့ရန်နှင့် လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာ လက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံထားရန် အသိပေးနှိုးဆော်အပ်ပါသည်။

၂။ ဝင်ငွေနှစ်အတွင်း လစာခါင်းစဉ်မှသာ ဝင်ငွေ ၁၄၄၀၀၀၁ ကျပ်နှင့်အထက် ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေရရှိသူများသည် ဝင်ငွေကြေညာလွှာပေးပို့ရန် မလိုအပ်ပါ။ သို့ရာတွင် အလုပ်ရှင်သည် ထိုသူများအတွက် လစာနှစ်ချုပ်စာရင်းကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ပေးပို့ရန် လိုအပ်ပါသည်။

၃။ **ကြေညာလွှာနှင့်အတူ ပူးတွဲတင်ပြရန်**
အခွန်ထမ်း၏ စီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်စည်းမျဉ်းများအရ ထားရှိရမည့်စာရင်းများအပါအဝင်ဖြစ်သော သက်ဆိုင်ရာဝင်ငွေနှစ်အတွက် စာရင်းရှင်းတမ်းတစ်စောင်ကို ဝင်ငွေကြေညာလွှာနှင့်ပူးတွဲတင်ပြရန် လိုအပ်ပါသည်။

၄။ **ပေးပို့ရမည့်နောက်ဆုံးရက်**
၂၀၁၃ ခုနှစ် ဇွန် ၃၀ရက် (တနင်္ဂနွေနေ့) ၃၀-၆-၂၀၁၃ရက်သည် အစိုးရရုံးပိတ်ရက်ဖြစ်ပါ၍ ၁-၇-၂၀၁၃ ရက် ညနေ ၆ နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ (၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေ ပုဒ်မ-၉)

၅။ **ပျက်ကွက်မှုအတွက်ပြစ်ဒဏ်**
ပေးဆောင်ရမည့်အခွန်အပြင် ယင်းအခွန်၏ ၁၀ ရာခိုင်နှုန်းထက်မပိုသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေနိုင်ပါသည်။

၆။ **ကြေညာလွှာပုံစံနှင့် လစာနှစ်ချုပ်ပုံစံရယူရန်**
ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးတို့တွင် အခမဲ့ရယူနိုင်သည့်အပြင် http://www. irdmyanmar. gov.mm မှလည်း ရယူနိုင်ပါသည်။

၇။ **စုံစမ်းရန်**
မရှင်းလင်းသည့်အချက်များကို ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးတို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

စန်းလွင်
ညွှန်ကြားရေးမှူး
ဝင်ငွေခွန်ဌာနခွဲ

စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ မင်းလမ်း၊ တိုက်အမှတ်(၁၀)၏(ခြေရင်းဘက်)
(မြေညီ+ပထပ်)တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ မင်းလမ်း၊ တိုက်အမှတ်(၁၀)ဟုခေါ်သော သုံးခန်းတွဲ(၆-ထပ်)အဆောက်အအုံ၏ (ခြေရင်းဘက်/C-Roll)၊ (မြေညီ+ပထပ်)ဟောင်ကောင်ပုံစံတိုက်ခန်း (၂-ခန်း)ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပါသည်ဟု အဆိုပြုသူ ဒေါ်သောင်းရီ(၁၂/မရက(နိုင်)၀၉၈၁၇၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးသန့်ဇင် (LL-B)	ဒေါ်ဟန်နွေနိုင် (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)	အထက်တန်းရှေ့နေ(စဉ်-၂၃၅၄၄)
Ph-09-731 70516	Ph-09-4200 73685

အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။

၇-၅-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ ဦးတင်အေး ၁၂/မဂတ(နိုင်) ၀၈၁၁၂၈ ၏ အများသိစေရန်ကြေညာခြင်းသည် မှန်ကန်မှုမရှိ၍
ပြန်လည်တုံ့ပြန်သတိပေးကြော်ငြာ

၁။ ခြံအမှတ် ၁၁၊ မြခွာညိုအိမ်ရာ၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သူ ဒေါ်စန္ဒာဝင်း ၁၄/ဘကလ(နိုင်)၁၄၈၉၅၆ ၏ ညွှန်ကြားချက်အရ ဦးတင်အေးနှင့် ၎င်း၏တရားလွှတ်တော်ရှေ့နေတို့၏ အထက်ပါ အများသိစေရန်ကြေညာပါ အကြောင်းအရာများ မှန်ကန်မှုမရှိ၍ အောက်ပါအတိုင်း ဦးတင်အေးသိစေရန် ပြန်လည်တုံ့ပြန်ရှင်းလင်းသတိပေး ကြေညာလိုက်ပါသည်။

၂။ ဦးတင်အေးသည် ၂၀၀၁ခုနှစ်တွင် နိုင်ငံခြားသင်္ဘောလိုက်ရာမှ နိုင်ငံတွင်ဆင်းရန် အမေရိကန်ဒုက္ခသည်အဖြစ် (၉)နှစ်ခန့်ရောက်ရှိနေပြီး အလုပ်လက်မဲ့ဘဝဖြင့် မြန်မာနိုင်ငံသို့ ၂၀၁၁ ခုနှစ် (၉)လပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ရာ ငွေကြေးတစ်ပြားတစ်ချပ်မျှ ပါရှိမလာပါ။ အမေရိကန်နိုင်ငံတွင်နေထိုင်စဉ် ဒုက္ခသည်ဖြစ်၍ ဝင်ငွေမရှိသောကြောင့် မြန်မာနိုင်ငံရှိ ဇနီးနှင့် သားသမီးများထံ ငွေကြေးပေးပို့နိုင်ခြင်းမရှိသူဖြစ်ကြောင်း ပြန်ရှင်းကြေညာအပ်ပါသည်။

၃။ ၇-၅-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ ဦးတင်အေးဖော်ပြထားသော မရွှေ့မပြောင်းနိုင်သောပစ္စည်း (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)သည် ဒေါ်စန္ဒာဝင်းနှင့် သားသမီးများ ကြိုးပမ်းရှာဖွေစုဆောင်းငွေကြေးဖြင့် ဝယ်ယူထားခြင်းဖြစ်၍ ဦးတင်အေးနှင့် လုံးဝ(လုံးဝ) သက်ဆိုင်ခြင်းမရှိသောပစ္စည်းများဖြစ်၍ ဒေါ်စန္ဒာဝင်းနှင့် သားသမီးငါးဦး တိုင်ပင်ကာ ထုခွဲရောင်းချနိုင်ခွင့်ရှိသောပစ္စည်းများဖြစ်၍ ဦးတင်အေးအနေဖြင့် တားမြစ်ပိုင်ခွင့်မရှိသူဖြစ်ပါကြောင်းနှင့် ဒေါ်စန္ဒာဝင်း၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ကြေညာသော ၇-၅-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြော်ငြာကို ခုနစ်ရက်အတွင်း ဦးတင်အေးအနေဖြင့် ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာပေးရန် ကျွန်ုပ်တို့မှတစ်ဆင့် တောင်းဆိုလိုက်သည်။ ပြန်လည်မရုပ်သိမ်းပါက ဦးတင်အေးအပေါ် တည်ဆဲပြစ်မှုကြောင်း၊ တရားမကြောင်းဖြင့် တရားစွဲဆိုရလိမ့်မည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

ညွှန်ကြားချက်အရ-

၁။ဦးလှမြင့်(ဒဂုံ)	၂။ဦးတင်အောင်ကြည်(တောင်သုံးလုံး)	၃။ဒေါ်မျိုးရီဇာမွန်(မြောင်းမြ)
(စဉ်-၉၀၁၂)	LL.B (စဉ်-၃၀၇၂၂)	LL.B (စဉ်-၃၅၈၇၃)
H.G.P, WIPO (SWITZERLAND)		

အထက်တန်းရှေ့နေများအဖွဲ့၊ ဖုန်း-၅၃၄၃၆၉၊ ၀၉-၅၀၃၁၈၁၀၊ ၀၉-၄၂၀၀၁၈၇၃၄၊
အမှတ် ၈၃၊ အခန်း ၁၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တိုက် ၃၀၂၊ အခန်း ၅၊ ရန်ကင်းမြို့နယ်နေ
ရဲမှူးအေးကျော်-ဒေါ်အေးငြိမ်းတို့၏သားကြီး၊
မောင်ထက်အောင် (B.E-Mechanical)၏အစ်ကို

ဗိုလ်ကြီးနိုင်လင်းထွန်း
(DSA-49th) B.Sc (Chemistry)

နှင့်

ရန်ကုန်မြို့၊ တိုက် ၂၀၄၊ အခန်း ၁၉၊ ရန်ကင်းမြို့နယ်နေ
ဦးမြင့်ဇော် အကျဉ်းဦးစီးဌာန(ငြိမ်း)-ဒေါ်ခင်မာသက်တို့၏
တစ်ဦးတည်းသောသမီး

မဆွေဆွေခိုင်
Bachelor of Business Administration (B.BA)

တို့သည် ၈-၅-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)တွင် နှစ်ဖက်သော လူကြီးမိဘများ၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးနိုင်လင်းထွန်း-မဆွေဆွေခိုင်

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/၅) တိုးချဲ့၊ မြေကွက်အမှတ် (၇၈/က)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၇၈/က)ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား အံမည်ပေါက် ဒေါ်စောစန္ဒာဒွေး(၁၂/ဥကတ(နိုင်)၀၄၂၅၄၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ခင်မာဆွေ (LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၉၈)
အခန်းအမှတ် (၁၀၃/စီ)၊ တိုက်အမှတ် (၉/၁၁) ၃၆-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၀၃၈၉၇၄၊ ၀၉-၇၃၁ ၉၇၆၅၈

ကျစ်လျစ်သွယ်လျ၊ အဆင်းလှဖို့ 'မင်္ဂလာ' ကို သုံးကြစို့
မင်္ဂလာ အသီကျဆေး
ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၃၀၉ YR ၀၀၃၈၁၅
Ph: 01 565322, 0973078272

သတင်း၊ ဆောင်းပါး

နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ မော်လူးကျေးရွာတွင် နေ့ချင်းပြီးဆောင်ရွက်ပေး

မော်လူး မေ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အင်းတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသည် မိုးပွင့်အဆင့်(၅) စီမံချက်အရမြို့နယ်အတွင်းနိုင်ငံသားဖြစ်ခွင့်ရှိပြီးသတ်မှတ်အရည်အချင်းပြည့်စုံသူများကို နိုင်ငံသားစိစစ်ရေးကတ်နှင့်အိမ်ထောင်စုလူဦးရေစာရင်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ဌေးက ဝင်ရောက်ကြည့်ရှုပြီး မော်လူးကျေးရွာ အုပ်ချုပ်ရေးအဖွဲ့တို့နှင့်အတူ မေ ၁၁ ရက် နံနက် ၈နာရီက မော်လူးအခြေခံပညာအထက်တန်းကျောင်း သရဖီခန်းမဆောင်တွင် နိုင်ငံသားစိစစ်ရေးကတ်ကို နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးကြသည်။ **(ယာပုံ)**

မိုးပွင့်အဆင့်(၅) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်အိမ်ထောင်စုလူဦးရေစာရင်း၊ မှတ်ပုံတင်ကတ်ပျောက်၊ ပျက်သူတို့ကို နေ့ချင်းပြီး ဆောင်ရွက်ပေးမှုကို အင်းတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးအောင်သူ ဦးစီးအဖွဲ့သည် နိုင်ငံသားစိစစ်ရေးကတ်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နီတိုး

စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ နည်းပညာသင်ယူ

ကျောက်ပန်းတောင်း မေ ၁၄

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျင်မောင်နှင့် ခရိုင် Subject Matter Specialist လေးဦးတို့သည် ကျောက်ပန်းတောင်းမြို့နယ် မြို့မရှေ့တန်းစခန်း အစည်းအဝေးခန်းမတွင် မေ ၃ ရက်က စိုက်ပျိုးရေးဦးစီးဌာန ကျောက်ပန်းတောင်းမြို့နယ်ရှိ ဝန်ထမ်းများအား နည်းပညာပေးသင်တန်းများ ပေးပို့ခဲ့သည်။

အဆိုပါ နည်းပညာပေးသင်တန်း၌ ခရိုင်မျိုးစေ့တာဝန်ခံ၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ၊ ခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံတို့က ပညာပေးသင်တန်းပို့ချခဲ့ရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိုးကြည်နှင့် ကွင်းဝန်ထမ်း၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရွှေမင်းအောင်(ကျောက်ပန်းတောင်း)

တရုတ်ခရမ်းချဉ်သီး လားရှိုးသို့ လှိုင်လှိုင်ဝင်

လားရှိုး မေ ၁၄

လားရှိုး ခရမ်းချဉ်သီးဈေးကွက်အတွင်းသို့ တရုတ်ခရမ်းချဉ်သီးများ လှိုင်လှိုင်ဝင်ရောက်လာကြောင်း ကုန်စည်ဒိုင်များမှ သိရှိရသည်။

လားရှိုး၌ တရုတ်မှဝင်ရောက်လာသော ခရမ်းချဉ်မျိုးများအား စိုက်ပျိုးသည့် တောင်သူများရှိသော်လည်း နည်းစနစ်မှန်ကန်မှု အားနည်းခြင်းကြောင့် အောင်မြင်မှုမရှိကြောင်း၊ ခရမ်းချဉ်သီးကို မုံရွာ၊ မိတ္ထီလာ၊ အင်းလေး၊ ကျောက်ဆည်၊ နောင်ချိုစသောဒေသများမှ မန္တလေးဈေးကွက်အတွင်းသို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် လားရှိုးသို့ ဝင်ရောက်ခြင်းဖြစ်ကြောင်း စည်ပင်သာယာ ဈေးကြီးအတွင်းမှ ခရမ်းချဉ်သီးကုန်သည် မအေးမြကြူထံက သိရသည်။

ခရမ်းချဉ်သီးကုန်သည် ဦးအိုက်ရီက "တရုတ်မှာ ခရမ်းချဉ်သီးကို အများအပြားစိုက်ပျိုးကြတယ်။ လုပ်သားအင်အားများပြီး နည်းပညာတွေလည်းကောင်းတယ်။ ဒေသရာသီဥတုနဲ့ လည်းကိုက်ညီတာမို့ ဒီနှစ်မှာ ခရမ်းချဉ် အထွက်ကောင်းတယ်လို့ ပြောရမှာပါ။ လားရှိုးဈေးကွက်အရောက် ခရမ်းချဉ်သီးတွေ နေ့စဉ် ပိဿာချိန် တစ်သောင်းလောက်ဝင်တယ်" ဟု ပြောပြသည်။

ပြည်တွင်းခရမ်းချဉ်သီးအနေနှင့် ဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ မှ ၁၅၀၀ အကြား ဈေးရှိပြီး တရုတ်ခရမ်းချဉ်သီးမှာ တစ်ပိဿာလျှင် ငွေကျပ် ၇၀၀ မှ ၈၀၀ အကြား တွင်ရှိပြီး လူသုံးများကြောင်း သိရသည်။

မမ(လားရှိုး)

ကလေးမြို့၌ စုဋ္ဌဘွဲ့နှင်းသဘင်ကျင်းပ

ကလေး မေ ၁၄

ကလေးမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့်ကျင်းပသော စုဋ္ဌဘွဲ့နှင်းသဘင်အခမ်းအနားကို မေ ၇ ရက်က ရွှေဘုံသာဘုရားကြီးဓမ္မာရုံ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့် ဌာနဆိုင်ရာများတက်ရောက်ကြသည်။

အခမ်းအနားတွင် ၂၀၁၂ ခုနှစ်အတွင်း ပါဠိပထမပြန်စာမေးပွဲတွင် ကလေးမြို့ စာဖြေဌာနမှ ဖြေဆိုအောင်မြင်တော်မူသော နိကာယ်ဝိနည်းငါးကျမ်းအောင်တစ်ပါး၊ ပထမကြီးတန်း ၇၂ ပါး၊ ပထမလတ်တန်း ၈၃ ပါး၊ ပထမငယ်တန်း ၁၃၅ ပါး၊ ယဉ်ကျေးမှုစာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယအောင် ကိုးဦးတို့အား အောင်လက်မှတ်နှင့် ဆုများ ဆက်ကပ်ကြသည်။

ကလေးမြို့ စာဖြေဌာနမှ ဖြေဆိုအောင်မြင်တော်မူသော နိကာယ် ဝိနည်းငါးကျမ်းအောင် သံဃာတော်မှာ ကလေးဝမြို့ သစ်ချောက်ကျောက်မီးသွေးဘုန်းတော်ကြီးကျောင်းမှဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဆောမြို့နယ်တွင် သောက်သုံးရေဖြန့်ဝေ

ဂန့်ဂေါ မေ ၁၄

နွေရာသီ ရေရှားပါးချိန်၌ သောက်သုံးရေရှားပါးသည့် ဆောမြို့နယ် အညာကတင်းကျေးရွာသို့ မေ ၇ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ရေဂါလန်၁၈၀၀ကို ကားဖြင့် ပို့ဆောင်ဖြန့်ဝေပေးခဲ့သည်။ ထိုသို့ဖြန့်ဝေရာတွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ရေရှားချိန်တွင် ရေရသဖြင့် ကျေးရွာနေပြည်သူများ အထူးဝမ်းသာကြကြောင်းသိရသည်။

(၁၀၁)

သဘာဝတောတွေ
စိမ်းလန်းဖို့
သစ်တောသစ်ပင်
စိုက်ကြစို့

အောင်စကြာဓမ္မရိပ်သာ(၁၅)ရက်တရားစခန်းပွဲ

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာဓမ္မရိပ်သာ၌ (မဟာဓမ္မကထိကဗဟုဇနဟိတဓရ)အောင်စကြာဘဒ္ဒန္တစန္ဒသူရိယ ဆရာတော်သည် ခန္ဓာဉာဏ်ရောက် သမထ ဝိပဿနာ တရားတော်များကို ၂၀၁၃ခုနှစ်၊ ဇွန် (၁) ရက်မှ (၁၅) ရက်အထိဟောပြောပြသမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများ မှတ်ပုံတင်၊ ယောဂီဝတ်စုံ၊ အိပ်ရာလိပ် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများ ယူဆောင်၍ မေ(၃၁) ရက်နေ့ ညနေ (၅) နာရီအရောက်လာကြရပါမည်။

တစ်ကြိမ်ထိုင်ပြီးတိုင်း တစ်ခါ တရားစစ်မည်ဖြစ်ပါ၍ ယောဂီဦးရေ (၂၀) သာ လက်ခံပါသည်။ နေ့ဆွမ်း၊ အရုဏ်ဆွမ်း အချိုပွဲဖျော်ရည်များကို ဖုန်း ၀၁၂၂၄၆၈၁ သို့ဆက်သွယ် လှူဒါန်းနိုင်ကြပါသည်။

တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ ကြေညာချက်

ဒေါ်ညွန့်ညွန့်ဝေ ၅/မရန (နိုင်) ၀၀၀၃၆၇၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

Easy mart
For easy shopping

အထက်ဖော်ပြပါ **Easy Mart** အမည်ရှိ တံဆိပ်အမည်အမှတ်အသားမှာ ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတော်တွင် ဒေါ်ညွန့်ညွန့်ဝေမှ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုရန် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ ဖော်ပြပါတံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ အိမ်သုံး/လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ရောင်းချသည့်ဆိုင် **(Shopping Mark)** တံဆိပ်အမည်အမှတ်အသားဖြစ်ပါသည်။ အဆိုပါတံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ယခု ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး နောက်နောင် လုပ်ငန်းတိုးချဲ့သည့်အခါ အဆိုပါတံဆိပ် အမည်အမှတ်အသားကိုအသုံးပြု၍ မည်သည့်ဒေသတွင်မဆို ဆိုင်လုပ်ငန်းဖွင့်လှစ်ရောင်းချမည်ဖြစ်ပါ၍ အဆိုပါတံဆိပ် အမည်အမှတ်အသား၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေအသုံးပြုခြင်း၊ လက်ဝယ်ထားရှိခြင်း၊ တုပပြုလုပ်ခြင်းတို့ကို လုံးဝမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ လိုအပ်သလိုအရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်သီတာအုန်း**
တရားလွှတ်တော်ရှေ့နေ(စဥ်-၆၃၀၇)
တိုက်အမှတ်(၃၂)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၁၆၀၆၀၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ရွှေထီးအိမ်ရာရှိ တိုက်အမှတ် ၃၊ အခန်းအမှတ်၅၀၂ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမင်းနောင် ၁၂/မရက(နိုင်)၁၁၃၄၇၇ထံမှ စာချုပ်စာတမ်းဖြင့်ဝယ်ယူထားသူ ဦးထွန်းနိုင်အောင် ၁၁/ကဖန(နိုင်)၀၃၃၇၂၂က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၈စီ၊ မြေကွက်အမှတ်၁၄၊ မြေကွက်တည်နေရာအမှတ်၆၀၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်း ဒေါ်သောင်းအမည်ပေါက် နှစ်၆၀ဂရန်မြေအားအမည်ပေါက်ဒေါ်သောင်းနှင့် ခင်ပွန်းဦးထွန်းကြည်တို့ ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းထွန်း ၁၃/တကန(နိုင်)၀၉၇၃၆၁၊ ဦးမြဟန် ၁၂/စခန(နိုင်)၀၂၄၂၂၄၊ ဒေါ်ငွေးငွေးထွန်း ၁၂/စခန(နိုင်)၀၂၄၂၂၃၊ ဦးတင်ဝင်း (ကွယ်လွန်)၏သမီးအမွေမမီမြေး ဒေါ်သန္တာတင် ၁၂/စခန(နိုင်)၀၅၇၈၇၂တို့က သားသမီးမြေးများတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ငမိုးရိပ်၊ မြေကွက်အမှတ် ၁၈၈၊ မြေကွက်တည်နေရာအမှတ်-၁၈၈၊ ငမိုးရိပ်(၈)လမ်း၊ငမိုးရိပ်ရပ်ကွက်၊သဃ်ာန်းကျွန်းမြို့နယ် ဒေါ်ကြည်ဝင်း အမည်ပေါက် ပါမစ်မြေအားအမည်ပေါက် ဒေါ်ကြည်ဝင်းထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ၁။ဒေါ်မြင့်မြင့်စန်း ၁၂/သဃက(နိုင်)၀၄၈၅၆၆၊၂။ဒေါ်နီလာ(ခ)ရိုဇီအလဇန္ဒြား ၁၂/သဃက(နိုင်)၁၅၂၅၈၄ တို့ကပါမစ်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဂရန်သစ်လျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ထိုက်သူရမည်

နှစ်ထပ်တိုက်ခံ၊ ရေမီးစုံ၊ ပေ(၄၀×၆၀)၊(၁၈)ရပ်ကွက်၊ တောင်ဒဂုံ၊ ကျပ်သိန်း ၄၀၀၊ တစ်ထပ်အိမ်ကောင်းကောင်း၊ ရေ၊ မီးစုံ ပေ(၂၀×၆၀)၊ (၇၂)ရပ်ကွက်၊ တောင်ဒဂုံ၊ ကျပ်သိန်း ၁၄၀။ **ဖုန်း-၀၉-၇၃၁၀၆၅၇၄၊ ၇၃၁၃၅၄၄**

"အများသိစေရန် ကြေညာချက်"

ပဲမှိုကုန်း ဦးပိုင်အမှတ် (၈၆/အေ)၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉၈)၊ လူနေ ရပ်ကွက်အမှတ် – စော်ဘွားကြီးကုန်း၊ အရပ်အခေါ် ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ ပိတောက်မြိုင်ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ် (၆၇) မြေအကျယ် (၇၀ ပေ × ၁၃၀ ပေ) မြေကွက်နှင့် ယင်း မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦး ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်ခွင့်ရှိသူ ဦးအောင်ကျော်မိုး (၁၄/ပသန(နိုင်) ၀၀၀၄၁၉)ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်နိုင်ဦး (ဥပဒေဘွဲ့)	ဒေါ်ကျော့ကျော့စံ (ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
(စဥ်-၈၇၆၂)	(စဥ်-၂၁၇၂၈)

အမှတ် (၅၀) ဒုတိယထပ်၊ အခန်း (၉) ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်၊

ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်း၊ အမှတ် ၂၄ မြေကွက်နှင့်စပ်လျဉ်း၍အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ အမှတ် ၁၄၈နေ ဒေါ်ခင်ခင်ချို(ခ)ဒေါ်ချန်ချိုတီ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂ဘီ၊ မြေကွက်အမှတ် ၄၉၄(A၅) ဂရန်ရှိ မြေပိုင်မြေ ၁ ဒသမ ၂၀၈၉ဧကမြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်း၊ အမှတ် ၂၄နေအိမ်ကို ကျွန်ုပ်၏အမှုသည် ဒေါ်ခင်ခင်ချို(ခ)ဒေါ်ချန်ချိုတီမှ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၃-၁၁-၂၀၀၅ ရက်စွဲပါ အမိန့်အရ အမွေဆက်ခံခွင့်ရရှိခဲ့ပါသည်။

ယခုအခါ သက်ဆိုင်ရာဌာနတွင် အဆိုပါမြေကွက်အား ကျွန်ုပ်၏အမှုသည် ဒေါ်ခင်ခင်ချို(ခ)ဒေါ်ချန်ချိုတီတစ်ဦးတည်းအမည်သို့ ပြောင်းလဲခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်၏အမှုသည် ပိုင်ဆိုင်သော အထက်ပါမြေနှင့် အဆောက်အအုံအား ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်းများ အပါအဝင် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ကျူးကျော်ခြင်း၊ ပြင်ဆင်တိုးချဲ့ခြင်း၊ မူလအနေအထားမှ ပြောင်းလဲအောင်ပြုလုပ်ခြင်းနှင့် မြေကွက်ကြီးအတွင်းရှိ မြေပိုများအပေါ်တွင် အဆောက်အအုံများ ထပ်မံဆောက်လုပ်ခြင်းများ မပြုလုပ်ကြရန် အသိပေးတားမြစ်လိုက်ပါသည်။

အကယ်၍ တားမြစ်မှုများကို လိုက်နာမှုမရှိဘဲ ဖောက်ဖျက်ပြုလုပ်လာပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တစ်ပါတည်းအသိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ခင်ချို(ခ)ဒေါ်ချန်ချိုတီ	ဦးမြင့်ဦးမောင်	ဦးဖြိုးအောင်မြင့်
ပိုင်ရှင်	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
၁၂/လသန(နိုင်)၀၁၆၂၀၄	၄၇၀၉	၂၅၂၇၃

အမှတ် ၈၃၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကြော်ငြာ

လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးဝင်းကြိုင်(စိန်ကုန်သည်)ညီအစ်ကိုမောင်နှမ မိသားစုမှ ဆောက်လုပ်လှူဒါန်းခဲ့သော ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ မြင်းကကုန်းတိုက်နယ် ဆေးရုံသစ်ကြီးအား (၁၄.၅.၂၀၁၃)ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင်ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် စီးပွားဥစ္စာတိုးပွားပြီး နိုင်ငံတော်အကျိုး၊ ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး တိုး၍ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဦးဘမောင်	**Diamond Flower Jewellery**	ဦးမောင်မောင်ကြီး	**Construction & Jewellery**
ဦးသိန်းဝင်း	**Diamond Star Jewellery**	ဦးဝင်းနိုင်	**Glorious Gems & Jewellery**
ဦးသိန်းစိုး(ခ)ဦးဘောစေ	**Shwe Mann Jewellery Co.,**	ဦးဘဘုလေး	**B.B.L Diamonds Are Forever**
ဦးမြင့်ဦးနိုင်+ဒေါ်ချိုချိုမြင့်	**Diamond Crown Jewellery**	ဦးလတ်+ဒေါ်ကြင်ကြင်	**Galaxy Palace Jewellery**

အထူးကျေးဇူးတင်လွှာ

(၈-၅-၂၀၁၃)ရက်နေ့ Royal Garden Restaurant တွင် ကျင်းပခဲ့သော ဖခင်ကြီး ဦးမင်းစံ၏ အသက် (၈၁)နှစ်မြောက် မွေးနေ့မင်္ဂလာ အခမ်းအနားသို့ မေတ္တာစေတနာ အပြည့်အဝဖြင့် ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လုပ်ဖော်ကိုင်ဖက်စီးပွားရေးလုပ်ငန်းရှင်များ အားလည်းကောင်း အထူးပင်လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာသက္ကရာဇ် ၁၃၇၅ခု၊ နှစ်သစ်တွင် မြန်မာပြည်သူပြည်သားအပေါင်းစိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးကျင်ဦး

ဒဂုံဆိပ်ကမ်းစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ - ဒု-ဥက္ကဋ္ဌ (၁)
မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် - ဒု-ဥက္ကဋ္ဌ (၁)
မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် - ဒု-ဥက္ကဋ္ဌ
မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ် - ဒု-ဥက္ကဋ္ဌ

အခိုင်မာဆုံးနှင့်ယုံကြည်စိတ်အချရဆုံး

edexcel Approved Centre No. 93711

MYANMAR NOBLE COLLEGE

ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း

- HND Engineering
  - Construction & Built Environment (Civil Engineering)
  - Electrical & Electronics
  - Mechanical
- HND Business
- HND Computing (IT)

မြန်မာ့ဘယ်(လ်)ကောလိပ် (Myanmar Noble College) တွင် UK နိုင်ငံ Edexcel ပညာရေးအဖွဲ့အစည်း၏အသိအမှတ်ပြု BTEC (HND)သင်တန်းများအား(၁၈.၆.၂၀၁၃)ရက်နေ့တွင်ဖွင့်လှစ်မည် ဖြစ်၍ ကျောင်းသားသစ်များကိုစတင်လက်ခံလျက်ရှိပါသည်။

ဘာသာရပ်အလိုက် Top-up Course များကို Myanmar Noble College နှင့်တိုက်ရိုက်ဆက်သွယ်ထားသည့် Singapore နိုင်ငံမှ Shelton, MDIS၊ မလေးရှားနိုင်ငံမှ INTI, Nottingham, Sunway, Taylor's University နှင့် UK / Australia နိုင်ငံများရှိ တက္ကသိုလ်များတွင်ဘာသာရပ်အလိုက် ၁-နှစ်(သို့) ၂-နှစ်တက်ရောက်၍ B.Sc(Hons)/B.E ဘွဲ့များ ကိုရရှိနိုင်မည်ဖြစ်ပါသည်။

မေလ(၁၅)ရက်နေ့မှစ၍ဇွန်လ(၁၅)ရက်ထိသင်တန်းတက်ရောက်မည့်သူများအား English & Mathematics ဘာသာရပ် (၂)မျိုးအား Brush up Course အခမဲ့သင်ကြားပေးပါမည်။

Contact Info : အမှတ်(၁၀၈)နှင်းဆီလမ်း(အထက်)အလုံမြို့နယ်ရန်ကုန်။ ၀၁-၂၂၀၄၇၆/၀၉ ၇၃၁၆၃၉၇၅ ။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တာမွေမြို့နယ်တရားရုံးတော်၌

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၆၀

ဒေါ်သင်းသင်းချစ်	နှင့်	၁။ ဦးမြင့်သိန်း(ပန်းမြို့တော်အဆောက်အအုံကန်ထရိုက်တာ) ၂။ ဦးမိုးကျော်(အဆောက်အအုံကန်ထရိုက်တာ) ၃။ ဦးလှမြင့်(အဆောက်အအုံကန်ထရိုက်တာ) ၄။ ဦးစန်းလှိုင်(မြေနှင့်အိမ်ပိုင်ရှင်) ၅။ ဒေါ်စန်းရီ(မြေနှင့်အိမ်ပိုင်ရှင်) ၆။ ဒေါ်သင်းကြူ(မြေနှင့်အိမ်ပိုင်ရှင်) ၇။ ဦးတင်စိုး(မြေနှင့်အိမ်ပိုင်ရှင်)
တရားလို		**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဒွေးကြွယ်(က)ရပ်ကွက်၊ ဇဋ္ဌိလလမ်း၊ အမှတ် ၅ နေ (၁)ဦးမြင့်သိန်း၊ (၂)ဦးမိုးကျော်၊ (၃)ဦးလှမြင့်၊ (၄)ဦးစန်းလှိုင်၊ (၅)ဒေါ်စန်းရီ၊ (၆)ဒေါ်သင်းကြူ၊ (၇)ဦးတင်စိုး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ၇-၉-၂၀၀၈ ရက်စွဲပါ တိုက်ခန်းအပျောက်အရောင်းအဝယ်ကြိုတင်အရစ်ကျငွေပေး ကတိစာချုပ်ပါအတိုင်း တိုက်ခန်းဖိုးကျန်ငွေ ကျပ်ကိုးသိန်းကို တရားပြိုင်များက လက်ခံပေးလျက် စာချုပ်ပါတိုက်ခန်းကို တရားပြိုင်များက တရားလိုသို့ လက်ရောက်ပေးအပ်စေလိုမှု(သို့မဟုတ်)ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၃၀ရက် (၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဥမ္မာဝင်း)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
တာမွေမြို့နယ်တရားရုံး

ဗုဒ္ဓဂယာမြေမြတ်မဟာ၌ သာသနာရောင်ဝါထွန်းလင်းစေဖို့ သာသနိကအဆောက်အအုံ လှူကြစို့

ဗုဒ္ဓဂယာဒေသသည် ဗုဒ္ဓဘာသာဝင်များအတွက် ကမ္ဘာ့အမြင့်မြတ်ဆုံးမြေနေရာတော်မြတ်ဖြစ်သည်။ ဘဒ္ဒကမ္ဘာ၏ရှေးဘုရားလေးဆူတို့သည် ဤနေရာတော်မြတ်၌ပင်ပွင့်ထွန်းတော်မူခဲ့ပြီးနောင်ပွင့်မည့်အရိမေတ္တေယ်ရဘုရားရှင်သည်လည်းဤနေရာတော်မြတ်၌ပင်ပွင့်ထွန်းတော်မူဦးမည်ဖြစ်ပါသည်။အိန္ဒိယနိုင်ငံ၊ကိုးလ်ကတ္တားမြို့၊ဗောဓိသုခပရဟိတ မြန်မာကျောင်းဆရာတော်ဒေါက်တာနန္ဒာဘာသအရှင်မြတ်ဦးဆောင်၍ဤဗုဒ္ဓဂယာမြေမြတ်မဟာ၌ (၃၂၄၀၀) စတုရန်းပေ ရှိသောမြေကိုသာသနာ့ဝတ္ထုကမြေအဖြစ်အောင်မြင်စွာဝယ်ယူပြီးမြောက်ပြီးဖြစ်ပါသည်။မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများရောက်သာသနာ့ ဒါယကာ၊ဒါယိကာမများကဗုဒ္ဓဂယာမဟာဗောဓိစေတီတော်ကြီးနှင့်အနီးကပ်ဆုံးမြေကွက်တစ်ခုအားမိမိတို့သဒ္ဓါတတ်စွမ်းသရွေ့ စုပေါင်းပါဝင်လှူဒါန်းခဲ့ကြပြီးဖြစ်ပါသည်။ဤထူးခြားမွန်မြတ်လှသောသာသနိကဝတ္ထုကံမြေအလှူရေစက်ချပွဲအခမ်းအနားနှင့် မြေသန့်မင်္ဂလာအခမ်းအနားပွဲတော်ကို(၇-၁၂-၂၀၁၂) သောကြာနေ့တွင် အောင်မြင်စွာပြုလုပ်နိုင်ခဲ့ပြီးဖြစ်ပါသည်၊ အဆိုပါအခမ်းအနား၌ ပြည်တွင်းပြည်ပသာသနာပြု ကမ္ဘာကျော် ဓမ္မကထိက၊သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိချုပ် ဗုဒ္ဓဂယာမဟာဗောဓိပရဟိတမြန်မာကျောင်းတိုက်၏ဩဝါဒါစရိယဆရာတော်ဒေါက်တာအရှင်ဉာဏိဿရမထေရ်မြတ်(သီတဂူဆရာတော်ဘုရားကြီး)မှရေစက်ချအနုမောဒနာတရားဟောကြားတော်မူခဲ့ပါသည်၊ (၂၀၁၃) ခုနှစ်ဧပြီလတွင်၊ဝယ်ယူပြီးစီးပြီးဖြစ်သောအဆိုပါ သာသနာ့မြေကြီးပေါ်၌ ပထမဦးဆုံး သောဗောဓိရုက္ခမူလ(၅) ထပ်ကျောင်းဆောင်တော်ကြီးကိုစတင်ဆောက်လုပ်ရန် မြေညီထပ်မှနေ၍ ငါးထပ်ထိစုစုပေါင်း (၃၁၅၀၀) စတုရန်းပေ ရှိမည်ဖြစ်ပါသည်၊စေတနာရှင်များအနေဖြင့် တစ်စတုရန်းတစ်ပေလျှင် မြန်မာငွေ (၂၂၀၀၀) ကျပ်ဖြင့် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်း နိုင်ပါကြောင်းနိဗ္ဗာန် အကျိုးမျှော်၍ တိုက်တွန်း နှိုးဆော်အပ်ပါသည်၊

အလှူခံဌာနများ

၁၊ ဆရာတော် ဒေါက်တာနန္ဒာဘာသ (M.A.,Ph.D)
VisitingProfessor(New Age International University.USA)
မဟာဗောဓိပရဟိတမြန်မာကျောင်း (ဗုဒ္ဓဂယာ၌ ယခုဆောက်လုပ်ဆဲယာယီကျောင်း)ဗုဒ္ဓဂယာ၊ ဂယာမြို့၊ဗီဟာပြည်နယ်၊ အိန္ဒိယနိုင်ငံ၊ ဖုန်း-၀၀၉၁-၉၈၃၀၀၅၃၉၅၇
,Email-ndbatha@gmail.com, web-www.bmission.net; www.bmission.blogspot.com.

၂၊ ဆရာတော်ဒေါက်တာနန္ဒာဘာသကိုယ်စားဆရာတော် ဦးဉာဏဂရုဘိဝံသ ပရိယတ္တိသာသနာဟိတဓရဂုဏာဂိသိင်္ဃမဟာဂန္ထဝါစကပဏ္ဍိတသ.စ.သ.အ-ဓမ္မာစရိယ၊ဓာတ်မီး(ဓမ္မဂါစက)ကျောင်း၊ ဗိုလ်တထောင်ဘု ရားကြီးတိုက်ဗိုလ်တထောင်ဘုရားဝင်း ရန်ကုန်၊ ဖုန်း- ၀၁- ၂၉၁၈၆၅၊၀၉-၅၀၂၄၆၅၃၊

၃၊ ဆရာတော်ဒေါက်တာနန္ဒာဘာသကိုယ်စားဆရာတော် ဦးနန္ဒဝံသ (ဓမ္မဂါစက) ဓါတ်မီးကျောင်း၊ ဖုန်း-၀၉-၄၉၂၈၀၉၀၆၊၀၉-၄၃၁၆၆၄၅၀၊

၄၊ ဒေါ်သီတာ-မဇ္ဈိမဂုဏ်ဗုဒ္ဓဂယာဘုရားဖူးပို့ ဆောင်ရေးအဖွဲ့ (မင်္ဂလာတောင်ညွန့် မြို့နယ်)
ရန်ကုန်-ဖုန်း-၀၁-၂၉၆၄၄၆၊ ၀၁၃၉၄၈၈၉၊ ၀၉၅၀၁၃၅၂၂၊
မန္တလေး-ဖုန်း-၀၉-၄၂၀၁၀၉၉၄၊ ၀၉-၄၂၅၀၂၈၁၀၂၊

၅၊ ဒေါ်တင်တင်ကြည်-ခင်နန္ဒာအပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း
ရန်ကုန် ဖုန်း-၀၁-၆၅၅၅၂၀၊ ၀၉-၅၀၄၂၄၃၉၊
မန္တလေး ဖုန်း-၀၂-၇၅၄၂၇၊ ၀၉-၄၄၄၀၁၂၀၂၆၊

၆၊ ဒေါ်ကြည်ကြည်မြင့်-ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊
ရန်ကုန် ဖုန်း-၀၁-၅၁၈၀၃၉၆၊ ၀၉-၅၁၈၈၃၇၆၊
မန္တလေး ဖုန်း-၀၂-၇၃၆၇၇၊ ၀၉-၄၃၀၇၀၂၉၄၊

၇၊ မေသူမောင်- ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ (ကမာရွတ်)
ဖုန်း-၀၉-၅၁၉၂၄၄၈၊၀၉-၇၃၂၄၁၆၈၇၊၀၉-၅၀၁၂၄၇၀၊

၈၊ သမားတော် ဦးဘိုကြီး(အဂ္ဂမဟာသိရိသုဓမ္မမဏိဇောတဓရ) ဒေါ်သန်းသန်း(သိရိသုဓမ္မသိင်္ဂီ)(ပြည်လုံးချမ်းသာဆေးတိုက်)
(ဗဟန်း) ဖုန်း-၀၉-၅၄၃၇၅၃၅၊ ၀၁-၅၄၉၀၄၃၊

၉၊ ဦးအောင်သန်း(တာမွေ) ဖုန်း-၀၁-၅၅၇၆၄၉၊ ၀၉-၄၃၀၂၄၀၈၃၊
၁၀၊ ဒေါ်ခင်ခင်ဦး (တာမွေ ဖုန်း-၀၉-၅၀၈၂၄၈၉၊
၁၁၊ ကိုရဲထွဋ်စိုး၊ဒေါ်မြမြစိုး (ရန်ကင်း) ဖုန်း-၀၉-၅၀၂၆၅၆၇၊
၁၂၊ ဒေါ်မာမာချို (လှိုင်) ဖုန်း-၀၁-၅၂၁၀၄၈၊
၁၃၊ ဦးတင်ဦး-ဒေါ်ခင်အေးမူ(ပန်းလှိုင်အိမ်ရာ-စမ်းချောင်း)
ဖုန်း-၀၉-၈၆၃၄၁၆၇၊ ၀၉-၅၁၆၆၅၇၈၊
၁၄၊ ဦးသန်းအောင်(အောင်ကားအလှနှင့်ကားအပိုပစ္စည်းဆိုင်)
(ကျွန်တောလမ်း၊စမ်းချောင်း) ဖုန်း-၀၉-၅၀၂၀၂၆၄
(ဝင်းသီတာအောင် ကားအလှဆင်ပစ္စည်းနှင့် မော်တော်ယာဉ်အပိုပစ္စည်းဆိုင်(ဘုရင့်နောင်ဈေးကြီး၊ရန်ကုန်မြို့) ဖုန်း-၀၉-၇၃၁၀၇၄၆၆
၁၅၊ ဦးတိုး (ပဲခူး) ဖုန်း-၀၉-၅၃၀၀၆၉၇၊
၁၆၊ ဦးစိုးမြင့် (မန္တလေး) ဖုန်း-၀၂-၆၆၉၁၂၊
၁၇၊ ဦးအောင်ကြည်လှိုင် (မန္တလေး) ဖုန်း-၀၉-၂၀၆၀၉၃၅၊
၁၈၊ ကိုနေဇော်လင်း (မန္တလေး) ဖုန်း-၀၉-၆၅၀၄၄၄၅၊
၁၉၊ ဒေါ်ကြည်မြ (မန္တလေး) ဖုန်း-၀၂-၆၁၆၈၆၊
၂၀၊ ကိုနေဝင်းမောင် (မန္တလေး) ဖုန်း-၀၉-၆၄၆၃၀၀၄၊
၂၁၊ ဒေါက်တာဝင်းအောင်(ဒု-ညွှန်ကြားရေးမှူး)(ငြိမ်း)(မန္တလေး)
(နန်းတော် သက်န်းတိုက်) ဖုန်း-၀၉-၂၀၀၁၁၅၀၊ ၀၂-၇၈၇၇၃၊
၂၂၊ ဒေါ်ခင်သန်းညွန့်(မိုးမခစတိုး) (မိတ္ထီလာ) ဖုန်း-၀၆၄-၃၅၀၈၃၊
၂၃၊ ဒေါ်နွဲ့နွဲ့ဝင်း (မုံရွာ) ဖုန်း-၀၉-၅၁၉၈၀၇၅၊
၂၄၊ ဒေါ်သန်းစိန် (ဦးငြိမ်းနှင့်သားများစက်နှင့်စက်ပစ္စည်းရောင်းဝယ်ရေး) (မုံရွာ) ဖုန်း-၀၇၁-၂၁၄၃၁၊
၂၅၊ ကိုရှ့မောင် (မြင်းခြံ) ဖုန်း-၀၉-၂၂၁၆၂၂၀၊
၂၆၊ ဒေါ်လှလေး (အောင်လံ) ဖုန်း-၀၉-၅၃၃၀၇၆၉၊
၂၇၊ ဒေါ်မြင့်မြင့်ဆွေ (ပြည်) ဖုန်း-၀၅၃-၂၄၂၀၈၊
၂၈၊ ဦးကျော်မြင့်-ဒေါ်ရီရီမြင့် (ပခုက္ကူ) ဖုန်း-၀၆၂-၂၁၂၄၃၊
၂၉၊ ဦးကျော်မိုး-ဒေါ်သန်းသန်းဆွေ(ပခုက္ကူ) ဖုန်း-၀၉-၂၃၀၁၃၃၀၊
၃၀၊ ဦးစံကုလား-ဒေါ်မိုးမိုး(ကျောက်ပန်းတောင်း) ဖုန်း-၀၆၁-၅၀၇၃၀၊
၃၁၊ ကိုညီညီလွင်(ဝိတောက်ဝါ လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး)
(ပြင်ဦးလွင်) ဖုန်း-၀၉-၂၀၄၅၅၁၁၊
၃၂၊ ဒေါ်စိုးစိုးခိုင်(စာပန်းအိမ်)(ပြင်ဦးလွင်) ဖုန်း-၀၉-၄၇၁၂၉၅၉၇၊
၃၃၊ ဦးဇော်ထွန်း-ဒေါ်မိုးမိုးနှင်း(နေပြည်တော်) ဖုန်း-၀၉-၄၃၀၃၇၂၉၃၊
၃၄၊ ဒေါ်အေးမာလာလွင် (နေပြည်တော်) ဖုန်း-၀၉-၄၉၂၉၉၆၅၅၊
၃၅၊ ဦးမောင်အိုက် (မူဆယ်) ဖုန်း-၀၉-၅၂၃၀၇၇၃၊
၃၆၊ မနန်းထွေးခမ်း (မူဆယ်) ဖုန်း-၀၉-၄၀၃၇၁၂၆၇၅၊၀၈၂-၅၂၀၁၁
၃၇၊ ဦးဝင်းလွင်(ရွှေသံလွင် ဧည့်ရိပ်မွန်)(ပုသိမ်) ဖုန်း-၀၄၂-၂၂၉၅၄၊
၃၈၊ ဒေါ်မြထွေး (ပုသိမ်) ဖုန်း-၀၉-၄၉၇၁၆၆၀၈၊
၃၉၊ မခင်သိန်းဌေး(ခ)မငယ်(စိန်ဆေးဆိုင်)(မော်လမြိုင်)
ဖုန်း-၀၉-၈၇၀၁၆၈၂၊ ၀၅၇-၂၄၃၆၈၊ ၀၅၇-၂၆၁၆၆၊လိုင်းခွဲ ၁၁၅၁၊
၄၀၊ ဦးဂျာနီ+ဒေါ်ဥမ္မာမောင်(ဂျာနီဆေးဆိုင်)M.O.M(ကချင်ပြည်နယ်၊မိုးကောင်းမြို့နယ်) ဖုန်း-၀၉-၄၇၀၂၄၆၂၅၊၀၇၄-၄၀၅၂၂
၄၁၊ ဦးစင်္ဂသွင် အမှတ်(၇)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး(ဘားအံ)
ဖုန်း-၀၉-၄၂၅၀၅၀၉၉၅
၄၂၊ ဒေါ်စန်းစန်းမြင့်(သန့်စင်စတိုး)(အင်းစိန်) ဖုန်း-၀၁-၆၄၂၅၅၂၊

မြေအလှူရေစက်ချအနုမောဒနာတရားပွဲတွင်သီတဂူဆရာတော်ဘုရားကြီးဟောကြားတော်မူခဲ့သောသာသနာတော်တွင်ကျောင်းများဖြစ်ပေါ်လာရခြင်းအကြောင်းများ တရားတော်အခွေကို မဇ္ဈိမဂုဏ် ဗုဒ္ဓဂယာဘုရားဖူးပို့ ဆောင်ရေးအဖွဲ့ မှဓမ္မဒါနလှူဒါန်းမည်ဖြစ်ပါသောကြောင့်အလှူခံဌာနများတွင်ရယူပူဇော်နိုင်ပါသည်၊

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး နယ်တရားမရုံးတော်၌ ၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀၉ နှင့်ဆက်သွယ်သည့် ၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၉

ဦးဘတင်လှ နှင့် ၁။ ဦးကျော်စွာဦး ၂။ ဒေါ်ဥမ္မာသန်း

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

မ/၆၄၊ ဈေးကြီးလမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်(ယခင်လိပ်စာ၊ ယခုလိပ်စာမသိ) ဒေါ်ဥမ္မာသန်း သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၂၀၉တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် ဇွန် ၁၁ရက် (၁၃၇၅ခုနှစ် နယုန်လဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် မေ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်စိမ်းဝင်း၊ ဒုတိယခရိုင်တရားသူကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း
(L.L.B.)နှင့် ဆက်သွယ်ပါ။ (ဝိတ်ရက်မရှိ)
01-394727, 01-399426
09-73009994 တိုက် (၄၆)၊ အခန်း (၉၀)
မြေညီထပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

သန့်စင်ပြီး/အရောက်ပို့
01-512443 ပွဲတော်အုပ် 09-73017656
ရွှေဘိုပေါ်သန်းမွှေးကောင်းကောင်းလေးစားချင်ရင် ဖုန်းဆက်နော်...
လက်လီ/လက်ကား

ကမ္ဘာ့အဖိုးတန်သစ်မွှေး
စိုက်နည်း၊ ပျိုးနည်း
စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်၊
ပျိုးပင်များ လိုသလောက်ဖြန့်ချိပေးနေပါသည်၊
ဝင်းသစ်မွှေး 09-5117226

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၃၇၇၊ မြေကွက်တည်နေရာအမှတ် ၃၇၇၊ ရာဇာဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးတင်နွယ် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်နွယ် ကွယ်လွန်သဖြင့် ဒေါ်လှကြည် ၁၂/ဥကတ(နိုင်)၁၈၉၆၁၆က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၄၉၅၈ (၂၂-၃-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဦးစန်းနိုင် ၁၂/ဥကတ(နိုင်)၁၂၂၄၇၃က မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၅ လမ်း၊ တိုက်အမှတ် ၁၁၊ ခုနစ်လွှာ (ခြေရင်းခန်း)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်ပြီး တရားဝင်လက်ဝယ်ရှိသူ ဦးထွန်းအောင်ကျော် ၁၂/ပဘတ(နိုင်)၀၁၄၃၁၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ အရောင်းအဝယ်ပြုလုပ်ခြင်းအတွက် ကန့်ကွက်လိုပါက မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်သူမရှိက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြမြအေး(စဉ်-၂၃၃၅) B.A, R.L
ဒေါ်ဇင်မာထွေး (စဉ်-၈၉၅၇) LL.B, D.B.L

တရားလွှတ်တော်ရှေ့နေများ
အမှတ် ၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၁၆၆၀၂၇၊ ၀၉-၇၃၁၀၆၁၅၈

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ရှိ တက္ကသိုလ်၊ကောလိပ်များတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	လုပ်ငန်းအမည်
၅၂	ဘားအံတက္ကသိုလ်၊ မိုးလုံလေလုံအားကစားရုံ ပေ(၁၂၀×၉၀×၂၉)တစ်လုံး (ရေ၊ မီးအပါအဝင်)
၅၃	ဘားအံတက္ကသိုလ်၊ ၂၀ ဦးဆံ့ နှစ်ထပ်အိပ်ဆောင်အမှတ်(၃) ပေ(၁၁၄×၃၀) RCC တစ်လုံးတည်ဆောက်ခြင်း
၅၄	ဘားအံတက္ကသိုလ်၊ ပါမောက္ခချုပ်နေအိမ် ပေ (၄၀×၃၀)တစ်လုံးတည်ဆောက်ခြင်း
၅၅	ဘားအံတက္ကသိုလ်၊ အရာရှိကြီးများနေအိမ် ပေ (၄၀×၃၀)တစ်ထပ်အုတ်တိုက်အခန်းလေးခန်းနှင့် အိမ်သာ၊ ရေချိုးခန်း၊ မီးဖိုခန်း(၁၀)ပေ ပတ်လည် ရေ၊ မီးအပါအဝင်တစ်လုံးတည်ဆောက်ခြင်း
၅၆	ဘားအံတက္ကသိုလ်၊ ခြောက်ခန်းတွဲနှစ်ထပ် RCC ဝန်ထမ်းအိမ်ရာ ပေ (၈၀×၂၉)တစ်လုံး (ရေ၊ မီးအပါအဝင်)
၅၇	ဘားအံတက္ကသိုလ်၊ ပါမောက္ခနေအိမ်နှစ်ခန်းတွဲလေးလုံးတည်ဆောက်ခြင်း ပေ (၄၀× ၃၀) RC
၅၈	ဘားအံတက္ကသိုလ်၊ သရုပ်ပြဆရာ ဆရာမများနေအိမ်သုံးခန်းတွဲ ပေ (၃၀×၂၀) RCC တည်ဆောက်ခြင်း တစ်လုံး
၅၉	ဘားအံတက္ကသိုလ်၊ Chain Link ကာရံခြင်း ပေ ၂၄၅၀
၆၀	ဟသ်ာတတက္ကသိုလ်၊ မိုးလုံလေလုံ အားကစားရုံ ပေ (၂၁၀×၁၂၀)တည်ဆောက်ခြင်း (ရေ၊ မီးအပါအဝင်)
၆၁	တောင်ကုတ်ကောလိပ်၊ နှစ်ထပ်စာသင်ဆောင်၊ စကြံ့ကူးတည်ဆောက်ခြင်း၊ ပေ (၃၀×၈)နှစ်ခု ကွန်ကရစ်အခင်း၊ ကွန်ကရစ်တိုင်၊ သံပဟင်ဂလန်အမိုးဒိုင်း၊ အလူဇင့်အမိုး ပေ (၄၄×၁၆) RC နှစ်ထပ်အပါအဝင်
၆၂	တောင်ကုတ်ကောလိပ်၊ ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်လုံးတည်ဆောက်ခြင်းလုပ်ငန်း ပေ (၉၀×၃၀)အုတ်တိုက်၊ ကွန်ကရစ်ခင်း၊ သံပဟင်ဂလန်အမိုးဒိုင်း၊ အလူဇင့်အမိုး (ရေ၊ မီးအပါအဝင်)
၆၃	တောင်ကုတ်ကောလိပ်၊ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်လုံးတည်ဆောက်ခြင်းလုပ်ငန်း ပေ (၆၀×၃၀)အုတ်တိုက်၊ ကွန်ကရစ်အခင်း၊ သံပဟင်ဂလန်အမိုးဒိုင်း၊ အလူဇင့်အမိုး (ရေ၊ မီးအပါအဝင်)
